
www.burmeseclassic.com

# လွတ်မြောက်သောသူ

ဝဏ္ဏာသီရိ (မှန်တော)



www.burmeseclassic.com

www.burmeseclassic.com

# "လွတ်မြောက်သောသူ"

ဝဏ္ဏသီရိ (မှန်တော)

ဖြန့်ချိရေး
ဝဏ္ဏသီရိ (မှန်တော)
ဓမ္မဝေဒဂူကျောင်းတိုက်
အနော်ရထာလမ်း၊ အမှတ် (၁)ရပ်ကွက်
ဒဂုံမြို့သစ်အရှေ့ပိုင်း။
ဖုန်း- ၀၉ ၄၉၂၁၁၇၄၆

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မိတ်ဆက်စကား | က |
| ၂။ | ရေးသူဆန္ဒအာသီသ | ၁ |
| ၃။ | အသက်ကြီးမှ ရဟန်းပြုရမှာလား | ၁၁ |
| ၄။ | တစ်ယောက်တည်းပေမယ့် အထီးကျန်သူ မဟုတ်ပါဘူး | ၄၃ |
| ၅။ | သာသနာ့ဘောင်ထဲကို ပါမလာသင့်သော အတွေးလေးမျိုး | ၆၄ |
| ၆။ | လူတို့ကျင့်ဖွယ်တရား လေးသွယ် | ၈၀ |
| ၇။ | အညစ်ကင်းစင်သူ့အသွင် | ၁၁၃ |
| ၈။ | လွတ်မြောက်သောသူ | ၁၂၈ |
| ၉။ | စာရေးသူအမှာလွှာ | ၁၆၃ |




## မိတ်ဆက်စကား

မြန်မာမှုနယ်ပယ်တွင် လူအမျိုးမျိုး စိတ်အထွေထွေဟူသော စကားကို လူတိုင်း ကြားဖူးကြမည်ဖြစ်သကဲ့သို့ အမြဲတစေ တွေ့ဆုံဖူးကြမည်လည်း ဖြစ်ပေသည်။

ထိုနည်းတူစွာ စာရေးဆရာနယ်ပယ်တွင်လည်း အချို့မှာ စဉ်းစားတွေးခေါ် ဉာဏ်ကောင်းကောင်းဖြင့် စာရေးကောင်းကြသော်လည်း လူထုပရိသတ်ရှေ့ စင်ပေါ်တက်၍ အဟောအပြော မကောင်းသူများရှိနေကြပါသည်။ အချို့မှာ စာပေရေးသားရာတွင် သူလိုငါလို သာမန်အဆင့်မျှသာ ရှိသော်လည်း အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် အဟောအပြောကောင်းသူများ ရှိပါသည်။

အချို့မှာ စာပေအရေးအသားရော၊ အဟောအပြောရော သူလိုကိုယ်လို သာမန်မျှသာဖြစ်ပြီး အဆိုပါ အရေးအသား မကောင်းသူများအနက် စင်ပေါ်သို့ပင် မတက်ရဲသူများ ကြုံဖူးပါသည်။ အချို့မှာကား အရေးအသား စိတ်ကူးစိတ်သန်းလည်းကောင်း၊ အဟောအပြောလည်းကောင်းသူများကို တွေ့ဖူးပါသည်။ အဆိုပါ ပုဂ္ဂိုလ်မျိုးကို စွယ်စုံရသူများဟု သတ်မှတ်ရမည် ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာ ဝဏ္ဏသီရိ (မှန်တော)သည် သာမန်လူ ပုဂ္ဂိုလ်တစ်ဦး မဟုတ်ဘဲ သာသနာပြုရဟန်းတစ်ပါး ပဓာန နာယက ကျောင်းထိုင်ဆရာတော်တစ်ပါး ဖြစ်ပါသည်။ ဘာသာ ရေးမဂ္ဂဇင်းများတွင်လည်း ဝဏ္ဏသီရိ (မှန်တော)အပြင် သန်းမင်း သူ (မှန်တော)ဟူသော ကလောင်အမည်ဖြင့် ဘာသာရေးစာပေ များ ရေးသားနေသူဖြစ်သည်ကို စာပေလောကနှင့် ရင်းနှီးကျွမ်း ဝင်သူတိုင်း သိရှိကြမည် ဖြစ်သည်။ သို့သော် အများမသိရှိ သေးသည့်အချက်ကို မိတ်ဆက်တင်ပြပေးပါမည်။

ဆရာတော် ဦးဝဏ္ဏသီရိသည် သက်တော်ငယ်ငယ် အရွယ် နုနုဖြင့် ရန်ကုန်၊ ကမ္ဘာအေးသံဃတက္ကသိုလ်မှ ပညာများသင်ယူ ခဲ့ပြီး ဒဂုံမြို့သစ်အရှေ့ပိုင်း (၁)ရပ်ကွက်၊ အနော်ရထာလမ်းရှိ ဓမ္မဝေဒဂူကျောင်းတိုက်ကို ကိုယ်တိုင်တည်ထောင်၍ နယ်လှည့် တရားဟောခြင်း၊ တရားရိပ်သာများ ဖွင့်လှစ်၍ (၇)ရက်၊ (၁၀)ရက် စသည်ဖြင့် ခန္ဓာဉာဏ်ရောက် ပဋ္ဌိစ္စသမုပ္ပါဒ်တရားများ ဟောပြောပို့ချခြင်းဖြင့် သာသနာပြုလျက်ရှိသော ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်တစ်ပါး ဖြစ်ပါသည်။

အဆိုပါ သာသနာပြုလုပ်ငန်းများကြားထဲမှပင် ဘာသာ ရေးစာပေများအား ပါဠိများနည်းနိုင် သမျှနည်း၍ လူပြိန်းနား လည်လွယ်အောင် ရေးသားလျက်ရှိပါသည်။

ဤသို့ဤနေ ဤအခြေထိ ထူးထူးခြားခြား စွမ်းဆောင် နိုင်သောကြောင့် ဤအရှင်အား စွယ်စုံရပုဂ္ဂိုလ်ဟု တင်စားခြင်း မှာ ပိုသည်ဟု ဆိုနိုင်မည် မဟုတ်ပါ။

ဤအရှင်သည် ၂၀၁၀ ပြည့်နှစ်တွင် ဓမ္မဝေဒဂူစာစဉ် (၁)အဖြစ် **မာန်နဲ့မာန** အမည်ရှိ လုံးချင်းတစ်အုပ် ရေးသားခဲ့ပြီး ၂၀၁၁ ခုနှစ်၊ ဇူလိုင်လတွင် **ကိုယ်ပိုင်ဘဝကို ရွေးရမယ်** အမည်ရှိ စာအုပ်ကို ဓမ္မဝေဒဂူစာစဉ်(၃)အဖြစ် ထုတ်ဝေခဲ့ပါသည်။ ယခု စာအုပ်မှာ ဓမ္မဝေဒဂူစာစဉ်(၂) ဖြစ်ပါသည်။

စာစဉ်(၃)ကို အရင်ထုတ်ပြီးမှ ယခု စာစဉ်(၂)ကို ထုတ်ဝေရခြင်း၏ အကြောင်းမှာ ဆရာတော် ရေးသားမှု စာအုပ် များကို အမှတ်စဉ်တပ်ခဲ့သော်လည်း ပုံနှိပ်ထုတ်ဝေရာတွင်မူ စာစဉ် (၃)ကို အရင်ထုတ်ခဲ့သဖြင့် ယခု တတိယမြောက် ထုတ်ဝေ သည့်စာအုပ်ကို စာစဉ်(၂)ဟု တပ်ထားခြင်းဖြစ်ကြောင်း သိရှိ ရပါသည်။

မည်သို့ပင် ဖြစ်စေ ဤ**လွတ်မြောက်သောသူ** အမည်ရှိ စာအုပ်ကိုလည်း သာမန် စာဖတ်ပရိသတ်များ နားလည်လွယ် အောင် ပါဠိပါတ်သားများကို တတ်နိုင်သမျှ ရှောင်ရှား၍ ဖွဲ့

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ပုံစံ အရေးသွက်သွက်ဖြင့် ရေးသားထားသည့် ရဋ္ဌပါလမထေရ်မြတ်၏ အာရုံငါးပါး ကာမဂုဏ်တရားမှ လွတ်မြောက်မှု အကြောင်း တန်ဆာဆင်ထားမှုအား ပရိသတ်များ နှစ်ခြိုက်သဘောကျမည်ဟု တထစ်ချ ယုံကြည်မိပါကြောင်း။

မြေလတ် ထင်ကျော်မိုး



# 'ရေးသူ့ဆန္ဒအာသီသ'

"မနုဿတ္တဘာဝေါဒုလ္လဘော"တဲ့ ဆိုလိုတာက လူ့ဘဝဟာ အင်မတန်ရခဲတယ်။ ရခဲလှတဲ့ လူ့ဘဝကိုရရှိလာခဲ့ကြရတာဟာလည်း "ဒုလ္လဘ"တစ်ပါးပါပဲ။ လူ့ဘဝဆိုတာနဲ့ ပတ်သက်ပြီး ဘဝတန်ဖိုးမြင့်မားလာအောင် လုပ်ဆောင်ကြဖို့နဲ့ ရခဲလှတဲ့ လူ့ဘဝ ခဏတာလေးရလာတဲ့အခိုက်မှာ မေ့မေ့လျော့လျော့ မနေကြရေးအတွက် မြတ်စွာဘုရားရှင်က "အပ္ပမာဒေနသမ္ပာဒေထ" မပေါ့ဆကြနဲ့, မေ့မေ့လျော့လျော့မနေကြဘဲ သတိတရားနဲ့ ပြည့်စုံအောင်နေထိုင်ကြလို့ အကြိမ်ကြိမ် သတိပေးစကားမိန့်တော်မူခဲ့ပေတယ်။

ဓမ္မဒေသဂုဏာစဉ် ၂

www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး ဒီလိုလူဖြစ်ခွင့်ရခဲ့လှပုံတွေကို မြစ်, ချောင်း,အင်း, အိုင်, ပင်လယ်, သမုဒ္ဒရာတွေထဲမှာရှိနေတဲ့ ငါး, လိပ်, မကန်း စသော ရေနေသတ္တဝါတွေရဲ့ အရေအတွက်နဲ့ ကမ္ဘာမြေကြီးပေါ်မှာ နေထိုင်လျှက်ရှိကြတဲ့ လူသားတွေရဲ့ အရေအတွက်တို့ကို နှိုင်းယှဉ်ကြည့်ပြီး သိနိုင်ပါတယ်။

ယနေ့ခေတ်ကမ္ဘာကြီးက တိုးတက်ဖြစ်ထွန်းကြတဲ့အလျောက် လူသားတွေရဲ့ အရေအတွက် မည်ရွေ့မည်မျှရှိကြောင်း ကိန်းဂဏန်းနဲ့ အလွယ်တကူ တွက်ချက် သိရှိနိုင်ပါပေတယ်။ သို့ြား။ လူသားတွေကလွဲပြီး အခြားအခြားသော သတ္တဝါတွေရဲ့ အရေအတွက်ကိုတော့ မည်ရွေ့မည်မျှရှိကြောင်း မရေတွက်နိုင်ကြပါဘူး။

မြစ်, ချောင်း, အင်း, အိုင်, ပင်လယ်, သမုဒ္ဒရာတွေထဲမှာရှိနေတဲ့ ငါး, လိပ်, မကန်း စတဲ့ သတ္တဝါတွေကိုတောင်မှ အတိအကျရေတွက်ပြဖို့ရာ မဖြစ်နိုင်ပါဘူး။ ဒီထက်ပိုပြီးထင်ရှားတဲ့ သာဓကတစ်ခုကို ထုတ်ပြမယ်ဆိုရင် လက်ရှိလူသားတွေနေထိုင်လျှက်ရှိနေကြတဲ့ အိမ်တစ်အိမ်ကိုပဲ သက်သေအဖြစ်ညွှန်ပြပြီး နှိုင်းယှဉ်ရပါလိမ့်မယ်။

အိမ်တစ်အိမ်မှာနေနေကြတဲ့ လူဦးရေနဲ့ အဲဒီအိမ်ခြံမြေထဲမှာ ပင် မွေးထားသော ကြောင်, ခွေး, နွား စသည့် သတ္တဝါတွေ,





နောက်ပြီး အိမ်ရဲ့ချောင်ကြိုချောင်ကြား, နံရံကြိုနံရံကြားမှာနေထိုင်တတ်တဲ့ တောက်တဲ့, အိမ်မြှောင်, ကြွက် စတဲ့ သတ္တဝါတွေ, ထိုမှတစ်ပါး ပိုးရွ, ခြပုန်း, ပုရွက်ဆိတ် စသည် သတ္တဝါတွေနဲ့ ရေတွက်နှိုင်းယှဉ်ကြည့်ရင် လူသားအရေအတွက်ကပဲ နည်းပါးနေတာ တွေ့ရပါမယ်။ အဲဒါဟာ ဓမ္မဒိဋ္ဌမြင်ကွင်းပဲ မဟုတ်လား။

ဒါကြောင့် လောကမှာ လူသားအဖြစ် မွေးဖွားနေထိုင်ခွင့်ရကြတာဟာ အင်မတန်မှကံထူးလှပေတယ်လို့ ဆိုရမှာပဲ။ ဒါကို တချို့ကပ်သီးကပ်ဖဲ့ ပြောတတ်နိုင်လွန်းသူတွေက ဆိုကြပြန်သေးတယ်။

"ဘဝဆိုတာ တိုတိုလေးပါကွာ၊ လှစည်းကမ်းကျင့်ဝတ်တွေနဲ့, ဘောင်ခတ်ထားတဲ့ ပုံစံခွက်တစ်ခုအဖြစ် စိတ်ရှုပ်မွန်းကျပ်ခံပြီး နေမနေကြစမ်းပါနဲ့ ကိုယ့်လူ ဖြစ်ချင်ရာဖြစ် စိတ်မညစ်ကြေးပေါ့၊ စိတ်ထဲရှိရာသာ ရဲရဲလုပ်ပစ်လိုက် တို့ကတော့ ပျော်ပျော်နေ သေခဲ, မော်တော်တွေနေ ရေထဲပဲ ဟေ့, ဟား ဟား ဟား"တဲ့။

ဒီလိုစကားမျိုး ပြောဆိုနေကြသူတွေဟာ လူ့ဘဝတန်ဖိုးဆိုတာဘာလဲဆိုပြီး ရေးကြီးခွင်ကျယ်လုပ်လို့ ဘဝကို အပေါ့အနက်

www.burmeseclassic.com



ထားတတ်ကြသူတွေ မဟုတ်တာတော့ သေချာပါတယ်။ လူ့ဘဝ ရောက်တုန်း၊ လူလိုသိဖို့၊ လူလိုနေထိုင်တတ်ကြဖို့ အရေးကြီးပါတယ်။ လူ့ဘဝတန်ဖိုးကို သိမြင်တတ်ကြပြီး၊ လူ့ဘဝကို တန်ဖိုးရှိရှိ အဆုံးသတ်နေထိုင်လိုသူတစ်ဦးအနေနဲ့ကတော့ ဒီလို ပေါ့ရှတ်ရှတ် အနှစ်မဲ့တဲ့ စကားမျိုးတွေကို ပြောမှာမဟုတ်ပါဘူး။ တစ်နည်းအားဖြင့် အဲဒါဟာ လူပေါ့သွမ်းတွေရဲ့ အယူအဆပါ။

မိမိနှင့်နီးစပ်ရာ အခြားပုဂ္ဂိုလ်တစ်ဦးဦးက ဒီလိုစကားမျိုးတွေ ပြောဆိုလာခဲ့ရင်တောင် ဖျောင်းဖျတားမြစ်ဖို့ ကြိုးစားကြမှာပါပဲ။ တကယ်တော့ ဒီစကားလေးဟာ အဆိုးအကောင်း နှစ်မျိုးစလုံး ပါဝင်ဆက်နွယ်လျက်ရှိပါတယ်။ ဒီစကားလေးကို အကောင်းဘက်က တွေးပြီး ပြန်ယူကြည့်မိပြန်တော့လည်း အင်မတန်လေးနက်ပြီး အနှစ်သာရပြည့်ဝတဲ့ အနက်သဘောအဓိပ္ပာယ်တွေ ပါဝင်နေတာ တွေ့ရှိရပါတယ်။

"လူ့ဘဝဆိုတာ တိုတိုလေးပါကွာ"တဲ့။ ဟုတ်တယ်။ သူပြောလိုက်သလိုပါပဲ။ ပညာရှိသူတော်ကောင်းများကလည်း ဒီလိုပဲ ပြောဆိုခံယူထားကြပါတယ်။ သို့ပြား။ သူလုပ်သလိုမျိုး ဖြစ်ချင်ရာဖြစ်၊ နေချင်သလိုနေမယ်ဆိုတဲ့ သဘောမျိုးနဲ့ ဘဝကို





ရေစုံမျောပြီး ရေသာခိုလိုတဲ့ မနှောသဘောအမြင်မျိုးနဲ့တော့ မဟုတ်ပါဘူး။

တိုတောင်းလှတဲ့ လူ့ဘဝကို အလေးအနက်တန်ဖိုးထားပြီး အကျိုးရှိရှိ နေထိုင်သွားလိုကြတဲ့အတွက် ဒီစကားကို ပြောကြတာပါ။ ပြောတဲ့အတိုင်းပဲ မိမိမှာ၊ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရိ၊ ဩတ္တပ္ပ"လို့ ဆိုတဲ့ သူတော်ကောင်းတရားတွေနဲ့ ပြည့်လျှံစေပြီး လူ့ဘဝခဏတာ ရတုန်းရခိုက်လေးကို နေထိုင်အသုံးချသွားကြပါတယ်။

ဒီလို နေထိုင်သွားကြတော့ သူတို့တစ်တွေမှာ စိတ်ရှုပ်မွန်းကျပ်တယ်ဆိုတာတွေ မရှိတော့ပါဘူး။ စိတ်ညစ်တယ်ဆိုတာတွေ တွေဝေတယ်ဆိုတာတွေလည်း မရှိကြတော့ပါဘူး။ သူတော်ကောင်းဆိုသူတွေလည်း တိုတောင်းလှတဲ့ လူ့ဘဝ ခဏတာကို ပျော်ပျော်နေထိုင်သွားကြတာချည်းပါပဲ။ သို့ပြား။ ပျော်ပျော်နေသေခဲ၊ မော်တော်တွေ ရေထဲ ဆိုတဲ့ သဘောမျိုးနဲ့ မိမိမှာ ရှိနေတဲ့ ရာထူး၊ အာဏာ၊ စည်းစိမ်ဥစ္စာတွေကို လောကီကာမဂုဏ်အတွက် အသုံးချပြီး ပျော်သွားကြတာ မဟုတ်ပါဘူး။ တရားဓမ္မအသိဉာဏ်နဲ့ ပျော်ပျော်နေထိုင်သွားကြတာပါ။ လူ့အနှ



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့တော့ 'ပြဒါးတစ်လမ်း၊သံတစ်လမ်း' လို့ ဆိုရမှာပါပဲ။

လူ့ဘဝကို စည်းကမ်းရှိရှိ တရားဓမ္မအသိနဲ့ ပျော်မွေ့နေထိုင်သွားကြတဲ့သူတွေပဲ ဖြစ်ပါတယ်။ နောက်ပြီး တရားဓမ္မအသိနဲ့ နည်းကြသူတွေ အချို့ ပြောဆိုတတ်ကြလေ့ရှိတဲ့ စကားတစ်ခု ရှိပါသေးတယ်။ အဲဒီစကားကတော့.....

"ရခဲလှတဲ့ လူ့ဘဝဆိုတာကို ရရှိလာကြပြီဆိုတော့ ငါတို့ဟာ အင်မတန် မြင့်မြတ်ကံထူးသူတွေပဲ။ ကံထူးပေလို့ ရရှိလာခဲ့တဲ့ လောကအသုံးအဆောင်, ပစ္စည်းဥစ္စာတွေကလည်း တို့အတွက် ဆုလာဘ်တွေပဲပေါ့။ ဒီဆုလာဘ်တွေဟာ သုံးဖို့ဖြုန်းဖို့ပဲ မဟုတ်လား။ ဒီတော့ လူ့ဘဝရတုန်း ပျော်ပျော်ကြီးသာ နေကြစို့ အပေါင်းအသင်းတို့ရေ"တဲ့။

ဒီလို စိတ်ထားမျိုးရှိကြသူတွေကို မြင်တွေ့ရပြန်လေတော့ စာရေးသူ ငယ်စဉ်တုန်းက လူကြီးသူမတွေ အဖန်ဖန်ပြောပြခဲ့တဲ့ ပိဋကတ်တော်လာ ကုဋေရှစ်ဆယ်သူဌေးသားအကြောင်းကို ပြန်လည်ကြားယောင်လာမိပါတယ်။ သူလည်းပဲ လူ့ဘဝရတုန်း ပျော်ပျော်နေလိုက်မယ်ဆိုတဲ့ စိတ်နဲ့ တစ်ခွက်တစ်ဖလား သောက်မိရာ





ကနေ နောက်ဆုံးတော့ မသောက်ရမနေနိုင်တော့တဲ့ ယစ်ထုပ်ကြီး ဘဝ ရောက်သွားရကာ အဆိုးဝါးဆုံးအခြေအနေတစ်ရပ်နဲ့ ဘဝ ဇာတ်သိမ်းသွားခဲ့ရပါတယ်။ လူကြီးသူမတွေရဲ့ စိတ်ဝင်တစား ရှိလာအောင် ပြောတတ်နိုင်လွန်းသောပါရမီကြောင့် စာရေးသူ အခုအချိန်အထိ အမှတ်ရနေဆဲပါပဲ။

မကောင်းမှုဆိုရင် အနည်းငယ်ပင်ဖြစ်လင့်ကစား သိတာနဲ့ တစ်ပြိုင်နက် ချိုးနှိမ်ပစ်သင့်ပါတယ်။ ကမ္ဘာ့ဂန္ထဝင်လူဆိုး, လူမိုက်ကြီးတွေဘဝကို ရောက်ရှိသွားခဲ့ကြသူတွေဟာလည်း သို့ကလို အနည်းငယ်သော မကောင်းမှုကပင် အစပြုခဲ့ကြတာ မဟုတ်ပါလား။ မီးဆိုတာ အနည်းငယ်ပင် ဖြစ်လင့်ကစား, တစ်စတစ်စ ကြီးထွားလာကြပြီဆိုရင် တစ်တောလုံးကိုပင် တစ်ခဏချင်း ပြာပုံအောင်ဝါးမြိုတတ်တဲ့အပြင် လူကို အန္တရာယ် ပေးတတ်တာမို့ မလေးမစား မပြုသင့်သလိုပါဘဲ။

မကောင်းတဲ့ စိတ်ပုတ်, စိတ်ယုတ်တွေဟာလည်း တစ်စ တစ်စ ကြီးထွားလာကြပြီဆိုရင် လူကို ဝါးမျိုသွားကာ အဆိုးဝါးဆုံး အခြေအနေတစ်ရပ်ရောက်သွားအောင်အထိ, တွန်းအားပေး အန္တရာယ်ပြုနိုင်တာဆိုတော့ အထူးသတိချပ်သင့်လှပေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့် အသက်ရှင်သမျှ ကာလပတ်လုံး မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ မနေကြဖို့ မြတ်စွာဘုရားရှင်က "အပ္ပမာဒေန သမ္ပာဒေထ" လို့ ဆို ပြီး အကြိမ်ကြိမ် မိန့်ကြား သတိပေးတော်မူခဲ့ခြင်း ဖြစ်ပါတယ်။

အမှန်က လူ့ဘဝရတယ်ဆိုတာလေးနဲ့ မြင့်မြတ်တဲ့သူရယ်လို့တော့ မဆိုလိုနိုင်ပါဘူး။ မိမိစိတ်က အကောင်းဘက်ကို ဦးတည်ပြီး မှန်ကန်တဲ့ အသိဉာဏ်တွေနဲ့ မြင့်အောင်နေမှ မြတ်တာပါ။ သို့ကလို ရခဲဖြစ်ခဲလှတဲ့ လူ့ဘဝမှာ အသိ, သတိ တရားတွေ တစ်စတစ်စ တိုးပွားလင်းလက်လာအောင် ကြိုးစားနိုင်ပါမှသာ လူဖြစ်လာရကျိုးနပ်တော့မှာ ဖြစ်ပေတယ်။ လောကမှာ လူလေးမျိုးလေးစားရှိကြောင်းကို အရင် "မာန်နဲ့မာန" စာအုပ်ထဲမှာ ထုတ်နုတ်တင်ပြခဲ့ပြီးပါပြီ။

အမှန်က ရခဲလှတဲ့ လူ့ဘဝကို ရရှိလာရုံနဲ့ မြင့်မြတ်တဲ့သူ, လူပီသတဲ့သူ ဖြစ်ပြီလို့ မခေါ်ဆိုနိုင်သေးပါဘူး။ ကာယကံ, ဝစီကံ, မနောကံလို့ဆိုတဲ့ ကံသုံးပါးစလုံးကို အသက်ထက်ဆုံး ကြိုးစားစောင့်ထိန်းနိုင်တဲ့ သီလတရား, နောက်ပြီးသဒ္ဓါ, ပညာ, စာဂ, ဟိရီဩတ္တပ္ပလို့ဆိုတဲ့ သူတော်ကောင်းတရားတွေနဲ့ ဆင်းရဲခြင်းလွတ်ကင်းရာ ဘဝသံသရာမှ ထွက်မြောက်ကြောင်းတရား





မဂ္ဂင်ရှစ်ပါးကို ရင့်ကျက်သထက် ရင့်ကျက်အောင်, မြင့်မားလာသထက် ပိုမြင့်မားလာအောင်, ပွားများနေထိုင်သမှုပြုပေမှသာ, လူဖြစ်ရကျိုးနပ်ပြီ, မြင့်မြတ်ပြီ, လူပီသတဲ့, လူဖြစ်ပြီလို့ ခေါ်ဆိုနိုင်ပါတယ်။

သို့မဟုတ်ပါက လူဖြစ်ရကျိုးမနပ်သေးပါဘူး။ မိမိတို့အနေနဲ့ လူဖြစ်ရကျိုးနပ်ချင်သပဆိုရင် တရားဓမ္မဩဇာအရှိန်အဝါတွေ မြင့်မားလာအောင် ကြိုးစားလုပ်ဆောင်ရပါပေလိမ့်မယ်။ လူ့ဘဝဆိုတာ ရခဲ, ရောက်ခဲလှတာ မှန်ပေမယ့် လူ့ဘဝမှာ လူလာဖြစ်ရတိုင်း မြင့်မြတ်လှပြီ, လူပီသပြီရယ်လိုတော့ မတွေးထင်သင့်ပေဘူး။

မိမိတို့ရဲ့ တရားဓမ္မဩဇာအရှိန်အဝါတွေ တစ်နေ့တခြား မြင့်မားလာအောင် ပြုမူနေထိုင်မှ မြတ်တာပါ။ လူလိုနေပါမှ လူပီသကြမှာပါ။ လူပီသကြဖို့ဆိုရာမှာ လူ့ဟူသည် ဟိရီ, ဩတ္တပ္ပတရားကို ဆင်ခြင်တုံတရားအသိနဲ့ ထုဆစ်ပေါင်းစပ်ထားပြီး သက်ဝင်လှုပ်ရှား နေထိုင်သွားတတ်ကြသူတွေကို လူလို့ခေါ်ပါတယ်။

ဒါကြောင့် မြင့်မြတ်သောသူဖြစ်ချင်ကြရင်, လူပီသသော



www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်ချင်ကြရင် မောက်မာထောင်လွှားတတ်သော မာန၊ မိုက်မဲတွေဝေတတ်သော မောဟစသော စိတ်ညစ်၊ စိတ်ယုတ်တွေကို၊ ဆင်ခြင်တုံတရားနဲ့ ပယ်သတ်ကြပြီးရင် တိုတောင်းလှတဲ့ လူ့ဘဝတစ်ခဏတာကို မှန်ကန်သော၊ အသိ၊ အမြင်များနဲ့သာ ဖြတ်ကျော်လျှောက်လှမ်းကြပါစေချင်ကြောင်း ရင်ထဲက ဆန္ဒမွန်နဲ့ နှိုးဆော်တိုက်တွန်းသမှု ပြုလိုက်ရပါပေတယ်။ ဒါမှသာ ကုန်ပစ္စည်းရောင်းဝယ်မှုစကားနဲ့ ဥပမာပေးရရင် 'မြင့်အောင်နေမှ အမြတ်ရ'ဆိုတာလို ဖြစ်မှာပေါ့။

ရခဲလှတဲ့ လူ့ဘဝဆိုတာကိုလည်း ရရှိနေကြတဲ့အပြင် ကြုံခဲဆုံခဲလှတဲ့ သာသနာတော်နဲ့လည်း ကြုံဆုံနေကြစဉ်မှာ အမှုမဲ့အမှတ်မဲ့နေပြီး အချိန်တွေကို ကုန်လွန်လမ်းဆုံး မသွားစေချင်တဲ့ ဆန္ဒနဲ့ ဒီစာစုလေးကို အုတ်တစ်ချပ်သဲတစ်ပွင့်အဖြစ် ရေးသားတင်ပြလိုက်ရခြင်းပဲ ဖြစ်ပါတယ်။ မိမိ ဒီလိုရေးသားလိုက်ရခြင်းကြောင့် စာဖတ်သူပရိသတ်တွေအတွက် အနည်းငယ် အစိတ်အပိုင်းတစ်ရပ်ကလေးမှာပဲဖြစ်ဖြစ် အထောက်အကူပြုတယ်ဆိုရင်ပဲ ကျေနပ်မဆုံးဖြစ်လှပါပြီ။

ဝဏ္ဏသီရိ(မှန်တော)





## 'အသက်ကြီးမှ ရဟန်းပြုရမှာလား'

လောကထဲရှိ လူသားတိုင်း သူတို့ရင်မှ- ချစ်ခင်၊ စုံမက်နှစ်သက်မြတ်နိုးလွန်းမက၊ မြတ်နိုးလှသူကို သူတို့အနားက ထွက်ခွာသွားကြမှာကို သိပ်ပြီး စိုးရိမ်တတ်ကြပါတယ်။ အကယ်တန္တု ထွက်ခွာသွားကြမှာကို မလိုလား၊ မနှစ်သက်ကြတဲ့အလျောက် ထွက်ခွာမသွားဖြစ်ဖို့အရေး အကြောင်းပြချက်အမျိုးမျိုးနဲ့ တားဆီးဖို့ ကြိုးစားကြပါတယ်။ ဒါပေမယ့် ပါရမီဓာတ်ခံ ရင့်သန်နေပြီဖြစ်တဲ့ သူတော်ကောင်းလောင်းလျာအပေါင်းကတော့ အတားအဆီး၊ အခက်အခဲ ဟူသမျှကို၊ အောင်အောင်မြင်မြင် ဖြတ်ကျော်အနိုင်ယူနိုင်ခဲ့ကြပါတယ်။

စာရေးသူတို့ မြတ်စွာဘုရားကိုယ်တိုင်လည်း၊ ဖခင်သုဒ္ဓေါဓနမင်းကြီးက သူ့သားတော် သိဒ္ဓတ္ထမင်းသား တောထွက်သွား

www.burmeseclassic.com

www.burmeseclassic.com



မှာကို စိုးရိမ်နေတဲ့အတွက် တောထွက်လိုကြောင်း နိမိတ်ဖြစ်စေမယ့် သူအို၊ သူနာ၊ သူသေ၊ ဆိုတာတွေကို လုံးဝ မမြင်တွေ့စေဘဲ၊ ချောပေ့လှပေ့ဆိုသော သတို့သမီးကညာတွေရဲ့၊ အချော၊ အမြူ၊ အယုအယ၊ အတီး၊ အမှုတ်၊ အဆို၊ အကတွေနဲ့ ဝန်းရံစေတဲ့အပြင်၊ တော်ရုံ၊ တန်ရုံ၊ စိတ်ဓာတ်မျိုးနဲ့သာဆို၊ လောကီကာမဂုဏ်အာရုံတွေကြားမှာ နစ်မွန်း အံ့ဩမင်သက်သွားစေနိုင်လောက်တဲ့ စွဲမက်ဖွယ်ရာ လောကအသုံးအဆောင်တွေနဲ့ ဘုရားအလောင်းတော် တောထွက်မသွားစေဖို့ တားဆီးဖို့ ကြိုးစားခဲ့ပါသေးတယ်။

သို့ကြား။ ပါရမီဓာတ်ခံ ရင့်သန်နေပြီဖြစ်တဲ့ ဘုရားအလောင်းတော်ဟာ သို့ကလို အတားအဆီး၊ အခက်အခဲမှန်သမျှကို ကျော်လွှားအောင်မြင်နိုင်ခဲ့ပါပေတယ်။ ဘုရားဖြစ်မယ့် နောက်ဆုံးဘဝမှာသာ မဟုတ်ပါဘူး။ ဟိုး… အတိတ်သံသရာဘဝ ဘဝတွေကလည်း ဒီလိုအခြေအနေမျိုးတွေကို ကျော်လွှား၊ အောင်မြင်၊ ဖြတ်ကျော်ခဲ့တဲ့ သာဓကတွေ ပိဋကတ်တော်ထဲမှာ များစွာရှိပါတယ်။

လောကဆိုရိုးစကားတစ်ခု ရှိပါတယ်။ ပထမအရွယ်မှာ ပညာ





ရှာ၊ ဒုတိယအရွယ်မှာ ဥစ္စာရှာ၊ တတိယအရွယ်မှာ တရားရှာရမယ်တဲ့လေ။ ဒီနေ့ခေတ် လူ့ဘဝသက်တမ်းကို (၇၅)နှစ်လို့ဆိုပြီး ပညာရှိများက သတ်မှတ်ပါတော့တယ်။ ပထမအရွယ်ဆိုတာက အသက် (၂၅)နှစ် ကာလအပိုင်းအခြားကို ပြောတာပါ။ ဒီတော့ စည်းပွားဥစ္စာတွေ ရှာဖွေရမယ့် ဒုတိယအရွယ် (၂၅) နှစ်ပါ ထပ်ပေါင်းကြည့်ရင် လူ့ဘဝသက်တမ်း (၅၀)တိတိ ရှိနေပါပြီ။ ဒါတောင်မှ ကိုယ်က အနာရောဂါကင်းကင်းရှင်းရှင်းနဲ့ နေနိုင်ဦးမှ နို့မဟုတ်ရင် အသက် (၅၀)ထိတောင် နေထိုင်ရဖို့ မလွယ်ကူလှပေဘူး။

တရားရှာတော့မယ်လို့ဆိုတဲ့ တတိယအရွယ်ကို ပြန်ကြည့်လိုက်တော့ အသက်က (၅၀)ကျော်နေပြီဆိုတော့ ကိုယ်ခန္ဓာကြံ့ခိုင်မှုစွမ်းအားတွေ၊ မိမိအလိုရှိသလောက် ထွင်းဖောက်သိမြင်နိုင်တဲ့ ဉာဏ်စွမ်းအားတွေ ဆုတ်ယုတ်ပျက်စီးနေတဲ့အချိန် ရောက်နေတာတော့ အသေအချာပါပဲ။ ဒါ့ကြောင့် တတိယအရွယ်မှာ တရားရှာဆိုတဲ့ အဆိုပြုချက်ကို စာရေးသူ ကန့်ကွက်ချင်ပါတယ်။

မြတ်စွာဘုရားက လူသားတွေ သေဆုံးကြရပုံတွေကို "အိုး" ပမာပေးပြီး ဟောကြားထားပါတယ်။ အိုးဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဖုတ်နေဆဲကာလမှာ ကွဲသွားနိုင်သလို, အကျက်လွန်သွားရင်လည်း ကွဲသွားတတ်ပါတယ်။ လူသားတွေအနေနဲ့ အကြောင်းအမျိုးမျိုးကြောင့် အချိန်ကာလမရွေး သေဆုံးသွားနိုင်ပါတယ်ဆိုတာ သတိတရ ရှိကြပြီး သံသရာမှာ ရှည်ကြာစေတဲ့ ဥစ္စာစီးပွား, လောဘတဏှာ, ပွားစီးကြောင်းတွေ နောက်သာလိုက်ပြီး ဘဝကို ကိုးကွယ်နေကြသူတွေ မဖြစ်ကြစေဘဲ, သူတော်ကောင်းတရားကို "အချိန်ရှိခိုက် လုံ့လစိုက်" စေချင်တဲ့သဘောပါပဲ။

လူသားတွေအနေနဲ့, အမိဝမ်းထဲမှာ ပဋိသန္ဓေနေစဉ်, နောက်ပြီး မွေးကင်းစအရွယ် ကြီးပြင်းလာတဲ့ အရွယ်, ဘယ်အချိန်ကာလမှာပဲဖြစ်ဖြစ်, အချိန်ကာလမရွေး အကြောင်းတစ်မျိုးမျိုးရဲ့ ပယောဂကြောင့် သေဆုံးသွားနိုင်ပါတယ်။ သေဆုံးနိုင်ဖွယ် အကြောင်းတရားတွေဟာ ပြောရရင် မကုန်နိုင်ပါဘူး 'ပြောမဆုံးပေါင်တောသုံးတောင်'ဆိုတာလို အနမတဂ္ဂ ရှိလှပါတယ်။

မြတ်စွာဘုရားက လူသားတွေ ကြိုတင်ပြီး မသိနိုင်တဲ့အရာငါးမျိုးရှိကြောင်း မိန့်ဆိုထားပါတယ်။ အဲဒါကတွေတော့...

၁။ ဘယ်အသက် ဘယ်အရွယ်မှာသေဆုံးနိုင်တယ်ဆိုတာရယ်။

၂။ ဘယ်လိုရောဂါဝေဒနာမျိုးနဲ့ သေဆုံးသွားရမယ်ဆိုတာရယ်။





၃။ ဘယ်နေ့, ဘယ်ရက်, ဘယ်အချိန်ကာလမျိုးမှာ သေဆုံးရမယ်ဆိုတာရယ်။

၄။ သေဆုံးပြီးနောက် ဘယ်လိုနေရာမျိုးမှာ မြှုပ်နှံရမယ်ဆိုတာရယ်။

၅။ တစ်ဖန် ဒီခန္ဓာကြီးကို စွန့်ခွာပြီး ဘယ်လိုဂတိဘဝမျိုးမှာ လားရောက်ရဦးမယ်ဆိုတာရယ်။

ဒီငါးမျိုးကိုတော့ သာမန်လူတွေအနေနဲ့ ဘယ်လိုမှ ကြိုတင်ပြီး သိနိုင်ကြပါဘူး။ သို့ကလို အခြေအနေအရပ်ရပ်တွေကြောင့် နောက်ဆုံး မျက်စိတစ်မှိတ်အတွင်းမှာပင် သေခြင်းသဘောတရားကို မမေ့အပ်ပေဘူးလို့ မိန့်တော်မူခဲ့ပါတယ်။ သို့ငြား အဝိဇ္ဇာ, တဏှာရဲ့ စိုးမိုးခြယ်လှယ်ခြင်းကို ခံနေကြရတဲ့ သူသူငါငါ ပုဂ္ဂိုလ်သတ္တဝါတွေတိုင်းအတွင်း အဇ္ဈတ္တသန္တာန်မှာ အမြစ်တွယ်နေပြီးဖြစ်တဲ့ ရာဂ, ဒေါသ, မောဟ, မာန အမိုက်တိုက်တရားကြီးဆေးပါးကနေ ရုန်းထွက်ကြဖို့ဆိုတာ အတော်ကို မလွယ်ကူလှသေးတဲ့ကိစ္စပါ။

သို့ကလို လောကီကာမဂုဏ်တောထဲက ရုန်းထွက်ဖို့ရာ လွယ်ကူလှတာကို ရအောင် ရုန်းထွက်သွားနိုင်တဲ့ ရဟန်းတော်



www.burmeseclassic.com

www.burmeseclassic.com



လေးတစ်ပါးရဲ့အကြောင်းကို စာရေးသူ ပိဋကတ်တော်ထဲမှာ ဖတ်ဖူးပါတယ်။ အဲဒါကတော့ ဓမ္မပဒေသ, မဇ္ဈိမပဏ္ဏာသမှာ လာရှိတဲ့ ရဋ္ဌပါလ ဆိုတဲ့ ရဟန်းတော်လေးရဲ့အကြောင်းပါပဲ။ ရဋ္ဌပါလရ ဟန်းတော်လေးဆိုတာ ကြီးကျယ်မြင့်မြတ်သော မျိုးနွယ်စုမှ မွေးဖွားဆင်းသက်လာသူတစ်ဦးပဲ ဖြစ်ပါတယ်။

ပစ္စည်းဥစ္စာ များစွာကြွယ်ဝလှတဲ့ မိဘနှစ်ပါးရဲ့ ပြုစုစောင့်ရှောက်မှုအောက်မှာ ကြီးပြင်းအရွယ်ရောက်လာရခဲ့သူဆိုတော့ "အတိတ်ကံကောင်းသူ"၊ "အတိတ်က ကုသိုလ်အထူးပြုခဲ့သူ"၊ "လူ့ဘဝဆိုတာကို အလာကောင်းခဲ့သူ"လို့ ဆိုနိုင်ပါတယ်။ သာသနာ့ဘောင်ဝင်ပြီး ရဟန်းမဝတ်ရသေးခင်က, သူ့ရဲ့ ပြေပြစ်ချောမောလှတဲ့ ရုပ်ရည်, နူညံ့ညင်သာစွာ ချစ်စဖွယ် တို့ကိုသာ ပြောဆိုတတ်ပုံနဲ့ အစဉ်အလာအားဖြင့် အရှိန်အဝါ ကြီးကြီးမားလှတဲ့ မိဘနှစ်ပါးတို့ကို အမှီပြုပြီး "ရဋ္ဌပါလ" သူဌေးသားလေးဆိုပြီး လူသူအများက ဝိုင်းဝန်းအရေးပေးခြင်းကို ခံခဲ့ရပါတယ်။

အဲဒီအချိန်မှာပဲ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ ကြီးမားလှတဲ့ မဟာကရုဏာတော်ကြောင့် ဝေနေယျသတ္တဝါများ





တို့ တရားရေအေး တိုက်ကျွေးတော်မူရင်း ဒေသစာရီ ကြွချီတော်မူလာခဲ့ရာ "ရဋ္ဌပါလ" သူဌေးသားနေထိုင်တဲ့ "ထုလ္လကောဋ္ဌိက" အမည်ရှိတဲ့ရွာကို ရောက်လာခဲ့ပါတယ်။ မြတ်စွာဘုရားရှင်နဲ့ နောက်ပါသံဃာတော်များဟာ ထုလ္လကောဋ္ဌိကရွာနဲ့ မနီးမဝေးသော တောအုပ်တစ်ခုအတွင်းမှာ သီတင်းသုံးတော်မူကြပါတယ်။ တောအုပ်ထဲမှာ သီတင်းသုံးနေတယ်ဆိုတာ သိလျှင်သိချင်း တစ်ပြိုင်နက် ထုလ္လကောဋ္ဌိကရွာမှာရှိတဲ့ လူတွေသာမက, အဲဒီ အနီးအနားတစ်ဝိုက်က ရွာများမှရှိကြတဲ့ လူတွေလည်း ပန်း, နံ့သာလက်စွဲပြီး လှူဒါန်းပူဇော် တရားနာယူဖို့ရာ သွားရောက်ကြပါတယ်။

ဒီသတင်းဖြစ်စဉ် အကြောင်းအရာအားလုံးကို "ရဋ္ဌပါလ" သူဌေးသားလေး ကြားသိရှိပြီးတဲ့နောက် မိဘများကို ခွင့်ပန်ကာ အများနည်းတူ တရားနာမယ်ဆိုပြီး လိုက်ပါသွားခဲ့ပါတယ်။ အဲဒီ ညတရားပွဲမှာ မြတ်စွာဘုရားက "ဓမ္မုဒ္ဒေသ" တရားလေးပါးကို ဟောကြားတော်မူခဲ့ပါတယ်။ "ဓမ္မုဒ္ဒေသ" တရားလေးပါး ဆိုတာက, "လိုက်နာကျင့်သုံး သိရှိနားလည်ထားရမယ့် တရားစည်းမျဉ်းကြီးလေးပါးကို ပြောတာပါ" အဲဒါတွေကတော့...

၁။ လူသားတွေဟာ အို, နာ, သေဆိုသော ဘေးကြီးတွေ



www.burmeseclassic.com

www.burmeseclassic.com



ထံသို့ အချိန်နဲ့အမျှ နေ့စဉ်နေ့တိုင်း တရွေ့ရွေ့ မောင်းနှင်အပို့ ခံနေရတဲ့အတွက် မိမိရဲ့ကိုယ်ခန္ဓာဟာ အနိစ္စမမြဲဘူးဆိုတာ သတိအသိ ရှိထားရပါမယ်။ အချိန်နာရီ မိနစ်, စက္ကန့်, နှစ်, လ, ရက်, နေ့ စတာတွေ အားလုံးနဲ့ပေါင်းစပ်ထားတာဘဝပါ။ အချိန်တစ်ရက် ကုန်ဆုံးသွားတိုင်း, ဘဝတစ်ရက် ကုန်ဆုံးသွားတာပါပဲ။ အချိန်တစ်နာရီ အလဟဿဆုံးရှုံးသွားတယ်ဆိုတာ သိရှိထားရပါမယ်။ သို့ မှသာ, ဘဝမှာနေထိုင်စဉ် တရားဓမ္မနဲ့ နေထိုင်သူတွေဖြစ်ကြမှာပါ။

၂။ မိမိ ရှာဖွေစုဆောင်းထားတဲ့ စီးပွားနေ စတဲ့ လောကအသုံး အဆောင်ပစ္စည်း, ပစ္စယတွေ, နောက်ပြီး မိမိခင်တွယ်ရပါသော သမီး, သား, ဇနီးမယား စတာတွေအားလုံးသည် လူ့ဘဝမှာ အတိုင်းအတာတစ်ခုအရ မှီခိုအားထားလို့ ရကောင်းရနိုင်တာ မှန်ပေမယ့် တကယ်စစ်မှန်သော အားကိုးဖွယ်ရာတွေ မဟုတ်ကြပေဘူးဆိုတာလည်း မိမိရဲ့ဉာဏ်မျက်စိမှာ သိရှိထားရပါမယ်။

၃။ အမှန်က သမုတိနယ်ပယ်မှာ တည်ရှိနေကြတဲ့ သက်ရှိ, သက်မဲ့ အရာဝတ္ထုတွေအားလုံးဟာ ကိုယ်ပိုင်ဥစ္စာအစစ်တွေ မဟုတ်ကြပါဘူး။ ဒါတွေကို ကိုယ်ပိုင်ဥစ္စာအစစ်တွေအထင်နဲ့





မောက်မာ, ရမ်းကား, ပလွှားနေကြတာဟာ, ရက်တတ်မယ်ဆိုရင် တကယ်ကို ရက်စရာပါပဲ။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ မိမိပိုင်တယ်လို့ ဆုပ်ကိုင်တွေးထင်ထားတဲ့အရာတွေက မိမိကို စွန့်ခွာသွားရင်သွား, ဒါမှမဟုတ် မိမိက သူတို့ကို စွန့်ခွာသွားရမှာတော့ အသေအချာပါပဲ။ ဒီနေရာမှာ စကားစပ်မိလာတော့ အမတ်ကြီး ဦးပေါ်ဦးအကြောင်းကို တင်ပြချင်လာမိပါတယ်။ ကုန်းဘောင်ခေတ်, ဘိုတော်မင်းတရား လက်ထက်တုန်းက အမတ်ကြီး ဦးပေါ်ဦးဆိုတာ မသိသူမရှိလောက်အောင် နာမည်ကြီး ထင်ရှားလှပါတယ်။

သူဟာ စာပေဗဟုသုတပိုင်းမှာ နှံ့စပ်တတ်သိတဲ့ ကဝိပညာရှင်တစ်ဦးဖြစ်သလို တရားဓမ္မနဲ့လည်း ပြည့်စုံအောင် နေထိုင်လေ့ရှိတာကြောင့် အများပြည်သူ ချစ်ခင်နှစ်သက် သဘောကျကြည်ညို လေးစားရသူတစ်ဦးလည်း ဖြစ်ပါတယ်။ သူကိုယ်တိုင်ပဲ တရားဓမ္မ အသိအမြင်ရစေမယ့် ဘာသာရေးစာပေတွေကို ကြိုးကြိုးစားစား လေ့လာဆည်းပူးရတာ ဝါသနာပါသူလို, သိတဲ့အတိုင်းလည်း ကြိုးစားပြီး လိုက်နာတတ်သူတစ်ဦးလည်း ဖြစ်ပါတယ်။ ကိုယ်ပိုင် အစစ်မဟုတ်တဲ့ ရာထူး, ဂုဏ်သိန်, စည်းစိမ်ဥစ္စာတွေရဲ့ကြားမှာ သူ့လက်အောက်ခံ တပည့်သားသမီးတွေ မေ့မေ့



www.burmeseclassic.com

www.burmeseclassic.com



လျှော့လျှော့ ဖြစ်နေကြတာကို သိပ်ပြီး သဘောကျနှစ်သက်ဟန် မတူပါဘူး။

သို့ကလို တရားသဘောမဟုတ်တဲ့, သဘောတရားတွေ၌သာ ပျော်မွေ့နေထိုင်သူတွေအားလုံး သိကြစေဖို့အတွက် သူသေဆုံးခါနီးမှာ တရားပြသွားခဲ့ပါတယ်။ တရားပြတယ်ဆိုပေမယ့် နှုတ်နဲ့ ဟောကြားသွားခြင်းမျိုးတော့ မဟုတ်ပါဘူး။ သူသေခါနီးမှာ သူ့ရဲ့ တပည့်သားသမီးတွေကို အထူးမှာကြားခဲ့တာကတော့ "အကယ်၍များ သူသေသွားခဲ့လို့ရှိရင် သူ့ရဲ့လက်ကို အများမြင်သာအောင် အခေါင်းရဲ့အပြင်မှာ ထုတ်ပြီး သုသာန်ထိသယ်သွားကြဖို့ပါပဲ။

တရားမမွှအသိနုန့်နည်းလှသူတွေကတော့ သို့ကလို လက်ကို အခေါင်းရဲ့အပြင်မှာ ထုတ်ပြီး သုသာန်သယ်သွားကြတာကို "ဒါဟာ မလုပ်ကောင်းဘူး။ အတိတ်နိမိတ်မကောင်းဘူး" စသည့်ဖြင့် ဝေဖန်ကြပေမယ့် ဆရာတော် ဦးဗုဒ်ကတော့ ဦးပေါ်ဦး ဒီလိုမျိုး လုပ်ဆောင်ရစ်ဖို့ မှာကြားခဲ့တာကို အတော်သဘောကျနေပါတယ်။ အဲဒါကြောင့် ပရိသတ်တွေကို ဆရာတော်က ဦးပေါ်ဦး ဘာကြောင့် ဒီလိုလုပ်ဖို့ မှာကြားခဲ့တာလဲဆိုတာနဲ့ ပတ်သက်ပြီး ရှင်းလင်းမိန့်ကြားတော်မူလိုက်ပါတယ်။





"ပေါ်ဦးက တို့ကို ပညာပြသွားတာကွ၊ မင်းတို့အားလုံး သူ့ကို ကြည့်ကြ, သေသွားရင် သူ့လိုပဲ ဘာမှ ယူဆောင်မသွားနိုင်ဘူး။ မိမိ ပိုင်ဆိုင်သမျှ ပစ္စည်းဥစ္စာတွေအားလုံး ချန်ထားရစ်ခဲ့ကြပြီး လက်ချည်းပဲ ပြန်သွားရလိမ့်မယ်ဆိုတာ ပြောချင်လို့ပါပဲ"တဲ့။ ဒါဟာ ကိုယ်ပိုင်ဥစ္စာအစစ်တွေ မဟုတ်ကြလေတဲ့ ရာထူး, ဂုဏ်သိန် ,စည်းစိမ်, ဥစ္စာတွေအပေါ်မှာ ခုံမင်တွယ်တာ, လွန်လွန်ကျူးကျူးမဖြစ်စေဖို့အရေး လူသားတိုင်း သိရှိနားလည်ထားရမယ့် ဓမ္မပဒေသ, တရားစည်းမျဉ်းလေးပါးထဲက တစ်ပါးပဲ ဖြစ်ပါတယ်။

၄။ လူတွေဟာ အသက်ရှင်သမျှ ကာလပတ်လုံး ဘဝမှာ မကြောင့်မကြ နေထိုင်ကြရဖို့အတွက် ဥစ္စာစီးပွားရေး, တိုးပွားများပြားရေးကိုသာ ရှေ့တန်းတင်နေထိုင်သွားကြတာ များပါတယ်။ သို့ကလို စီးပွားဥစ္စာပွားများရေးကိုသာ ရှေ့တန်းတင်နေကြခြင်းဟာ ဘဝကို ကိုးကွယ်သူများဖြစ်နေလို့ပါပဲ။ ဘဝကို ကိုးကွယ်နေသူများအနေနဲ့ လောဘတဏှာရဲ့ ကျေးကျွန်တွေလို့ ပြောဆိုရင် မမှားနိုင်ပါဘူး။

ဘဝကို ခုံခုံမင်မင် အမြဲတမ်း လိုချင်တပ်မက်မှော့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့သာ ပြည့်နှက်နေတဲ့ လူသားတွေရဲ့စိတ်ထဲမှာ သတိတရ တစ်ခု သိထားရမှာက "ကျွန်"ဆိုတဲ့ စကားလေးတစ်ခွန်းပါပဲ။ လိုတာထက်ပိုပြီး စီးပွားနေ ပွားစီးရေးကိုသာ ရှေ့တန်းတင်နေကြခြင်းသည် ဘဝကို ကိုးကွယ်နေကြခြင်းပင် ဖြစ်ပါတယ်။ ယင်းဘဝကိုကိုးကွယ်နေကြတဲ့ လောဘတဏှာကို အတော မသတ်နိုင်သမျှ ကာလပတ်လုံး, တဏှာရဲ့ ကျေးကျွန်အဖြစ်က လွတ်မြောက်ဖို့ရာ မမြင်နိုင်သေးပါဘူး။

ဒါကြောင့် "လိုခြင်းမှုတဏှာဆိုတာ ဘယ်တော့မှ ပြည့်ဝသွားရိုး ထုံးစံမရှိပါဘူး"လို့ ဆိုတဲ့ ပညာရှိများရဲ့ အဆိုပြုချက်ကို မိမိရဲ့ ဉာဏ်မျက်စိမှာ သိရှိထင်မြင်လာအောင် ကြိုးစားသင့်ကြပေတယ်လို့ဆိုတဲ့ "ဓမ္မုဒ္ဒေသ"တရားကို နားလည်ထားရပါမယ်။

ဒါဟာ လူသားတိုင်း သိသင့်, သိထိုက်, သိအပ်တဲ့ ဓမ္မုဒ္ဒေသ တရားစည်းမျဉ်းကြီး လေးခုပါပဲ။ ဒီတရားကို နာကြားရပြီးတဲ့နောက် "ရဋ္ဌပါလ" သူဌေးလေးရဲ့ စိတ်ထဲမှာ စိတ်နှလုံး သာယာချမ်းမြေ့မှုတွေ မဖြစ်စဖူး ထူးကဲဝမ်းမြောက်စွာ ဖြစ်ပေါ်လာရောက်မှုကို ခံစားခဲ့ရပါတယ်။ ဟိုအရင်တုန်းက





မိဘ,ဆွေမျိုး, သူငယ်ချင်း အပေါင်းအပါတွေနဲ့ ပတ်သက်ပြီးတော့ သူတို့တွေဆီက မိမိရဲ့ မွေးနေ့ပွဲမှာဖြစ်စေ, တစ်ခါတစ်ရံ မိမိကို ပျော်ရွှင်လိုတဲ့ ရည်ရွယ်ချက်သက်သက်ကြောင့်ဖြစ်စေ, ဘယ်လိုမှ ထင်မှတ်မထားတဲ့၊ မိမိကို အံ့သြမှင်သက်စေတဲ့ အမှတ်တမဲ့ တုံ့ပြန်မှုတွေကို လက်ဆောင်အဖြစ် ပေးတတ်လေ့ရှိသောကြောင့် အကြိမ်ကြိမ် ဝမ်းမြောက်ဝမ်းသာ ပျော်ရွှင်ခဲ့ဖူးပါတယ်။

သို့ငြား။ ဒီတစ်ကြိမ် တရားနာရခြင်းကြောင့် ခံစားရတဲ့ ဝမ်းမြောက်ပျော်ရွှင်မှုမျိုးနဲ့ နှိုင်းယှဉ်မရဘဲ အတော်ကို ကွာခြားနေတာ တွေ့ရပါတယ်။ ဒီတော့ သူဟာ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ပါတယ်။ သူဆုံးဖြတ် ရွေးချယ်လိုက်တဲ့ဘဝကို စိတ်ကူးနဲ့ ပုံဖော်ကြည့်လိုက်မိတာတောင် ကြည်ကြည်နူးနူး ကြည်နူးလိုက်ရသည့်ဖြစ်ခြင်း။ ဟုတ်တယ်။ ဒီဘဝဟာ သူနဲ့ သင့်တော်မယ့်ဘဝ, သူ လိုချင်တောင်းတရဆုံးဘဝဆိုတာ သိရှိနားလည်လိုက်ပါပြီလေ။

ယခု နာကြားလိုက်ရတဲ့ တရားဒေသနာတော်အရ, မိမိတို့ဟာ တဏှာရဲ့ ကျေးကျွန်ဘဝမှာပဲနေပြီး, အရှက်ရဖွယ် တဏှာရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျေးကျွန်ဘဝအဖြစ်နဲ့ပဲ ဘဝနိဂုံးချုပ်ပြီး သေဆုံးကြရဦးမှာပင် ဖြစ်ပါတယ်။ အပါယ်လေးဘုံဆိုတာ သတ္တဝါတွေရဲ့ အိုးအိမ်လို ပါပဲလို့ မြတ်စွာဘုရား ဟောကြားတော်မူထားပါတယ်။ အဝိဇ္ဇာ, တဏှာ, မာန, ရာဂ စသော စိတ်ယုတ်, စိတ်နွမ်းတို့ အတိ ဖုံးလွှမ်းပြည့်နှက်နေကြသမို့ ကြီးနိုင်ငယ်ညှင်း ပြုလုပ်နေကြခြင်း စရိုက်ဆိုးတွေကြောင့် တစ်ဖန်ဝဲဩဃသံသရာဘဝ, အဆက် ဆက်မှာလည်း တဏှာရဲ့ ကျေးကျွန်ဘဝကနေ လွတ်မြောက်ဖို့ရာ လမ်းစ မမြင်ပါဘူး။

အမှန်တကယ် သွလိုချင်တာက သခင်ဘဝ, လက်ရှိ နေနေ ရတာက ကျွန်ဘဝပင် ဖြစ်ပါတယ်။ သခင်ဘဝဆိုတာကို အမှန် တကယ် လိုချင်ရင်တော့ ပြတ်ပြတ်သားသား ဆုံးဖြတ်ရပါလိမ့် မယ်။ လူ့ဝတ်ကြောင်ဘဝမှာနေပြီး သခင်ဘဝလမ်းစဉ်တွေ ဖြစ်တဲ့ သံသရာလွတ်မြောက်ကြောင်း တရားဓမ္မကို ကျင့်ကြံ ဖို့ဆိုတာ တကယ့်ကို မလွယ်ကူလှတဲ့ကိစ္စတစ်ခုပါ။ ကိလေသာ မြူနိုးတွေ တစ်ထောင်းထောင်းထလျက်ရှိတဲ့ အိမ်ထောင် ဃရာဝါသဆိုတာ အနှောင်အဖွဲ့တွေနဲ့ အတော်ကို ရှုပ်ထွေးကျဉ်း မြောင်းလှတဲ့ နေရာတစ်ခုပဲ ဖြစ်ပါတယ်။ မြင်မြင်သမျှ အာရုံ ပညတ် သဘောတရားတွေက မိမိရဲ့ အသိဉာဏ်တွေကို အညွှန်း





ဘုန်း, အမြင်ကန်းစေနိုင်ကြသည့်အထိ ဗလောင်း,ဗလဲ ဆူပွက် သွားအောင် မွှေနှောက်လှုပ်ခပ်ရမ်းပစ်နိုင်တဲ့ ကိလေသာတဏှာရဲ့ စွမ်းအားက ကြီးမားလှပါတယ်။

ဒီသဘောတရားတွေကို သိမြင်လာလို့လည်း သာသနာ့ ဘောင်ထဲကို အပြီးအပိုင်ဝင်ဖို့အထိ ဆုံးဖြတ်လိုက်ပါတယ်။ သို့ ကလို ဆုံးဖြတ်လိုက်စဉ်အတွင်းမှာပင်, အဝိဇ္ဇာ, တဏှာ ဟူသမျှ ကို ပယ်ခွာချမယ့် လွတ်မြောက်မှုလမ်းစ, သခင်ဘဝအဖြစ်နဲ့ ငါ နေခွင့်ရတော့မှာပါလားဆိုတဲ့ အတွေးစိတ်က ခန္ဓာကိုယ်တစ်ခု လုံး ပျံ့နှံ့တည်ရှိပြီး ကြက်သီးမွေးညင်း တဖြန်းဖြန်းထသွားစေ တဲ့ ပီတိအဟုန်တို့ လွှမ်းမိုးလျက် ကြည်နူးနှစ်သက်မဆုံး ဖြစ်နေ ရပါတော့တယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးက လူသားတွေ အသိ, သတိရပြီး တရားအားထုတ်တတ်ကြပုံလေးမျိုးကို, မြင်း လေးမျိုးလေးစား ဥပမာနဲ့ တူလှပေပုံကို မီးမောင်းထိုးပြ သွန်သင် ဟောကြားထားတဲ့ တရားတစ်ပုဒ်ရှိပါတယ်။ ဒီနေရာမှာ အလျဉ်းသင့်သမို့ ထုတ်နုတ်ဖော်ပြချင်လာမိပါတယ်။ အဲဒါတွေ ကတော့...



www.burmeseclassic.com

www.burmeseclassic.com



၁။ ကျောပေါ်မှာ ကြိမ်လုံးကလေးနဲ့ ဝင့်ပြရွယ်ရုံမျှဖြင့် ပြေးသောမြင်း၊ လိမ္မာလာသောမြင်း ဥပမာပဲ ဖြစ်ပါတယ်။

၂။ ကျောပေါ်မှာ ကြိမ်လုံးကလေးနဲ့ ဝင့်ပြရွယ်ရုံမျှဖြင့် မပြေးသေး၊ မလိမ္မာသေးပါဘူး။ ကြိမ်လုံးလေးနဲ့ ကျောကို ချော့မော့ပွတ်သပ်ပေးမှ ပြေးတဲ့မြင်း၊ လိမ္မာလာတဲ့မြင်း ဖြစ်ပါတယ်။

၃။ မြင်းအမျိုးအစားကတော့ ကျောပေါ်မှာ ကြိမ်လုံးနဲ့ ရွယ်ရုံမျှလည်း မပြေးသေး၊ ကျောကို ပွတ်သပ်ပေး ပေးမယ့်လည်းပဲ မရ၊ သွေးစို့အောင် ရိုက်ပေးပါမှ ပြေးတဲ့မြင်း၊ လိမ္မာတဲ့မြင်းပဲ ဖြစ်ပါတယ်။

၄။ မြင်းအမျိုးအစားကတော့ အတော်ကို ဆိုးဆိုးဝါးဝါး ပေကပ်မိုက်မဲ တွေဝေလှတဲ့မြင်းလို့ ပြောဆိုရပါလိမ့်မယ်။ ကြိမ်လုံးနဲ့ ကျောကိုရွယ်ရုံမျှလည်း မပြေး၊ ချော့မော့ ပွတ်သပ်ပေးသော်လည်းပဲ မရ၊ သွေးစို့အောင် နာနာကျင်ကျင် ရိုက်နှက်ပေးသော်လည်းပဲ အရာမထင်၊ မဖြုံသေးပါဘူး။ အရိုးကွဲအောင်၊ အရေပြား တွေ ဆုတ်ပျက်နေအောင် ရိုက်နှက်ပေးမှသာ ပြေးတဲ့မြင်း၊ လိမ္မာလာတဲ့မြင်းပဲ ဖြစ်ပါတယ်။

မြတ်စွာဘုရားက သို့ကလို မြင်းလေးမျိုးလေးစား ဥပမာကို





မိန့်ကြားသမှု ပြုပြီးတဲ့နောက် လူတွေ သတိတရ၊ အမှတ်ရစေရေးအတွက် လူလေးမျိုးလေးစား ဥပမာသဘောကို ထပ်မံမိန့်ကြားတော်မူလိုက်ပါတယ်။

၁။ ကျောပေါ်မှာ ကြိမ်လုံးကလေးနဲ့ ဝင့်ပြရွယ်ရုံမျှဖြင့် ပြေးတဲ့မြင်း၊ လိမ္မာတဲ့မြင်းဆိုတာက အချို့လူအမျိုးအစားတွေက ဘယ်မြို့၊ ဘယ်ရွာ၊ ဘယ်ဒေသ၊ ဘယ်နိုင်ငံတွေမှာဖြင့် ဘယ်သူတွေတော့ ဘယ်လိုဒုက္ခမျိုးတွေနဲ့တွေ့ပြီး သေဆုံးကုန်ကြတယ်ဆိုတဲ့ သတင်းစကားလေး ကြားလိုက်ရုံမျှရှိသေး ထိတ်လန့်တုန်လှုပ် သတိသံဝေဂရပြီး တရားအားထုတ်တတ်တဲ့ သူမျိုးကို ပြောတာပါ။ သို့ကလို လူစားမျိုးတွေမှာ ဆိုဆုံးမရ လွယ်ကူတဲ့ ပထမမြင်းအမျိုးအစားနဲ့တူတဲ့ သူတွေပဲ ဖြစ်ပါတယ်။ တစ်နေ့ စာရေးသူ သတင်းစာကို ကိုင်ပြီးဖတ်နေစဉ် ဆရာတော်ကြီး တစ်ပါးက ကြုံတုန်း မိန့်ကြားခဲ့ဖူးတဲ့ ဩဝါဒစကားလေးကို အခုထိအမှတ်ရနေပါသေးတယ်။

"ဟော့၊ မောင်ပဥ္စင်း သတင်းစာဖတ်နေတာလားကွ"

"မှန်လှပါ အရှင်ဘုရား"

"အေး၊ အေး၊ သတင်းစာဖတ်တော့ ဗဟုသုတတိုးပွားတာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ကွာ။ ဒါနဲ့ စကားစပ်တုန်း သတိပေးလိုက်ရဦးမယ်။ သတင်းစာဖတ်တယ်ဆိုတာ နားရေးသတင်းကနေ စပြီးဖတ်ရတယ်ကွ။ ဖတ်တဲ့အခါမှာလည်း အမှုမဲ့ အမှတ်မဲ့ မဖတ်ရဘူး၊ သတိ,ဉာဏ်နဲ့ ထိန်းကွပ်ဆင်ခြင်ပြီး ဖတ်ရမယ်။ နားရေးသတင်းက စ,ဖတ်လိုက်တော့ နောက်ထပ်တွေ့မြင်ရဦးမယ့် လောဘ, ဒေါသ, မောဟ ဖြစ်စရာတွေကို ထိန်းချုပ်နိုင်တာပေါ့လို့ မိန့်ကြားသတိပေးခဲ့ပါတယ်။ သက်ကြီးစကား, သက်ငယ်ကြားဆိုတာလို ဆရာတော်ကြီး သတင်းစာဖတ်နည်းက တကယ်ကို မှတ်သားစရာပါပဲ ဟုတ်တယ်မဟုတ်လား။

၂။ ကျောပေါ်မှာ ကြိမ်လုံးကလေးနဲ့ ရွယ်ပြရုံနဲ့ မပြေးသေး, မလိမ္မာသေးတဲ့မြင်းဆိုတာက အချို့သော လူအမျိုးအစားတွေက ဘယ်မြို့, ဘယ်ရွာ, ဘယ်ဒေသ, ဘယ်နိုင်ငံတွေမှာဖြင့် ဘယ်သူတွေကတော့ ဘယ်လိုဒုက္ခမျိုးတွေနဲ့တွေ့ပြီး သေဆုံးကုန်ကြတယ်ဆိုတဲ့ သတင်းစကားတွေ ကြားရုံမျှနဲ့ ထိတ်လန့် သံဝေဂရတတ်တဲ့ လူစားမျိုးတွေ မဟုတ်ကြပါဘူး။ ကိုယ်တိုင်ကိုယ်ကျ အဲဒီမကောင်းတဲ့ အနိဋ္ဌာရုံတွေကို မြင်တွေ့ရပါမှသာ ထိတ်လန့်သံဝေဂရပြီး တရားအားထုတ်တတ်တဲ့သူမျိုးကို ပြောဆိုတာပါ။





ဒီလိုလူစားမျိုးကိုတော့ ဒုတိယ, မြင်းအမျိုးအစားနဲ့ တူပေတယ်လို့ မြတ်စွာဘုရားက မိန့်ကြားခဲ့ပါတယ်။

၃။ ကျောပေါ်မှာ ကြိမ်လုံးနဲ့ရွယ်ရုံမျှ မပြေးသေး, ကျောကိုပွတ်သပ်ပေးသော်လည်းပဲ မရ, သွေးစို့အောင်ရိုက်ပေးပါမှ ပြေးတဲ့မြင်း, လိမ္မာတဲ့မြင်းဆိုတာက အချို့အချို့သော လူစားမျိုးတွေက ဘယ်မြို့, ဘယ်ရွာ, ဘယ်ဒေသ, ဘယ်နိုင်ငံတွေမှာဖြင့် လူတွေ ဒုက္ခမျိုးစုံရောက်ပြီး သေဆုံးနေလိုက်ကြတာ တကယ့်ကိုအတုံးအရုန်း မြင်လို့မကောင်းအောင်အထိပါပဲ။ သို့ကလို သတင်းစကားတွေကို ကြားလည်း ကြားနေရတယ်။ ရုပ်မြင်သံကြားကဖြစ်စေ, မီဒီယာသတင်းစာမျက်နှာကဖြစ်စေ, ကိုယ်တိုင်ကိုယ်ကျ အဲဒီနေရာမျိုးတွေကို ရောက်နေရလို့ဖြစ်စေ, ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့ခွင့်ရကြပါတယ်။

သို့ငြား။ သူကတော့ ကိုယ်နဲ့မဆိုင်သလို တကယ့်ကိုခပ်တည်တည်ပါပဲ။ သတင်းစကားကြားသော်လည်းပဲ သံဝေဂမဖြစ်သေးဘူး။ ကိုယ်တိုင်မြင်တွေ့နေရလည်း မဖြုံသေးဘူး။ ဒါပေမယ့် မိမိ ချစ်ခင်နှစ်သက် မြတ်နိုးတွယ်တာရတဲ့ သမီး, သား, ဇနီး, မိဘ, အစ်ကို, ဆွေမျိုးဉာတကာတွေထဲက တစ်ဦးဦး



www.burmeseclassic.com

www.burmeseclassic.com



ဖျားနာဒုက္ခဖြစ်ပြီး မထင်မှတ်ဘဲ သေဆုံးသွားပါမှ သံဝေဂဉာဏ် ဖြစ်ပြီး တရားအားထုတ်တတ်တဲ့သူမျိုးကို ပြောတာပါ။ သို့ကလို လူစားမျိုးကိုတော့ တတိယမြင်းအမျိုးအစားနဲ့ တူပေတယ်လို့ မြတ်စွာဘုရားက မိန့်ကြားတော်မူခဲ့ပါတယ်။

၄။ ကြိမ်နဲ့ရွယ်ရုံမျှလည်း မပြေးသေး, ပွတ်သပ်ပေးသော်လည်းပဲ မရ, သွေးစို့အောင် ရိုက်သော်လည်းပဲ အရာမထင်, မဖြုံသေးပါဘူး။ အရေပြားတွေ ဆုတ်ပျက်ပြီး အရိုးကွဲအောင် ရိုက်ပေးမှသာ ပြေးတဲ့မြင်း, လိမ္မာလာတဲ့မြင်းဆိုတာက … အချို့လူတွေဟာ တကယ့်ကို အသိခေါက်ခက် အဝင်နက်တဲ့ သူမျိုးတွေ ဖြစ်တယ်လို့ ဆိုရပါမယ်။ ဘယ်မြို့, ဘယ်ရွာ, ဘယ်ဒေသ, ဘယ်နိုင်ငံတွေမှာဖြင့် လူတွေ ဆင်းရဲဒုက္ခမျိုးစုံရောက်ပြီး သေဆုံးကုန်လိုက်ကြတာ တကယ့်ကို မြင်လို့မကောင်းအောင်ပါဘဲ ဆိုတဲ့ သတင်းစကားတွေ ခဏခဏကြားနေရပေမယ့် သတိရပြီး တရားအားထုတ်ဖို့ဆိုဝေးစွ သံဝေဂဉာဏ်တောင် မဖြစ်ကြပါဘူး။ မိမိရှေ့မှာပင် လူတွေ ပုံစံအမျိုးမျိုးနဲ့ တဖြုတ်ဖြုတ် သေဆုံးနေကြတာတွေကို ကိုယ်တိုင်ကိုယ်ကျ နေ့စဉ်မြင်တွေနေရပေမယ့် တရားအားထုတ်ဖို့ သတိရတတ်တဲ့ လူစားမျိုးတွေ မဟုတ်ကြပါဘူး။ ဘာမှမဖြစ်သလို နေတတ်ကြပြန်ပါသေးတယ်။ အခြား တစ်စိမ်းတစ်ရံတွေ မဆိုထားနဲ့ အရင်တစ်ချိန်တုန်းက, မိမိချစ်ခင် မြတ်နိုးတွယ်တာလှပါတယ်ဆိုတဲ့ သူတွေဖြစ်သော သမီး, သား, ဇနီး, မယား, အစ်ကို, မိဘ, ဆွေမျိုးဉာတကာတွေထဲက မိမိရှေ့မှောက်မှာ တဖြုတ်ဖြုတ် သေဆုံးနေကြတာကိုတောင်မှ ငါလည်းပဲ တစ်နေ့ သေရဦးမှာပါလား''လို့ အတွေးမျိုးဝင်လာတတ်သူ မဟုတ်ပါဘူး။

သို့ငြား။ မိမိကိုယ်တိုင်သေနိုင်လောက်တဲ့, သေခါနီးရောဂါ အခြေအနေတစ်ရပ်နဲ့ ရင်ဆိုင်ရပါမှ တရားအားထုတ်ဖို့ သတိရ, သံဝေဂ ဖြစ်တတ်တဲ့သူမျိုးကို ပြောတာပါ။ သို့ကလို လူစားမျိုးကိုတော့ စတုတ္ထမြင်း အမျိုးအစားနဲ့တူတယ်လို့ ခေါ်ပါတယ်။ ဒါ့ကြောင့် မိမိသည် ဒီလူလေးမျိုးလေးစားထဲမှာ ဘယ်အမျိုးအစား, မည်သည့်အမျိုးအစားထဲမှာ ပါဝင်နေသလဲဆိုတာတော့ သေသေချာချာ ဆန်းစစ်သင့်ပါတယ်။ တချို့ ဒီလူလေးမျိုးလေးစားထဲမှာတောင် မပါဝင်ကြသေးဘဲ, လူလောကထဲမှာ, ဝေလေလေပြီး ဝေလေလေ ပြန်လည်ထွက်ခွာသွားကြတဲ့သူတွေ ရှိပါတယ်။ အကောင်းဆုံးဖြစ်တဲ့ ပထမအမျိုးအစားထဲ မပါဝင်သည့်တိုင်အောင်, ဒီလူလေးမျိုးလေးစားထဲတွင် မိမိအနေနဲ့ တစ်ခုခုမှာ ပါဝင်နေသေးတယ်ဆိုရင် သိပ်ဆိုးဆိုးဝါးဝါး မဖြစ်သေးပါ







www.burmeseclassic.com

www.burmeseclassic.com



ဘူး။ လူဖြစ်ရကျိုးနပ်တယ်လို့ဆို နိုင်ပါသေးတယ်။

ရဋ္ဌပါလသူဌေးသားလေးက လူလေးမျိုးလေးစားထဲတွင် ပထမလူအမျိုးအစားထဲမှာ ပါဝင်ပါတယ်။ မြတ်စွာဘုရားက ဓမ္မပဒေသလေးပါးဆိုတဲ့ ကြိမ်လုံးလေးနဲ့ ရွယ်လိုက်ရုံမျှရှိသေး အသိ သတိ သံဝေဂဉာဏ်ဖြစ်ကာ တရားအားထုတ်တော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါတော့တယ်။ သူ လိုချင်မြတ်နိုးတဲ့ သခင် ဘဝကို ရဟန်းပြုလိုက်မှသာလျှင် ရရှိနိုင်ပေမယ်ဆိုတာ ကိုယ် တိုင် ခွဲခွဲခြားခြား သိမြင်သွားခြင်းကလည်း သူ့ ဆုံးဖြတ်ချက်ကို အတည်ပြု နိုင်မာစေခဲ့ပါတယ်။ ဒါ့ကြောင့် တရားပွဲပြီးလျှင် ပြီးချင်း မြတ်စွာဘုရားအား သို့ကလို လျှောက်ထားသမှု ပြုလိုက် ပါတယ်။

**"ဘုန်းတော်ကြီးသော မြတ်စွာဘုရား, ဘုရားတပည့်တော် အား သနားငဲ့ညာသောအားဖြင့် ရဟန်းပြုခွင့်ပေးတော်မူပါ"** လို့ လျှောက်ထားလိုက်ပါတယ်။ သို့ပြား။ မြတ်စွာဘုရားက…

**"ချစ်သား သင်ရဟန်းပြုဖို့ရာ သင့်မိဘတွေကိုရော ခွင့်ပန် ခဲ့ပြီးပြီလား"**လို့ ပြန်လည်မိန့်ကြားတော်မူလိုက်ပါတယ်။

**"တပည့်တော်၏ မိဘများကို, တပည့်တော် ရဟန်းပြုတော့**





**မည်ဆိုတဲ့အကြောင်း ခွင့်မပန်ရသေးပါ မြတ်စွာဘုရား"**

"ဒါဖြင့် သင့်အိမ်သို့ တစ်ဖန်ပြန်သွားပြီး သင့်မိဘများကို ခွင့်ပန်ချေ ချစ်သား, ဘုရားရှင်တို့မည်သည် မိဘနှစ်ပါးက ရဟန်းပြုခွင့်မပေးသောသူကို ရှင်,ရဟန်းပြုပေးရိုး ထုံးစံမရှိပေဘူး ချစ်သား"

မြတ်စွာဘုရားရဲ့ သို့ကလို မိန့်ဆိုချက်ကြောင့် ရဋ္ဌပါလသူဌေး သားလေးလည်း အိမ်သို့ တစ်ဖန်ပြန်သွားပြီး, မိဘနှစ်ပါးထံမှာ သူရဟန်း ပြုပါရစေဖြစ်ကြောင်း ခွင့်တောင်းပါတော့တယ်။ မိဘ နှစ်ပါးလည်း, လုံးဝမျှော်လင့်မထားတဲ့ သားဖြစ်သူရဲ့ စကားက ဆိတ်လန့် အံ့သြတုန်လှုပ် ရင်တုန်ပန်းတုန် ဖြစ်သွားရတဲ့ အထိပါ ပဲ။ မိဘနှစ်ပါးစလုံး, မျက်လုံးပြူးမျက်ဆန်ပြူး ဖြစ်သွားရပြီး ရင်ဘတ်ကို လက်နဲ့ဖိ ဘုရား, ဘုရား တ,မိတဲ့အထိ အံ့သြသွား ခဲ့ရပါတယ်။ သူတို့အတွက်တော့ ကြားရတဲ့စကားက နားဝင်မချို လိုက်တာ၊ ငှက်ဆိုးထိုးသံ ကြားရသလို, ကျက်သရေ ယုတ်လိုက် ပါဘိ,လို့ နှုတ်မှ တ,လိုက်မိတဲ့ အထိပါပဲ။ ဒီအချိန် မိခင်ဖြစ်သူ က

"ဘုရား, ဘုရား ဘယ့်နှယ်ပြောလိုက်ပါလိမ့်။ အမေ ရင်



www.burmeseclassic.com

www.burmeseclassic.com



တွေ တုန်လိုက်ပါဘိ။ အမေနဲ့ အဖေတို့ကို ကျီစယ်တယ်ဆိုရင်လည်း နောင် ဒီလိုစကားမျိုးနဲ့တော့ မကျီစယ်လိုက်ပါနဲ့ သားရယ်။ ဧကန္တ သားလေး အမေနဲ့ အဖေတို့ကို စိတ်ကောက်နေပြီထင်တယ်။ ပြောပါ သားရယ် ဘာလိုချင်ပြန်ပြီလဲ။ အမေ ဘာဝယ်ပေးရမလဲ'' ''မဟုတ်ဘူး အမေ။ သားနောက်နေတာ မဟုတ်ပါဘူး။ တကယ့်ကို လေးလေးနက်နက်ပြောနေတာပါ။ တောင်းဆိုနေတာပါ။ သားကို ရဟန်းပြုခွင့်ပေးပါနော် အမေ''

''အို… ဘယ်လို… သားက တကယ်ပြောနေတာကိုး''ဆိုပြီး မိခင်ဖြစ်သူရဲ့ စကားသံတွေ တဖြည်းဖြည်း တိမ်ဝင်သွားရရှာလေတော့တယ်။ အတော်ကြာသည့်အထိ သားဖြစ်သူရဲ့ နုနယ်လွန်းတဲ့ ချစ်စဖွယ်မျက်နှာလေးကို မိဘနှစ်ပါးစလုံး အံ့သြမဆုံးတဲ့ မျက်ဝန်းနှစ်စုံနဲ့ တွေတွေကြီး စိုက်ကြည့်နေကြပါတယ်။ တစ်အိမ်လုံးလည်း တိတ်ဆိတ်မှုက ကြီးစိုးလွှမ်းမိုးနေတယ်လေ။ အခုအချိန်အထိ ဖခင်ဖြစ်သူက ဘာစကားမှ ဝင်မပြောသေးဘဲ သားဖြစ်သူရဲ့ အခြေအနေကို အကဲခတ်နေပါတော့တယ်။ ''သားနောက်နေတာ မဟုတ်ပါဘူး။ တကယ့်ကို လေးလေးနက်နက်ပြောနေတာပါ။ တောင်းဆိုနေတာပါ''ဆိုတဲ့ သားဖြစ်သူရဲ့စကားတွေကို ဖခင်ဖြစ်သူကရော ဘယ်လိုခွန်အားတွေနဲ့ နားဝင်အောင်





ခွန်းတုန့်ပြန်ပြောပြနိုင်စွမ်း ရှိတော့မှာလဲ။

မိခင်ဖြစ်သူခမျာ မျက်ဝန်းမှ မျက်ရည်စတွေ စီးကျလာကာ သားဖြစ်သူရဲ့ ပခုံးနှစ်ဖက်ကို ယုယမှုတွေ ပြည့်နှက်နေတဲ့ လက်တစ်စုံဖြင့် အသာအယာကိုင်ပြီး… တုန်ရီတဲ့အသံနဲ့……

''သား အမေနဲ့ အဖေတို့ကိုကျီစယ်နေတာပါလို့ ပြန်ပြင်ပြောလိုက်စမ်းပါ သားရယ်။ သား ဘာကိုလိုချင်သလဲ။ အမေတို့မှာ သုံးဖြုန်းလို့ မကုန်နိုင်တဲ့ စည်းစိမ်ဥစ္စာတွေ အများကြီးရှိပါတယ်။ သားအနေနဲ့ ထမင်းရည်ချောင်းစီး မောင်းတီးပြီးတော့ အလှူဆေးချင်သလား။ အမေတို့ ခွင့်ပြုပါတယ်။ ဒီမှာရှိတဲ့ ပစ္စည်းပစ္စယအမွေတွေအားလုံး သား အမွေဆက်ခံရမယ့် ပစ္စည်းတွေပဲလေ။ သားကြိုက်သလို စီမံအသုံးပြုနိုင်ပါတယ်။ ဒါမှမဟုတ် သီလဆောက်တည်ချင်သလား။ သားသဘောပါပဲ။ အမေ မတားမြစ်ပါဘူး။ ဒါပေမယ့် အမေနဲ့ အဖေတို့ကို ပစ်ခွာသွားပြီး ရဟန်းပြုတော့မယ်ဆိုတဲ့ စကားမျိုးကိုတော့ နောက်နောင်ဘယ်တော့မှ မပြောပါနဲ့လား သားရယ်။ အမေ ရင်တွေတုန်လွန်းလို့ပါ ထပ်ပြီး မကြားပါရစေနဲ့''

''မဟုတ်သေးဘူး အမေ, ဒီနေ့ သား အနှစ်သာရရဲ့ ပြည့်စုံ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ တရားတော်ကို မြတ်စွာဘုရားထံကနေ နာကြားခွင့်ရခဲ့တယ် အမေ။ ဘဝဆိုတာ မျှော်လင့်ခြင်းတွေနဲ့ ထုဆစ်ထားတဲ့ သောကရုပ်ပန်းချီကားတစ်ချပ်လိုပါပဲ အမေ။ လူသားတွေအနေနဲ့ လောကအသုံးအဆောင်ပစ္စည်းတွေဖြစ်တဲ့ သက်ရှိသက်မဲ့ အရာဝတ္ထုတွေကို မရမနေ ရှာဖွေကြတယ်။ အဲဒီအရာတွေကို အားကိုးကြတယ်။ ဒါပေမယ့် အဲဒီပစ္စည်းဥစ္စာဆိုတာတွေက တကယ်ကိုယ်ပိုင် ဥစ္စာအစစ် မဟုတ်ကြလေတဲ့အတွက် တစ်နေ့နေ့တစ်ချိန်ချိန်မှာ စွန့်ခွာထားခဲ့ကြရမှာ အမှန်ပါပဲ။ ဒီတော့ တစ်နေ့နေ့မှာ ကိုယ်က စွန့်ရင်စွန့် နို့မဟုတ်ရင် သူတို့က ကိုယ့်ကို မလွဲမသွေ စွန့်ခွာသွားလိမ့်မယ်ဆိုတာ သား နားလည်သွားပါပြီ။ နောက်ပြီး ဒါတွေကို အားကိုးအားထား ပြုနေတာဟာ သိပ်ပြီး ရှက်ဖို့, သနားဖို့ ကောင်းတယ်လို့ ခံယူမိလို့လည်း ရဟန်းပြုလိုခြင်း ဖြစ်ပါတယ်''

''ခက်လှပြီလား သားလေးရယ်။ သားက ငယ်ရွယ်နုနယ်သူဆိုတော့ စိတ်ကူးနဲ့ တွေးထင်ထားတဲ့အရာတွေကို လက်တွေ့အကောင်အထည်ဖော်ဖို့ ကြိုးစားနေတယ်ထင်တယ်။ ရဟန်းဘောင်ဆိုတာ စိတ်ကူးယဉ်သင့်တဲ့နေရာ မဟုတ်ဘူး။ အမေ့အိမ်မှာလို လိုချင်တာ, စားချင်တာကို ပူဆာလိုက်ရုံနဲ့ ရနိုင်တဲ့နေရာ





မျိုးလည်း မဟုတ်ဘူး။ နေထိုင်စရာလည်း အတည်တကျ မရှိ၊ ကြုံသလိုနေ, ဖြစ်သလို စားသောက်ရတဲ့ဘဝမျိုးကို သားက ဘာအတွက် ခုံမင်နေတာလဲ။ ရဟန်းဘဝဆိုတာ အပူကိုလိုချင်ရင် အအေးကို ရတတ်တယ်။ အအေးကို လိုချင်ရင်လည်း အပူကို ရတတ်ပြန်ပါတယ်။ နုနယ်လှတဲ့သားနဲ့ ခက်ခဲမှုတွေ အတိပြည့်နှက်နေတဲ့ ရဟန်းဘဝဟာ ဘယ်လိုမှ မလိုက်ဖက်ပါဘူး။ တစ်ဝမ်းတစ်ခါးအတွက် မျက်နှာငယ်နဲ့ အိမ်စဉ်အတိုင်း လိုက်လံဆောင်းခံနေရတဲ့ ဘဝအခြေအနေမျိုးမှာ သားကို အမေတို့ မမြင်တွေ့လိုပါဘူး။ နောက်ပြီး သားဟာ မေမေတို့ရဲ့ မျိုးဆက်အသည်းပေါက်မတတ် ချစ်ရတဲ့သူပါ။ ပြီးတော့ တစ်ဦးတည်းသား၊ မိဘအမွေ ဆက်ခံရမယ့်သူလည်း ဖြစ်တယ် မဟုတ်လားကွယ်။ ကျန်တာတွေကို လိုက်လျောခွင့်ပြုနိုင်ပေမယ့် အမေတို့ကိုစွန့်ပစ်ပြီး ရဟန်းပြုသွားမှာကိုတော့ ဘယ်နည်းနဲ့မှ ခွင့်မပြုနိုင်ပါဘူး''လို့ ဆိုပြီး ယတိပြတ် ငြင်းဆန်လိုက်ပါလေတော့တယ်။

သူ့ မျှော်လင့်ချက်, သူ့ အိပ်မက်တွေကို တစ်စစီ, ဆွဲဖွဲ့ချက်ဆီးခံနေသူအဖို့ တိတ်ဆိတ်ခြင်းမှအပ သူ့ရဲ့ဝမ်းနည်းမှုကို ဖော်ပြဖို့ရာ စကားလုံး မရှိပါဘူး။ ရဟန်းပြုတယ်ဆိုတာ ကောင်းတဲ့အလုပ်ကိုလုပ်တာပဲ ဘာကြောင့် ခွင့်မပြုနိုင်ရတာလဲဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွေးနဲ့ ဝမ်းနည်းမဆုံးဖြစ်ပြီး ငိုကြွေးလိုက်မိလေတော့တယ်။ သူ ဝမ်းနည်းပက်လက်ငိုကြွေးနေပုံကို ကြည့်ပြီး မိဘနှစ်ပါးစလုံး စိတ်ကောင်းနိုင်မှာ မဟုတ်တာကတော့ သေချာပါတယ်။ ခဏ ကြာမှ အမေဖြစ်သူဆီက စကားသံကိုကြားလာရပါတယ်။

"သိပ်လည်း ဝမ်းနည်းမနေပါနဲ့ သားရယ်။ ရဟန်းပြုဖို့ရာ အတွက် သားက သိပ်ငယ်ပါသေးတယ်။ သားအတွက် အခွင့် အခါဆိုတာ ရှိပါသေးတယ်။ လုံးဝကုန်ဆုံးသွားတာမျိုးမှ မဟုတ်တာ။ ငယ်ရွယ်စဉ် လူ့ဘောင်မှာနေပြီး အလှူဒါနပြုပါ, သီလ ဆောက်တည်ပါ။ သားရဲ့ နုပျိုစဉ်အချိန်မှာ အမေတို့နဲ့အတူ ဘဝကို ပျော်ပျော်ရွှင်ရွှင်ဖြတ်သန်းပြီး အသက်အရွယ်ကြီးရင့်မှ ရဟန်းပြုဖို့ဆိုတာ စဉ်းစားပါ"လို့ ဖျောင့်ဖျပြောဆိုလိုက်ခြင်း ကို "ရဋ္ဌပါလ" သူဌေးသားလည်း လက်နှစ်ဖက်နဲ့ နားတို့ကို ပိတ်ပြီး ခါးခါးသီးသီး ငြင်းဆိုပါတော့တယ်။

"အို... ဘယ်နဲ့ပြောလိုက်တာပါလိမ့် အမေရယ်။ အသက် ကြီးမှ ရဟန်းပြုရမှာတဲ့လား သား အဲဒီလိုမလုပ်နိုင်ပါဘူး အမေ သေခြင်းတရားဆိုတာ ပျိုပျိုအိုအို, လူကြီးလူငယ်မရွေး, အချိန် ကာလမရွေး, ကြုံတွေ့ရနိုင်ပါတယ်။ သားကို တကယ်ချစ်တယ်





ဆိုရင် အခုချက်ချင်းပဲ ရဟန်းပြုခွင့်ပေးကြပါတော့ မိခင်, ဖခင်တို့"

ဘယ်လိုပင် အကြောင်းပြချက်တွေ ခိုင်လုံနေစေကာမူ သားကို ချစ်တဲ့စိတ်တွေက လွှမ်းမိုးအနိုင်ယူနေဆဲကာလဆိုတော့ ရဟန်းပြုခွင့် လုံးဝမပေးခဲ့ပါဘူး။ သားဖြစ်သူကလည်း ရဟန်းပြု လိုစိတ်က ပြင်းထန်, မိဘနှစ်ပါးကလည်း ခွင့်မပြုနိုင် ဒီလိုမျိုး တစ်ဖက်နဲ့တစ်ဖက် လွန်ဆွဲတဲ့ပွဲမှာ နောက်ဆုံးမိဘနှစ်ပါးကပဲ အရှုံးပေးလိုက်ပါတယ်။ မိဘဆိုတာ အနန္တမေတ္တာသမားကိုး, ပင်ကိုဓာတ်ခံစိတ်ကိုက မိမိဖြစ်ချင်တာထက်, သားသမီးဖြစ်ချင် တာကိုပဲ ဦးစားပေးတတ်တာ မိဘများရဲ့ နှိုင်းတုမရတဲ့ ဖြစ်ရိုး၊ ဖြစ်စဉ် သဘာဝမေတ္တာပေကိုး။

မိမိအရေးထက် သားသမီးအရေးကိုပဲ ပူပန်တွေးတောနေသူ တွေဖြစ်လို့ပဲ ကျေးဇူးကြီးတာ ထက်ပိုပြီးကြီးတာ မိဘပါလို့ ဦးခါန်းတွင် စေခဲ့တာပါလေ။ အဖေ့ မေတ္တာ, အမေ့ စေတနာ တာယ့်ကို မိုးကောင်းကင်ပမာပါပဲ။ သားဖြစ်သူကလည်း ရဟန်းပြုခွင့် မရရင်, အသေပဲခံလိုက်တော့မယ်ဆိုပြီး မစားမ သောက်ဘဲ ဆန္ဒပြလိုက်ပါတော့တယ်။ မိဘများက, ပထမ,



www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်၊ နှစ်ရက်တော့ ခပ်ပေါ့ပေါ့ သဘောထားလိုက်ပါတယ်။ သူ တကယ်ဆာလာရင် စားလိမ့်မယ်ဆိုတဲ့သဘောနဲ့ စားသောက်လို့ရအောင် အဆင်သင့် သတိ၊ ဝီရိယနဲ့ နေထိုင်ကြဖို့ ကျေးကျွန်များကိုလည်း အထူးမှာကြားထားလိုက်ပါတယ်။ ဒီလိုနဲ့ သုံးရက်၊ လေးရက်အထိ ကြာလာတော့ မိဘနှစ်ပါးစလုံး မျက်လုံးပြူး၊ မျက်ဆန်ပြူးဖြစ်ပြီး ခေါင်းချင်းဆိုင် တိုင်ပင်လာရတဲ့ အခြေအနေအထိ ဖြစ်လာရတာပေါ့။ ဖခင်ဖြစ်သူ သူဌေးကြီးက...

"ရှင်မရေ၊ တို့ရဲ့သားလေး သိပ်ပြီး ပင်ပန်းဆင်းရဲနေပါပြီကွာ။ ဒီလိုသာ မစား၊ မသောက်ဘဲ၊ နေစဉ် ရက်ဆက်နေပြီး တကယ်သေသွားရင် တို့တစ်တွေ ရင်ကျိုးကြရမှာ ဒီတော့ တို့ဖြစ်ချင်တဲ့ တို့အရေးထက် သားလေးဖြစ်ချင်တဲ့ သားလေးအရေးကိုပဲ ဦးစားပေးကြပါစို့။ သာသနာ့ဘောင်မှာ ရဟန်းပြုခွင့် ပေးလိုက်တာကမှ တို့ရဲ့သားလေးကို ဖူးတွေ့ခွင့် ရနိုင်ပါသေးတယ်။ တကယ်လို့ သူ မပျော်ပိုက်လို့ လူထွက်ခဲ့ရင်လည်း တို့အိမ်ကိုပဲ သူပြန်လာမှာပါ"လို့ မိခင်ဖြစ်သူအား သားကို ရဟန်းပြုခွင့်ပေးဖို့ တိုက်တွန်းခဲ့ပါတယ်။

ဒီလိုနဲ့ "ရဋ္ဌပါလ" သူဌေးသားလေးဟာ ရဟန်းပြုခွင့်ရခဲ့ပါတယ်။ အစပထမ၊ ရဟန်းပြုစဆိုတော့ ဆရာဖြစ်တဲ့ မြတ်စွာ





ဘုရားနဲ့အတူ သာဝတ္ထိပြည် ဇေတဝန်ကျောင်းကို လိုက်သွားခဲ့ပါတယ်။ ရဟန်းပြုခါစဆိုတော့ ဆရာဦးပဇ္ဈာယ်နဲ့ ကင်းပြီးနေလို့ကလည်း မဖြစ်နိုင်ပါဘူး။ မြတ်စွာဘုရားဆီမှ သာသနာကျင့်ဝတ်၊ သာသနာစည်းကမ်းတွေကို ကြိုးစားပမ်းစား လေ့လာသင်ယူခဲ့ပါတယ်။ လေ့လာသင်ယူပြီးရုံနဲ့လည်း လမ်းဆုံးသွားလို့ မဖြစ်ချေသေးဘူး။ မိမိက ပုထုဇဉ်အဆင့်ပဲ ရှိနေသေးတော့ ရဟန်းကိစ္စ ပြီးစီးဖို့ရာ သံသရာလွတ်မြောက်ကြောင်း တရားဓမ္မတွေကို ကျင့်ကြံဖို့က လိုနေသေးတယ်လေ။

"ဘုရားတရားစကားကို များစွာ ဟောပြောနေပေမယ့်လည်း လက်တွေ့ မကျင့်ကြံတဲ့သူဟာ နွားကိုထိန်းကျောင်းရပါလျက်နဲ့ နွားနို့အရသာကို မခံစား၊ မသောက်သုံးရရှာတဲ့ နွားကျောင်းသားနဲ့ တူပါတယ်။ ဘုရားတရားစကားကို အနည်းငယ်သိပြီး ပြောနေသော်လည်း လက်တွေ့ကျင့်ကြံသူကသာ ပိုမိုမွန်မြတ်လှပါတယ်"လို့ ဆိုပြီး ခုဒ္ဒက၊ ဓမ္မပဒဂါထာ (၁၉)မှာ ဆိုထားပါတယ်။ အင်မတန် မှတ်သားစရာပါလေ။

မိမိ ရဟန်းကိစ္စ ပြီးမြောက်အောင်မြင်ဖို့ရာအတွက် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားကို သင်ယူပြီး တစ်တောင်တစ်တောတွက် ဧကစာရီအဖြစ်နဲ့ သစ္စာဉာဏ်ကို မသိမချင်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက် တရားအားထုတ်သွားဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒီသာစကမှာ အစိကက "အချိန်ရှိခိုက် လုံ့လစိုက်ဆိုတာလို အရွယ်ကောင်းကောင်းမှာ ဉာဏ်ကောင်းကောင်းနဲ့ တရားဓမ္မကို ကြိုးစားအားထုတ်သင့်ကြောင်း ပေါ်လွင်လှပါတယ်။ အဲဒီတော့ "အသက်ကြီးမှ ရဟန်းပြုရမလား၊ ကဲ ဖြေကြပါဦးတော့...." ရဋ္ဌပါလအကြောင်း ဆက်ဆိုပါ့မယ်။

■





## 'တစ်ယောက်တည်းပေမယ့် အထီးကျန်သူ မဟုတ်ပါဘူး'

ယခုအခါ မိမိအနေနဲ့ သာသနာကျင့်ဝတ်၊ သာသနာ့နည်းကမ်းတွေကို အထိုက်အလျောက် သင်ခဲ့ပြီးပြီဆိုတော့ မြတ်စွာဘုရားထံမှ မိမိနဲ့ သင့်တင့်လျောက်ပတ်မယ့် ကမ္မဋ္ဌာန်းတရားကို တောင်းယူပြီး တစ်တောဝင် တစ်တောထွက် ဧကစာရီ ကျင့်သုံးရင်း ရဟန်းကိစ္စ ပြီးမြောက်အောင်မြင်သည်အထိ ကျင့်ကြံပွားများ အားထုတ်နိုင်မှသာ ရဟန်းဘဝဆိုတဲ့ ပန်းချီကားတစ်ချပ်ဟာ အဓိပ္ပာယ်အနှစ်သာရနဲ့ ပြည့်ဝတဲ့ အသွင်သဏ္ဌာန်ကို ဖော်ကျူးနေရာ ရောက်မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



မြတ်စွာဘုရားက, အင်္ဂုတ္တိုရ်, ပဉ္စကနိပါတ်, ဓမ္မဝိဟာရသုတ် မှာ ပုဂ္ဂိုလ် ငါးမျိုးငါးစားရှိကြောင်း မိန့်ဆိုထားပါတယ်။ အဲဒါတွေ ကတော့...

၁။ ပရိယတ္တိဗဟုလပုဂ္ဂိုလ် = ပရိယတ္တိသင်ယူမှုများသူ။

၂။ ပညတ္တိဗဟုလပုဂ္ဂိုလ် = သူတစ်ပါးအား သိမြင်စေချင် ၌ များသူ။

၃။ သဇ္ဈာယဗဟုလပုဂ္ဂိုလ် = ရွတ်အံသရဇ္ဈာယ်ခြင်း များသူ

၄။ ဝိတက္ကဗဟုလပုဂ္ဂိုလ် = ကြံစည်တွေးတောမှု၌သာ ပျော် မွေ့သူ။

၅။ ဓမ္မဝိဟာရီ = အမှန်တကယ် ကျင့်ကြံအား ထုတ်ပြီး တရားနဲ့ နေလေ့ရှိ တို့ပင် ဖြစ်ပါတယ်။

ဒီပုဂ္ဂိုလ်ငါးမျိုးငါးစား အကြောင်းကို တစ်ခုချင်းစီ ရှင်း ပါတယ်။

၁။ ပရိယတ္တိဗဟုလပုဂ္ဂိုလ်ဆိုတာက, အချို့ သာသနာတေ မှာ နေထိုင်ကြတဲ့ ရဟန်းတော်များဟာ ဝိနည်း, သုတ္တန်, အဘိ





မှာ ဆိုတဲ့ ပိဋကတ်သုံးပုံအပြင် ဂေယျ, ဝေယျာကရဏ်း, ဂါထာ, တိဝုတ်, ဇာတ်, အဗ္ဘုတဓမ္မ, ဝေဒလ္လ, သဒ္ဒါကျမ်း စတဲ့ ဟုသုတဖြစ်စေမယ့် စာပေပရိယတ္တိတွေကို လေ့လာသင်ယူ တယ်။ ပရိယတ္တိစာပေတွေ လေ့လာသင်ယူမှု၌သာ ပျော်မွေ့နေ တ်ပြီး တရားအားထုတ်ဖို့ မေ့လျော့ကာ အချိန်ကုန် လမ်းဆုံး ကြတာက များပါတယ်။ ဒီလို စာပေသင်ရုံသာ သင်ယူပြီး ကိုယ်တွင်းက ကိလေသာ စိတ်ပုပ်, စိတ်ညစ်တွေ, ကင်း အောင်၊ ငြိမ်းချမ်းအောင်၊ ကြိုးစားအားထုတ်သမှု မပြုကြတဲ့ ဟန်းများကိုတော့ "ပရိယတ္တိဗဟုလပုဂ္ဂိုလ် = ပရိယတ္တိ သင်ယူမှုများသူ, စာပေသင်ယူခြင်း၌သာ ပျော်မွေ့သူ"လို့ ခေါ်ဆို ပါတယ်။

၂။ ပညတ္တိဗဟုလပုဂ္ဂိုလ် = သူတစ်ပါးအားသိမြင်မှု၌ များ ဆိုတာက... အချို့ရဟန်းတော်များကတော့ မိမိသင်ယူတတ် မြောက်, ကြားနာခဲ့ရတဲ့ စာပေ, ပရိယတ္တိတွေကို သူတစ်ပါးတို့ အား ဟောပြောပို့ချခြင်းဆိုတဲ့ အလုပ်တွေ၌သာ အချိန်ကုန် တ်ကြပါတယ်။ မိမိကိုယ်တွင်းမှာရှိနေတဲ့ ရာဂ, ဒေါသ, ဟ, တဏှာမာန, ဒိဋ္ဌိ စတဲ့ ကိလေသာ စိတ်ပုပ်, စိတ်ယုတ်, စိတ်ညစ်, စိတ်နွမ်းတွေ ကင်းရှင်းငြိမ်းအေးအောင်ပြုဖို့ သတိ ကြပါဘူး။ ဒီလိုပုဂ္ဂိုလ်မျိုးကြတော့ "ပညတ္တိဗဟုလပုဂ္ဂိုလ်"

www.burmeseclassic.com



သူတစ်ပါးအား သိမြင်စေချင်မှုဒြများသူလို့ ခေါ်ဆိုပါတယ်။

၃။ သဇ္ဈာယဗဟုလပုဂ္ဂိုလ် = ရွတ်အံသရဇ္ဈာယ်ခြင်း များသူဆိုတာက··· အချို့သော ရဟန်းတော်များကတော့ မိမိသင်ယူလေ့လာ, ကြားနာရပြီးတဲ့ စာပေပရိယတ္တိများကို မမေ့ပျောက်အောင် တစ်ဖန် ပြန်လည်ရွတ်ဖတ် သရဇ္ဈာယ်ခြင်းတွေဒြသာ ပျော်မွေ့ပြီး အချိန်ကုန်လွန်စေတတ်ကြပါတယ်။ မိမိကိုယ်တွင်းမှာရှိနေတဲ့ တဏှာ, ရာဂ, ဒေါသ, မောဟ စတဲ့ ကိလေသာ စိတ်ပုပ်, စိတ်ယုတ်, စိတ်ညစ်, စိတ်နွမ်းတွေကို ကင်းရှင်းငြိမ်းအေးအောင်ပြုဖို့ သတိမရကြပါဘူး။ ဒီလိုပုဂ္ဂိုလ်မျိုးကြတော့ “သဇ္ဈာယဗဟုလပုဂ္ဂိုလ် = ရွတ်အံသရဇ္ဈာယ်ခြင်းဒြသာ ပျော်မွေ့အချိန်ကုန်လွန်စေတတ်သူ” လို့ ခေါ်ဆိုပါတယ်။

၄။ ဝိတက္ကဗဟုလပုဂ္ဂိုလ်, ကြံစည်တွေးတောမှုဒြသာ ပျော်မွေ့သူဆိုတာက အချို့သောရဟန်းတော်များကြတော့ မိမိသင်ယူ, ကြားနာရပြီးတဲ့ စာပေပရိယတ္တိများကို စိတ်ထဲမှာ ကြံစည်တွေးတော ဆင်ခြင်သုံးသပ်နေမှုဒြသာ ပျော်မွေ့အချိန်ကုန်လွန်စေတတ်ကြပါတယ်။ မိမိကိုယ်တွင်းမှာရှိနေတဲ့ တဏှာ, ရာဂ, ဒေါသ, မောဟ စတဲ့ ကိလေသာ စိတ်ပုတ်, စိတ်ယုတ်, စိတ်ညစ်, စိတ်နွမ်းတွေကို ကင်းရှင်းငြိမ်းအေးအောင် ဝိပဿနာတရားကို





လက်တွေ့ကျကျ ကျင့်ကြံပွားများ ကြိုးစားအားထုတ်ဖို့ သတိမရကြဘဲ ဆင်ခြင်မှုဒြသာ ပျော်မွေ့အချိန်ကုန်လွန်တတ်သူလို့ ခေါ်ဆိုပါတယ်။

၅။ ဓမ္မဝိဟာရီ, အမှန်တကယ် လက်တွေ့ကျကျ တရားဓမ္မကို ကျင့်ကြံပွားများအားထုတ်ပြီး တရားနဲ့နေလေ့ရှိသူဆိုတာက အချို့သော ရဟန်းတော်များကတော့··· မိမိသင်ယူလေ့လာ, ကြားနာရပြီးတဲ့ စာပေပရိယတ္တိများဟာ သင်ယူ, ကြားနာ, လေ့လာရုံနဲ့ပဲ ပျော်မွေ့လမ်းဆုံးသွားဖို့ မသင့်ပေဘူး။ မိမိကိုယ်တွင်းမှာရှိနေတဲ့ တဏှာ, ရာဂ, ဒေါသ, မောဟ စတဲ့ ကိလေသာ စိတ်ပုပ်, စိတ်ယုတ်, စိတ်ညစ်, စိတ်နွမ်းတွေကို ကင်းရှင်း, ငြိမ်းအေးအောင် လက်တွေ့ကျကျ ကျင့်ကြံပွားများ ကြိုးစားအားထုတ်ဖို့ရန် သင်ယူ, လေ့လာရခြင်း ဖြစ်ပေတယ်လို့ ခံယူသိရှိ နားလည်သဘောပေါက်ထားကြပါတယ်။ ဒီလိုစာပေလည်းသင်, လက်တွေ့ကျကျလည်း ကျင့်ကြံတတ်ကြတဲ့ သူများကိုတော့ “ဓမ္မဝိဟာရီ” အမှန်တကယ် လက်တွေ့ကျကျ တရားဓမ္မကို ကျင့်ကြံပွားများအားထုတ်ပြီး တရားနဲ့နေလေ့ရှိသူလို့ ခေါ်ဆိုပါတယ်။

ဒါကတော့ ဓမ္မဝိဟာရသုတ်မှာ မြတ်စွာဘုရား ပြဆိုမိန့်ကြား



www.burmeseclassic.com

www.burmeseclassic.com



ထားတဲ့ ပုဂ္ဂိုလ် ငါးမျိုးငါးစားအကြောင်းပါပဲ။

တစ်နေ့… မြတ်စွာဘုရားရှင်, မဟာဝုန်တော, စုလစ်မွန်းချွန် အထွဋ်တွေနဲ့ လှပတင့်တယ် သာယာဖွယ်ရှိတဲ့ “ကူဋာဂါရ” ကျောင်းမှာ သီတင်းသုံးနေစဉ် ရဟန်းတော်တစ်ပါးက…

မြတ်စွာဘုရား တရားနဲ့နေလေ့ရှိသူကို “ဓမ္မဝိဟာရီ” လို့ လူတွေက ခေါ်ဆိုကြပါတယ်ဘုရား။ ဘယ်လိုနေထိုင် အားထုတ်ပါမှ “ဓမ္မဟာရီ” တရားဓမ္မနဲ့နေသူလို့ ခေါ်ဆိုနိုင်ပါသလဲ ဘုရား” လို့ လျှောက်ထားမေးမြန်းမှုကြောင့် ဒီလို ပုဂ္ဂိုလ် ငါးမျိုး ငါးစားရှိကြောင်း ပြဆို မိန့်ကြားခဲ့ရခြင်း ဖြစ်ပါတယ်။

မိမိအနေနဲ့ ဒီလို တစ်တောဝင် တစ်တောထွက် တရားထူး, တရားမြတ်ရတဲ့အထိ ဆက်လက်ကြိုးစားအားထုတ်သွားဖို့ ဆုံးဖြတ်လိုက်ရခြင်းမှာ မြတ်စွာဘုရားရှင်ကို အားကျလို့ပါပဲ။ မြတ်စွာဘုရားကို ပခုံးချင်းယှဉ်တာတော့ မဟုတ်ပါဘူး။ ဘုရား သားတော်တစ်ပါးအနေနဲ့ ဘုရားကို လေးစား, အားကျအတုယူ မိတာ မဆန်းပါဘူး။ တောနဲ့ သူတော်စင်ဆိုတာ ဘယ်လိုမှခွဲခြား လို့မရအောင်ပင် ဆက်စပ်လျှက်နေပါတယ်။ တော,တောင်, ရေ,မြေ သဘောမှာ မြင်ရသူ စိတ်နှလုံးကို သာယာနှစ်သက်,





အထူးနှစ်လိုဖွယ်ရာအသွင်ကို ဆောင်သလို တရားချစ်ခင်, သူတော်စင်တို့ရဲ့ အောင်မြေကြီးလည်း ဖြစ်ပါတယ်။ တစ်လောကလုံးရဲ့ အနှိုင်းမဲ့ ဗုဒ္ဓဘုရားရှင်ကို မွေးဖွားခဲ့တာ တောထဲမှာပါ။ သဗ္ဗညုတဘုရားဖြစ်စေကြောင်း အကျင့်တွေကို ကျင့်ခဲ့တာ, ဘုရားအဖြစ်သို့ ရောက်ရှိခဲ့တာ, တရားဦး ဓမ္မစကြာဟောခဲ့တာ, နောက်ဆုံး ဗုဒ္ဓဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီး ခန္ဓာကို မျက်မှောက်ပြုခဲ့တာလည်း တောထဲမှာပင် ဖြစ်ပါတယ်။

ဒီလို သမိုင်းကောင်းတွေရှိလို့ တော,တောင်,ရေ,မြေ သဘောကို မြတ်နိုးနှစ်သက်, အားကိုးခဲ့ရခြင်းပဲ ဖြစ်ပါတယ်။ မိမိ တစ်တောဝင်, တစ်တောထွက် ဧကစာရီ ကျင့်သုံးရင်း တရားအားထုတ်နေတဲ့ဘဝကို အတော်နေသားကျနေပါပြီ။ တော, တောင်တို့ရဲ့ သဘာဝမှာ စကားလုံးများနဲ့ ဖော်ပြလို့မရနိုင်တဲ့ အနှစ်သာရအသွင်ကိုဆောင်နေပေမယ့် တရားဓမ္မ အခြေခံ မရှိသူ အဖို့ အတော်ကိုချောက်ချားစရာပါ။ “ဓမ္မဝိဟာရီ” အမှန်တကယ် သက်တွေကျကျ တရားဓမ္မကို ကျင့်ကြံပွားများ နေထိုင်လိုတဲ့ အတွက် ယခုလို ထွက်ခွာလာခဲ့ရပေမယ့် တစ်ခါတစ်ရံ “လောကခံ” ဆိုတဲ့ သဘောတရားကို တွေးကြည့်မိပါတယ်။

မိမိ အိမ်မှာနေစဉ်တုန်းကလို မိမိအနားမှာ ဝေယျာဝစ္စ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကြီးငယ်ကို လုပ်ကိုင်ပေးကြမယ့် အခြွေအရံ အသင်းအပင်း ဆိုတာတွေလည်း မရှိ၊ မိမိလိုချင်၊ ရချင်တာရှိရင် ခေါင်းကလေး ငုံ့ ချွဲနွဲ့တောင်းဆိုလိုက်ရုံနဲ့ ထုတ်ပေးနေကျ မိဘနှစ်ပါးကလည်း အနားမှာ မရှိ၊ ဒီလို အိမ်မရှိ၊ ယာမရှိ၊ ရွှေမရှိ၊ ငွေမရှိ ဘာ ဂုဏ်ဒြပ်မှမရှိတဲ့ ဘဝမျိုးကို မိမိခံမင်တွယ်တာနေတာ သိကြရင် မိမိကို လှောင်ပြောင်နေကြလိမ့်မယ်လို့ ထင်ပါတယ်။ မိမိကို စိတ်မနှံ့ ရူးသွပ်နေသူတစ်ဦးလို့တောင် မှတ်ယူကြပါလိမ့်မယ်။

အဲဒီလို လှောင်ပြောင်နေကြခြင်းမှာ ဘဝကို မက်မောတွယ်တာ ကိုးကွယ်နေကြလို့ပါပဲ။ သူတို့ရဲ့ ဒီလိုတရားမမှုကို မေ့မေ့ လျော့လျော့ နေတတ်ကြတာဟာ အတော်ကို စိုးရိမ်စရာကောင်း လောက်အောင် သနားစရာပါ။ ရဟန်းဘဝ၊ ရဟန်းချမ်းသာ၊ ရဟန်းပြုရခြင်းရဲ့ အကျိုးရလဒ် အနှစ်သာရတွေကို သာမညဖလ သုတ်မှာ မြတ်စွာဘုရား ဟောကြားတော်မူပြီးပါပြီ။ သပိတ်ကို အနားမှာချပြီး သစ်တစ်ပင်ရိပ်မှာ တစ်ယောက်တည်းနေနေတဲ့ မိမိကို အထီးကျန်ဆန်သူလို့ ထင်နေကြရင် သိပ်ပြီးမှားပါလိမ့် မယ်။ ဒါဟာ အရှိကိုအသိနဲ့ကပ်ပြီး ကြည့်ရှုထင်မြင်နိုင်စွမ်း မရှိကြသူတွေရဲ့ တွေးတောယူဆချက်တွေပါ။

အရှိကိုအရှိတိုင်း မမြင်နိုင်ကြဘဲ မိမိလိုချင်ရာ၊ ဖြစ်ချင်ရာ





ကို တွေးထင်ယူဆကြတာဟာ လောကသားတွေရဲ့သဘာဝပဲ မဟုတ်လား။ အရှိသဘာဝတရားကို အသိနဲ့ မှန်မှန်ကန်ကန် သိမြင်ကြဖို့ရာ အရေးကြီးပါတယ်။ အသိမပါဘဲ ဘယ်လိုပင် ဘုသိုလ်တွေ ပြုစေကာမူ လမ်းမှန်ကို ရောက်ဖို့ရာ မလွယ်ကူလှ ပါဘူး။ အမှန်က သတ္တဝါတွေကို သို့ကလို အတွေးအခေါ်၊ အကြံအစည် အယူအဆ မှားယွင်းနေကြအောင် ဖြစ်နေရခြင်းမှာ ဥညတ်လေးမျိုးအကြောင်းအရာတွေက ဖုံးအုပ်နေကြလို့ပါပဲတဲ့။ အဲဒါတွေကတော့…

၁။ အမည်နာမ ဖုံးလွှမ်းခံနေရခြင်းက တစ်မျိုး။

၂။ ဖြစ်ပြီးပျက်နေတဲ့ သတ္တဝါတွေရဲ့ ရုပ်နာမ်သဘောကို တစ်ဆက်တည်းလို့ အစဉ်အတန်း ဖုံးလွှမ်းခံနေရခြင်းက တစ်မျိုး။

၃။ ခန္ဓာငါးပါး၊ ရုပ်နာမ်တရားကို ရုပ်ခဲ၊ရုပ်တုံး အစုအပေါင်း အဖြစ် ထင်ယောင်ဖုံးလွှမ်းခံနေရခြင်းက တစ်မျိုး။

၄။ သူသူ၊ ငါငါ၊ ယောကျ်ား၊ မိန်းမ၊ ဖြူနီပြာဝါ၊ လူ၊ တိရစ္ဆာန်ဆိုပြီး တကယ်မရှိတဲ့ အသွင်သဏ္ဌာန်တွေကို ရှိနေတယ်လို့ ဖုံးလွှမ်းခံနေရခြင်းက တစ်မျိုးတို့ပဲ ဖြစ်ပါ တယ်။ ဒါဟာ သတ္တဝါတွေကို မေ့မေ့လျော့လျော့ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



အောင် အမြဲတမ်း ဖုံးလွှမ်းခံနေကြရပြီး အမြင်ဝေဝါးသွားစေတဲ့ အကြောင်းအရာ ပညတ်လေးမျိုးတို့ပါပဲ။ ဒါတွေကို တစ်ခုချင်းစီ ရှင်းပြပါဦးမယ်။

၁။ အမည်ခံနာမ ဖုံးလွှမ်းခံနေရခြင်း တစ်မျိုးဆိုတာက…

အမည်နာမပညတ်လို့ဆိုတဲ့ တရားသဘောမဟုတ်တဲ့ သဘောတရားတွေက အချိန်ကာလကြာလာရင် ပရမတ် အစစ်အမှန်ကို ဖုံးလွှမ်းဝါးမျိုသွားတတ်ကြပါတယ်။ အမှန်တကယ်ရှိတာက ခန္ဓာငါးပါး, ရုပ်နာမ်နှစ်ပါးလို့ဆိုတဲ့ ပရမတ်တရားတွေပဲ ဖြစ်ပါတယ်။ ပရမတ္ထတရားလေးပါး ရှိပါတယ်။ သူသူငါငါ သိသင့်ကြတဲ့ အဲဒီ ပရမတ္ထတရားတွေကတော့ စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ စိတ်, စေတသိက်, ရုပ်လို့ဆိုတဲ့ ခန္ဓာငါးပါး, ရုပ်နာမ်တရားသည်ကလည်း ပရမတ်, နိဗ္ဗာန်ကလည်း ပရမတ်လို့ ဆိုထားပေမယ့် တစ်တန်းတစ်စားတည်း မမှတ်ယူသင့်ပါဘူး။ စိတ် စေတသိက်, ရုပ်လို့ ဆိုတဲ့ ဖြစ်ပြီးပျက်တတ်တဲ့ ခန္ဓာငါးပါး ရုပ်နာမ်တရားက ဒုက္ခသစ္စာ။ နိဗ္ဗာန်က နိရောဓသစ္စာလို့ ကွဲကွဲပြားပြား နားလည်ထားသင့်ပါတယ်။



ဒီလို ခန္ဓာငါးပါး, ရုပ်နာမ်တရားတွေအပေါ်မှာ လွှန်လွှန်ကျူးကျူး စွဲလမ်းလာကြတော့ မောင်ဖြူ, မောင်မဲ စသဖြင့် ပညတ်သဘောတွေ, ပရမတ်ရုပ်နာမ်သဘောတွေအဖြစ် မမြင်နိုင်ကြတော့ဘဲ သူ, ငါ, ယောကျ်ား, မိန်းမလို့ ဆိုတဲ့ မရှိကို အရှိလုပ်ထားတဲ့ ပညတ်တွေကသာ လွှမ်းမိုးဝါးမျိုခံနေကြခြင်းကို ပြောတာပါ။ ဒါကို ပါဠိလို, **နာမပညတ္တိ** = အမည်နာမ ဖုံးလွှမ်းခံနေရခြင်းလို့ ခေါ်ဆိုပါတယ်။

၂။ ဖြစ်ပြီးပျက်နေတဲ့ သတ္တဝါတွေရဲ့ ရုပ်နာမ်သဘောကို တစ်ဆက်တည်းအဖြစ် အစဉ်တန်း ဖုံးလွှမ်းခံနေရခြင်းက တစ်မျိုးဆိုတာက…

ပရမတ္ထသဘာဝဓမ္မအစစ်အမှန်ဆိုတာက တစ်ခုနဲ့တစ်ခု အစဉ်အတန်း ဖြစ်တည်နေကြတာ မဟုတ်ပါဘူး။ စိတ်ဆိုတာ တစ်ခုဖြစ်ပြီး ချုပ်ပြီးမှ တစ်ခုဖြစ်နေတာပါ။ စိတ်ဆိုတာ တစ်ပြိုင်တည်း နှစ်ခါဖြစ်လို့ မရပါဘူး။ သတ္တဝါများရဲ့ ရုပ်, နာမ်အာယုသင်္ခါရသဘောတွေ ကုန်ဆုံးပျက်စီး ဖြစ်ပျက်နေတာတွေကမြန်ဆန်လွန်းတော့ တစ်ဆက်တည်း အစဉ်တန်းဖြစ်နေတယ်လို့ ထင်မှတ်နေကြပါတယ်။ ဒါကို ပါဠိလို "သန္တတိပညတ် = အစဉ်တန်းဖုံးနေတယ်"လို့ ဆိုလိုတာပါ။



www.burmeseclassic.com

www.burmeseclassic.com



ဥပမာ = မီးစတစ်ခုကို ညအမှောင်ထဲမှာ လူတစ်ယောက်က စက်ဝိုင်းသဏ္ဍာန်ဘောမျိုးဖြစ်အောင် မြန်မြန်လှည့်ပြလိုက်သလို အရှိန်ရလာပြီး လည်ပတ်နှုန်း အားပြင်းထန်လာတဲ့ ပန်ကာတစ်ခု သဘောမျိုးလို သတ္တဝါတွေရဲ့ ရုပ်နာမ်, အာယုသင်္ခါရသဘောတရားက ကုန်ဆုံးပျက်စီး ဖြစ်ပျက်မှု အလွန်လျင်မြန်ကြလေတော့ လူသာမန်တွေရဲ့ စိတ်မှာ တစ်ဆက်တည်း အစဉ်အတန်း ဖြစ်နေတယ်လို့ ထင်နေကြတာပါ။ စာရေးသူတို့ ဒီလိုသိရှိနိုင်တာဟာ မြတ်စွာဘုရားက သဗ္ဗညုတဉာဏ်တော်နဲ့ ကိုယ်တိုင်သိရှိပြီး, တစ်ဖန် ပြန်လည်ဟောပြခဲ့တဲ့ ကျေးဇူးတွေကြောင့်ပဲ ဖြစ်ပါတယ်။

ထင်ရှားတဲ့သာဓကတစ်ခုကို ထုတ်ပြရမယ်ဆိုရင် မြတ်စွာဘုရားရှင် ရွှေဟင်္သာမင်းဖြစ်စဉ်ဘဝတုန်းက, သူ့ရဲ့ လျင်မြန်စွာ ပြေးနိုင်စွမ်းရှိတဲ့ အဟုန်အမြန် နှုန်းစွမ်းအားမှာ ဗာရာဏသီ တစ်ပြည်လုံးကို ရွှေဟင်္သာတွေ, ထောင်, သောင်း, သိန်း, သန်း မက တစ်ပြိုင်တည်းကျပြီး ဖုံးလွှမ်းသွားတယ် ထင်နေရလောက်အောင် လျင်မြန်လှပေတယ်ဆိုပဲ။ ကျွမ်းကျင်လိမ္မာတဲ့ လေးသမား လေးဦးကို ခေါ်ပြီး, အရှေ့, အနောက်, တောင်, မြောက် အရပ်လေးမျက်နှာမှာနေစေပြီး သူတို့လေးဦး တစ်ပြိုင်





တည်း ပစ်လွှတ်လိုက်တဲ့ မြားတွေကို ကောင်းကင်မှာ တစ်ခဏအတွင်းမှာ မိအောင် ဖမ်းယူနိုင်စွမ်းရှိပြီး အဲဒီဖမ်းယူပြီးသားမြားတွေကို လေးသမားလေးဦးတို့ရဲ့ခြေရင်းမှာ ရွှေဟင်္သာမင်း ခါးစပ်နဲ့ ဖမ်းကိုက်ပြီး လာရောက်ချထားတာကိုပင် မမြင်လိုက်ရသည်အထိ လျင်မြန်လှပါပေတယ်ဆိုပဲ။ ဒါလောက်အထိ မြန်ဆာလေ။

ဒါကို ဗာရာဏသီမင်း အပါအဝင် ပြည်သူပြည်သားတွေက အံ့သြစရာ အမြန်နှုန်းအဖြစ် ထင်မှတ်နေကြပါတယ်။ သို့ပြော။ ရွှေဟင်္သာမင်းဆီက ကြားလိုက်ရတဲ့ စကားကြောင့် ပိုပြီး အံ့သြတုန်လှုပ်သွားခဲ့ရပါတယ်။ ရွှေဟင်္သာမင်း ပြောစကားကတော့…

“ကျွန်ုပ်ရဲ့ သို့ကလို လျင်မြန်မှုထက် သတ္တဝါတွေရဲ့ ဖြစ်ပြီးပျက်နေတဲ့ အာယုသင်္ခါရ ရုပ်, နာမ်သဘောတွေက ပိုပြီးလျင်မြန်လှပါပေတယ်”တဲ့။ ဒီစကားကို ကြားသိလိုက်ရတဲ့ ဗာရာဏသီမင်းနဲ့ တိုင်းသူပြည်သားတွေဟာ နန်းရင်ပြင်မှာ မူးမေ့လဲကျသွားတဲ့အထိ တုန်လှုပ်ချောက်ချားသွားခဲ့ရပါတယ်။ ရွှေဟင်္သာမင်းဆီက ထပ်မံကြားနာခွင့်ရတဲ့ တရားစကားကြောင့်သာ ဆောက်တည်သက်သာရာ ရခဲ့ပါတယ်။ ဒီလို လျင်မြန်လွန်းလှသောကြောင့် စိတ်ဆိုတာတစ်ခုဖြစ်ပြီး, ချုပ်ပြီးမှ တစ်ခု ဖြစ်တည်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြတာကို မသိမမြင်နိုင်ကြတော့ဘဲ တစ်ဆက်တည်း အစဉ်တန်း သဘောမျိုးအဖြစ် အထင်မှား၊ အမြင်မှား၊ အသိမှား၊ ဖုံးလွှမ်းခံနေရခြင်းကို ပြောတာပါ။ ဒါကို ပါဠိလို "သန္တတိပညတ္တိ" လို့ ခေါ်ပါတယ်။

၃။ ရုပ်နာမ်ခန္ဓာကို ရုပ်တုံး၊ ရုပ်ခဲ အစုအပေါင်းအဖြစ် ထင်ယောင်ဖုံးလွှမ်းခံနေရခြင်း တစ်မျိုးဆိုတာက... နံပါတ်(၂) သန္တတိပညတ်မှာ တင်ပြခဲ့ပြီးတဲ့အတိုင်း ပရမတ်သဘာဝ၊ ရုပ်နာမ်တွေရဲ့သဘောမှာ သူ့နေရာနဲ့သူ၊ သူ့ကလာပ်အဖွဲ့အစည်းနဲ့သူ တစ်ခုဖြစ်ပြီးမှ တစ်ခုဖြစ်ကြရတာပါ။ စိတ်ဆိုတာကလည်း တစ်ပြိုင်နက် နှစ်ခါ ဖြစ်ရိုးထုံးစံ မရှိပါဘူး။ တစ်ခုဖြစ်ပြီး ချုပ်ပြီးမှ တစ်ခုဖြစ်နေကြတာပါ။ သို့ကလို သဘောမျိုးအမှန်ကို မသိမြင်နိုင်တော့ဘဲ ရုပ်ခဲ၊ ရုပ်တုံး၊ အစိုင်အခဲ အပေါင်းအစု အဖြစ် ထင်ယောင်ဖုံးလွှမ်းခံနေရတာကို ပြောတာပါ။ ဒါကို ပါဠိလို... **သမူဟပညတ္တိ**လို့ ခေါ်ပါတယ်။

၄။ သူသူ၊ ငါငါ၊ ယောကျ်ား၊ မိန်းမ၊ ဖြူနီ၊ ပြာ၊ ဝါ၊ လူ၊ တိရစ္ဆာန်ဆိုပြီး တကယ်မရှိတဲ့ အသွင်သဏ္ဌာန်တွေကို ရှိနေ တယ်လို့ ဖုံးလွှမ်းခံနေရခြင်းတစ်မျိုး ဆိုတာက၊ ပရမတ်ရဲ့သဘော မှာ သူ၊ ငါ၊ ယောကျ်ား၊ မိန်းမ၊ လူ၊ တိရစ္ဆာန်၊ နတ်၊ သိကြား





ဗြဟ္မာဆိုတာတွေ မရှိပါဘူး။ ဖြူ၊ နီ၊ ပြာ၊ ဝါ၊ အရောင်၊ အဆင်း၊ အလင်းဆိုတာတွေလည်း မရှိကြပါဘူး။ ဒါတွေက ညွှတ်သဘောတွေပါ။ ဥပမာအားဖြင့်ပြောရရင်...

မြေမှုန့်တွေကို ဇန်းတစ်ခုထဲမှာထည့်ကာ ရေနဲ့နယ်ပြီး အဲဒီရွှံ့တွေကို နွားရုပ်၊ လူရုပ်၊ မြင်းရုပ် စတဲ့ အရုပ်အမျိုးမျိုး လုပ်သလိုပါပဲ။ အဲဒီရွှံ့နဲ့ နွားရုပ်လုပ်ရင် နွားရုပ်၊ လူရုပ်လုပ်ရင် လူရုပ်၊ မြင်းရုပ်လုပ်ရင် မြင်းရုပ်ဆိုပြီး ခေါ်ဆို သမုတ်ကြပါ တယ်။ တကယ့်မူလအရင်းခံက မြေမှုန့်သာ ဖြစ်ပါတယ်။ အဝိဇ္ဇာ ဖုံးလွှမ်းကြတဲ့ မျက်လုံးတွေနဲ့ ကြည့်နေကြတော့ သူ၊ ငါ၊ ယောကျ်ား၊ မိန်းမ၊ လူ၊ နတ်၊ ဗြဟ္မာ၊ တိရစ္ဆာန်၊ မောင်နီ၊ မောင်ဖြူဆိုတဲ့ အသွင်သဏ္ဌာန်ပညတ်တွေကို အမှန်လို့ ထင် ယောင်မှားပြီး ဖုံးလွှမ်းခံနေရတာကို ပြောတာပါ။ ဒါကို ပါဠိ လို... "သဏ္ဌာနပညတ္တိ"လို့ ခေါ်ဆိုပါတယ် ရှင်းပါတယ်နော်။

ဒီလို ပညတ်လေးပါးရဲ့ ဖုံးလွှမ်းခံနေရသူတွေကတော့ သပိတ် ကို အနီးအနားမှာချထားပြီး သစ်ပင်တစ်ပင်အောက်တွင် တစ်ယောက်တည်းနေနေတဲ့ မိမိကို အထီးကျန်ဆန်သူလို့ ထင်နေ ကြမှာပဲလို့ ရဋ္ဌပါလရဟန်းငယ် စဉ်းစားမိလိုက်တယ်။ သို့ပြီး။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်း ဒါပေမယ့် အထီးကျန်သူ မဟုတ်ပါဘူး
သီလ၊ သမာဓိ၊ ပညာဆိုတဲ့ အရာတွေက မိမိရဲ့ မိဘ၊ မိမိ
ဆွေမျိုး၊ မိမိရဲ့ သူငယ်ချင်းအပေါင်းအပါတွေပါပဲ။

နောက်ပြီး သဒ္ဓါ၊ ဝီရိယ၊ အခြွေအရံပါ ထပ်ထည့်ပေါ
လိုက်တော့ ပိုပြီး တက်တက်ကြွကြွ ပျော်ပျော်ရွှင်တောင် ဖြစ်မိ
သေးတယ်။ လူ့ဘဝ သူဌေးသားအဖြစ်နဲ့တုန်းကလည်း မိဘနှစ်
ပြီးတော့ ဆွေမျိုးဉာတကာတွေ သူငယ်ချင်း အပေါင်းအပါတွေ
ပျော်ပျော်ရွှင်ရွှင် နေထိုင်ခဲ့ရပါတယ်။ ရဟန်းဘဝ ရောက်
ပြန်တော့လည်း သီလဆိုတဲ့ မိဘနှစ်ပါး၊ ပြီးတော့ သမာဓိ
တဲ့ ဆွေမျိုးဉာတကာတွေ ပညာဆိုတဲ့ အပေါင်းအပါတွေအ
သဒ္ဓါ၊ ဝီရိယဆိုတဲ့၊ အခြွေအရံ မိတ်ဆွေတွေနဲ့ နေနေရ
မိမိမှာ သိမ်ငယ်တယ်၊ အထီးကျန်တယ်လို့ မခံစားရပါဘူး

မိမိမှာ လူ့ဘဝ သူဌေးသားအဖြစ်နဲ့လည်း ပျော်ပျော်ရွှင်
နေထိုင်ခဲ့ရသလိုပါပဲ။ ရဟန်းဘဝမှာလည်းပဲ နှိုင်းတုမ
ပျော်ရွှင်ခြင်းတစ်မျိုးနဲ့ နေထိုင်ခဲ့ရပါတယ်။ အရှင်ရှုပါ
ရဟန်းဘဝ၊ ရဟန်းအဖြစ်မှာ နေထိုင်ခွင့်ရတဲ့ ပျော်ရွှင်မှုမျိုး
တော့ မိမိကိုယ်တိုင် ဆုံးဖြတ်ရွေးချယ်ပြီးမှ ခက်ခက်ခဲခဲ ရ
တာဆိုတော့ လူ့ဘဝသူဌေးသားအဖြစ်နဲ့ တွေ့ကြုံခံစားခဲ့ရ





ပျော်ရွှင်မှုမျိုးတွေထက် ပိုပြီး တန်ဖိုးထား မြတ်နိုးမိပါတယ်။ လူ့ဘဝသူဌေးသားအဖြစ်နဲ့ တွေ့ကြုံခံစားရရှိခဲ့တဲ့ ပျော်ရွှင်မှုမျိုးတွေက မိဘ၊ ဆွေမျိုး၊ သူငယ်ချင်းလို့ဆိုတဲ့ ဘေးပယောဂအများတကာတွေက ဝိုင်းပြီးဖန်တီးပေးမှုကြောင့် ရရှိခဲ့တဲ့ ပျော်ရွှင်မှုမျိုးပါ။ ရဟန်းဘဝ ရဟန်းအဖြစ်နဲ့ ရရှိခဲ့တဲ့ ချမ်းသာပျော်ရွှင်မှုမျိုးကြတော့ အဲသလို မဟုတ်ပါဘူး။ ကိုယ်တိုင်ကိုယ်ကျ ခက်ခက်ခဲခဲ ဖန်တီးတည်ဆောက်ပြီးမှရတဲ့ ပျော်ရွှင်မှုမျိုးဖြစ်နေတာကြောင့်လည်း ပိုပြီး တန်ဖိုးထားရခြင်း ဖြစ်ပါတယ်။ ရဟန်းပြုရခြင်းကြောင့် ရရှိနိုင်တဲ့ အကျိုးတရားတွေကတော့ မြတ်စွာဘုရားရှင်က "သာမညဖလသုတ်မှာ ဟောကြားတော်မူပြီး" ဖြစ်ပါတယ်။

လောကသဘောအရ လူအများစုအနေနဲ့ မိ မရှိ၊ ဖ မရှိ၊ ဆင်းရဲနွမ်းပါးသူ၊ ရာထူး၊ အာဏာ၊ စည်းစိမ်ဥစ္စာဆိုတာတွေ မရှိကြလို့၊ သွားလာ၊ ဝင်ထွက်၊ အခြွေအရံ မရှိတဲ့သူကို အထီးကျန်ဆန်သူလို့ ခေါ်ဆိုသမုတ်ကြပါပေတယ်။ ဒါဆိုရင် ဲသြယသံသရာဝဋ် ဆင်းရဲဒုက္ခ၊ ခန္ဓာရဲ့ ဆင်းရဲ၊ ခန္ဓာဒုက္ခတွေကို ကြောက်လို့ ရွှေ၊ ငွေ၊ စည်းစိမ်ဥစ္စာ၊ ရာထူး၊ အာဏာ၊ လောကလူသားတွေ အမြတ်တနိုး တန်ဖိုးထားတတ်ကြတဲ့အရာတွေကို စွန့်ပယ်ပြီး၊ သပိတ်တစ်လုံး၊ သင်္ကန်းသုံးထည်နဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်တောဝင်, တစ်တောထွက် ဧကစာရီ တရားမေ့ ကျင့်ကြံအား ထုတ်နေကြတဲ့ အရှင်မြတ်တွေကိုရော အထီးကျန်ဆန်သူလို့ ခေါ်ဝေါ်သမုတ်သင့်ပါသလား။

တစ်ခါတုန်းက မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး အင်မတန် ချမ်းအေးလှတဲ့ ဆောင်းလရာသီမှာ တောကြီးမျက်မည်းထဲမှာ အဖော်မပါ တစ်ပါးတည်း သီတင်းသုံးနေတော်မူခဲ့ပါတယ်။ သီတင်းသုံးတယ်ဆိုပေမယ့် ခမ်းနားထည်ဝါလှပသော ကျောင်းတော်ကြီးထဲမှာ မဟုတ်သလို, အရိပ်အာဝါသကောင်းတဲ့ သစ်ပင်ကြီးရဲ့အောက်မှာလည်း မဟုတ်ပါဘူး။ အရိပ်အာဝါသ မရှိတဲ့ လွင်တီးခေါင်မှာ မြက်သစ်မြက်တွေကို စုပုံခင်းထိုင်ပြီး နှင်းတွေ တဖွားဖွားကျနေတဲ့ နှင်းတောကြီးထဲမှာ တစ်ပါးတည်း သီတင်းသုံးနေတာပါ။ ဒီလို နှင်းတောကြီးထဲမှာ တစ်ပါးတည်း သီတင်းသုံးနေတဲ့ မြတ်စွာဘုရားရှင်ကို ဒါယကာတစ်ဦး မြင်တွေ့လိုက်ရတော့ သိပ်ပြီး အံ့သြသွားခဲ့ပါတယ်။ ဒါကြောင့်…

“ဘုန်းတော်ကြီးသော မြတ်စွာဘုရား ညက ချမ်းချမ်းသာသာနဲ့ အိပ်စက်ရပါသလား ဘုရား” လို့ လျှောက်ထားမေးမြန်းသမှု ပြုလိုက်ပါပေတယ်။

“ချမ်းချမ်းသာသာနဲ့ အိပ်စက်ရပါပေတယ် ဒါယကာ” တဲ့





မြတ်စွာဘုရားက မိန့်ဆိုဖြေကြားလိုက်တော့ ပိုပြီး အံ့အားသင့်သွားရပြန်ပါတယ်။ ဆက်လက်ပြီး မြတ်စွာဘုရားက…

“ဒါယကာ, ငါဘုရားဟာ ကိလေသာတည်းဟူသော ဆူး, ညောင့်, ခလုတ်, ကန်သင်းတို့ကို ခုတ်ထွင်, ရှင်းလင်းဖယ်ရှားနိုင်ပြီး, တရားမေ့စျာန်ချမ်းသာဆိုတဲ့အပေါ်မှာ တစ်ကြောင်းတည်းသောစိတ်နဲ့ အမြဲတမ်း အာရုံပြုနေထိုင်နေတာဖြစ်လို့ ဘယ်နေရာ, ဘယ်ဒေသမှာပဲဖြစ်ဖြစ် အပူအပင်ကင်းစွာ ချမ်းချမ်းသာသာနဲ့ အိပ်စက်ရပါပေတယ်။ ကိလေသာ ဆူး, ညောင့်, ခလုတ်, ကန်သင်းတွေ ပြည့်နှက်နေတဲ့သူအတွက် အိစက်ညက်ညောလှတဲ့ မွေ့ရာအိပ်ရာပေါ်မှာ အိပ်စက်ရပါစေမူ ရင်တွင်းကပူလောင်နေတဲ့ သူ့ရဲ့ ကိလေသာ အခိုးအငွေ့တွေကြောင့် ကောင်းကောင်းမွန်မွန် အိပ်စက်ပျော်မွေ့နိုင်မှာ မဟုတ်ပါပေဘူး” တဲ့။

ဒါကြောင့် သူတော်ကောင်းကို အမှီသဟဲပြုနေတဲ့သူတွေအတွက် အထီးကျန်ဆန်တယ်ဆိုတဲ့ အတွေးမျိုး တွေးကြမှာ မဟုတ်ပါဘူး။ “ရဋ္ဌပါလ” ရဟန်းတော်လေးဟာ, လောကအချုပ်တွေကြားမှာ သူသူ, ငါငါ, ယောကျ်ား, မိန်းမ, မကွဲပြားနိုင်တော့တဲ့အထိ အရောင်ပညတ်တွေ ဖုံးလွှမ်းခံရခြင်းအားမှ



www.burmeseclassic.com

www.burmeseclassic.com



လွတ်အောင် ရည်ရွယ်ချက်နဲ့ တစ်တောဝင်, တစ်တောထွက် တရားအားထုတ်နေတဲ့သူပါ။ အခုချိန်မှာတော့ ဆွေ မရှိ, မျိုး မရှိ, မိ မရှိ, ဖ မရှိ အပေါင်းအသင်း အခြံအရံဆိုတာတွေလည်း အတိတ်မှာ ကျန်ရှိခဲ့ပါပြီ။ မိမိမှာရှိတာဆိုလို့ သပိတ်တစ်လုံး, သင်္ကန်းသုံးထည်မှလွဲပြီး ပစ္စည်း, ဥစ္စာ, ရာထူးဂုဏ်သိန် ဆိုတာ တွေလည်း ဗလာနတ္ထိပါပဲ။

မိဘရိပ်မြုံ ခမ်းနားထည်ဝါလှတဲ့ အိမ်ဂေဟာမှ အပြီးတိုင် ထွက်ခွာလာခဲ့ပြီဆိုတော့ သူတစ်ပါး စွန့်ပစ်လျှုဒါန်းထားတဲ့ ကျောင်းကန်တွေမှာ ကိလေသာတန်းလန်း, ရဟန်းကိစ္စ မပြီး မြောက်သေးပါဘဲ နေဖို့ဆိုတာ ရှက်ရွံ့နေမိပါတယ်။ ဒီတော့တတ် နိုင်သမျှအရိပ်အာဝါသမစ္ဆရိယစိတ်တွေ, ခင်တွယ်စွဲလမ်းတဲ့ စိတ် တွေကင်းအောင် နေစရာနေရာ အတည်တကျမရှိတဲ့ ခြေသလုံး အိမ်တိုင်, လှည့်လည်သွားလာပြီး တစ်တောဝင်, တစ်တောထွက် သစ်တစ်ပင်, ဝါးတစ်ပင်အောက်မှာနေပြီး အိမ်စဉ်အတိုင်း ဆွမ်းခံ ရသမျှ စားစရာလေးနဲ့ မသေရုံတမျှ စားသောက်နေထိုင်ကာ သံသရာလွတ်မြောက်ကြောင်း တရားဓမ္မကို ရှာဖွေဖို့ အပြီးအပိုင် ဆုံးဖြတ်ခြင်းမှတစ်ပါး အခြားနည်းလမ်း မရှိတော့ပါဘူး။

သို့ကလို တရားဓမ္မ ရှာဖွေနေဆဲကာလ မိမိဘဝအခြေအနေ





အဝိဇ္ဇာဖုံး, ပညတ်ဖုံး, တရားဓမ္မ အသိမဲ့မျက်လုံးနဲ့ သာမန် ကြည့်လိုက်မယ်ဆိုရင်တော့ တစ်ယောက်တည်း မျက်နှာငယ်လေး အထီးကျန်ဆန်တဲ့ သနားစရာအဖြစ် ထင်မြင်ယူဆနေကြပါ မှာမယ်။ သို့ပြား။ ပြုပြင်ပေးရသမျှ ခန္ဓာဒုက္ခ, ခန္ဓာဆင်းရဲနဲ့ ဓါရတရားတို့ရဲ့ အနှစ်သာရမဲ့ကြပုံတွေကို သိမြင်ကြသူတွေ, တ်ရုပ်နာမ်သဘော အရှိကို အရှိတိုင်း အသိနဲ့ သိမြင်နိုင်တဲ့ ဉာဏ်မျက်စိရှိသူတွေအနေနဲ့ကတော့ အထီးမကျန်ပါဘူးလို့ ခြားခြား သိမြင်နိုင်ပါလိမ့်မယ်။

ဒါ့ကြောင့် မိမိနဲ့ စိတ်တူကိုယ်တူရှိက အတူနေထိုင်ကြပြီး ပတ်ဝန်းကျင်အယူအဆသဘောတွေ "ပြဒါးတစ်လမ်း, တစ်လမ်း" ဖြစ်နေလောက်အောင် ဆန့်ကျင်ကွဲပြားနေပါက ယောက်တည်း ဘေးလွတ်ရာသို့ သွားသင့်ပြီး သံသရာလွတ် ကြောင်း တရားဓမ္မတွေကို ကြိုးစားကြပါစေချင်ကြောင်း နဲ့ ဒီစာစုကို တိုက်တွန်းရေးသားသမှုပြု လိုက်ရပါပေ ။ တစ်ယောက်တည်းပေမယ့် မကြောက်ဖွဲ့နဲ့ တရားရှာကြ ပါလို့။

■



www.burmeseclassic.com

www.burmeseclassic.com



# 'သာသနာ့ဘောင်ထဲကို ပါမလာသင့်သော အတွေးလေးမျိုး'

ရှုပါလရဟန်းတော်လေးဟာ တစ်တောဝင်, တစ်တော ထွက် ဧကစာရီကျင့်ရင်း လှည့်လည်တရားအားထုတ် လာလိုက် တာ တစ်နေ့တော့ ကောရဗျမင်းကြီးရဲ့ မင်္ဂလာဥယျာဉ်တော်ထဲ ကို ရောက်ရှိလာခဲ့ပါတယ်။ မိဂစီရဥယျာဉ်ရဲ့ တည်ဆောက်ထား သဘာဝအခြေအနေတွေက တရားအားထုတ်ဖို့ရန်အတွက် အသင့် တော်ဆုံးပါပဲ။ ဒါ့ကြောင့် ငြိမ်သက်တိတ်ဆိတ်ပြီး အရိပ်အာဝါသ ကောင်းတဲ့ သစ်ပင်တစ်ပင်အောက်မှာ ဝင်ရောက်ပြီး တရားအ ထုတ်နေပါတော့တယ်။ ဥယျာဉ်မှူးလည်း ရဟန်းတော်လေ တင်ပျဉ်ခွေထိုင်ကာ, မျက်လွှာလေးချပြီး တရားရှုမှတ်နေတာ အကြည်သိုကြီး ကြည်ညိုနေပါတယ်။ ဒီအချိန် ကောရဗျမင်းကြ ဥယျာဉ်ကစားဖို့ရန်အတွက် အခြွေအရံအသင်းအပင်းတွေနဲ့ လာ





နေပြီဆိုတဲ့ သတင်းစကားကို ဥယျာဉ်မှူးကြားသိရတဲ့အခါ "ရှုပါလ" ရဟန်းတော်လေး တရားအားထုတ်နေတာကို အနှောင့်အယှက်ဖြစ်သွားမှာစိုးလို့ မင်းကြီး ဥယျာဉ်ထဲ မရောက်မီ အလျင်အမြန် သွားရောက် သံတော်ဦးတင်လိုက်ပါတယ်။

"အရှင်မင်းကြီး, အရှင်မင်းကြီးအတွက် မင်္ဂလာဘုန်းကျက် သရေ တိုးတက်ဖွယ်ရာစကား လျှောက်ထားပါရစေဘုရား။ အရှင် မင်းကြီးရဲ့ မိဂစီရဥယျာဉ်ထဲမှာ အင်မတန် ကြည်ညိုလေးစားစရာ ကောင်းတဲ့ ရဟန်းတော်လေးတစ်ပါး တရားအားထုတ်နေပါတယ် ဘုရား"

သို့ကလို ဥယျာဉ်မှူးက လျှောက်ထားသမ္မပြုလိုက်တော့ ဗုဒ္ဓ ဘာသာကို ယုံကြည်ကိုးကွယ်တဲ့ မင်းတစ်ပါးအနေနဲ့ ဒီအချိန်ဟာ သူ ဥယျာဉ်မကစားသင့်သေးတဲ့ အချိန်ကာလတစ်ခုပဲဆိုတာ သိရှိရိပ်မိသွားခဲ့ပါတယ်။ ရဟန်းတော်လေးကို အနှောင့်အယှက် ပေးသလို ဖြစ်သွားမှာစိုးရိမ်တဲ့အတွက် မင်းကြီးက ဥယျာဉ်ကစား မယ်ဆိုတဲ့ ရည်ရွယ်ချက်ကိုဖြတ်ကာ ဥယျာဉ်မကစားတော့ဘဲ ရဟန်းတော်လေးထံ သွားရောက်ဖူးမြော် တရားနာတော့မယ်ဆိုပြီး သွားရောက်ပါတော့တယ်။ မင်းကြီးရဲ့စိတ်ထဲမှာ "ရှုပါလ" ရဟန်းလေးကို မြင်တွေ့လိုက်ရတော့ "ဒီရဟန်းတော်လေး အနေ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ အရွယ်ကငယ်ငယ်, ဥစ္စာစီးပွားနေနဲ့လည်း ပြည့်စုံ, ဆွေမျိုးဉာတကာ, သူငယ်ချင်း, အပေါင်းအပါ အခြံရံတွေကလည်း ပေါများ, သူ့ကို အသည်းပေါက်မတတ် ချစ်ရှာလွန်းလို့ အလိုလိုက် အကြိုက်ဆောင်ပေးတတ်တဲ့ မိဘတွေကလည်း ရှိပါဘိသနဲ့ ဒီလိုအခြေအနေမျိုးမှာ ရဟန်းမပြုသင့်ပေဘူး''

ငယ်ရွယ်စဉ် လူ့လောကီ ကာမဂုဏ်စည်းစိမ်တွေကို အားပါးတရ ခံစားစံစားပြီး အသက်အရွယ် ကြီးရင့်မှ ရဟန်းပြုလိုက်မယ်ဆိုရင် သူ့အတွက် လောကီလောကုတ္တရာ နှစ်ဖြာသောအကျိုးကို ရမှာ အသေအချာပါပဲ ဆိုပြီး တွေးတောမိလိုက်ပါတယ်။ သို့ကလို သူ့စိတ်ထဲ တွေးမိယူဆမိတာကိုလည်း ပွင့်ပွင့်လင်းလင်း ဖွင့်ဟလျှောက်ထားလိုက်ပါတယ်။

''အရှင်ဘုရား လောကမှာ''

၁။ ဇရာပါရိဇုည, အိုမင်းမစွမ်းဖြစ်နေတဲ့ ပုဂ္ဂိုလ်။

၂။ ဗျာဓိပါရိဇုည, နာတာရှည်ရောဂါ ဖိစီးနှိပ်စက်ခံနေရတဲ့ ပုဂ္ဂိုလ်။

၃။ ဘောဂပါရိဇုည= စည်းစိမ်ဥစ္စာတွေ ပျက်စီးဆုံးရှုံးကုန်တဲ့ ပုဂ္ဂိုလ်။





၄။ ဉာတိပါရိဇုည= ဆွေမျိုးမိတ်သင်္ဂဟတွေ ပျက်စီးဆုံးရှုံးကုန်တဲ့ ပုဂ္ဂိုလ်။ ဒီလိုအိုးဘေးဒုက္ခ, နာဘေးဒုက္ခ, ဥစ္စာစီးပွားပျက်စီးခြင်း ဘေးဒုက္ခ, ဆွေမျိုးဉာတကာတွေ ပျက်စီးခြင်း ဘေးဒုက္ခလို့ဆိုတဲ့ ဘေးဒုက္ခဆင်းရဲ လေးမျိုးကို အကြောင်းပြုပြီး ခိုကိုးရာမဲ့လို့ဖြစ်စေ, အိုမင်းကြီးရင့်လာတော့ သတိသံဝေဂရလို့ဖြစ်စေ, သာသနာ့ဘောင်ထဲကိုဝင်ရောက်ပြီး ရှင်, ရဟန်းပြုကြပါတယ်။ အရှင်ဘုရားမှာတော့ အရွယ်ကလည်း ချိုမျစ်မျစ် နုနုနယ်နယ် ငယ်ငယ်ရွယ်ရွယ်, စည်းစိမ်ဥစ္စာအသိုင်းအဝိုင်း, ဆွေမျိုးဉာတကာ, သူငယ်ချင်းအပေါင်းအပါ အခြံအရံတွေကအစ, ရုပ်ရည်ရူပကာအဆုံး ဘာမှ ချွတ်ယွင်းချက်ဆိုတာ မရှိလောက်အောင် ပြည့်စုံလှပါဘိသနဲ့ ဘာဖြစ်လို့ ဒီလိုငယ်ရွယ်တဲ့အချိန်မှာ ရဟန်းပြုလာရပါသလဲဘုရား''တဲ့။

ကြည့်စမ်း ကောရဗျမင်းကြီးက လူတွေသာသနာ့ဘောင်ထဲ ဝင်ရောက်ရမယ့် အချိန်အခါ အကြောင်းအရာတွေကို သူ့သဘောနဲ့သူ သတ်မှတ်ပိုင်းခြားလိုက်တာက တကယ့်ကို အံ့သြစရာပါပဲ။ သူပြောတဲ့ အကြောင်းအရာတွေက...

၁။ ဇရာပါရိဇုည= အိုမင်းမစွမ်းနိုင်တဲ့အရွယ်ဟာ သာသနာ့ဘောင်ထဲကို ဝင်ရောက်ခိုလှုံဖို့ရာ အသင့်တော်ဆုံး, အကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဆုံး အချိန်အခါပါပဲတဲ့။ သူ့အတွေးက သာသနာ့ပြင်ဘက် သာသနာ့ ပြင်ပ, ပိုင်းဆိုင်ရာတွေဘက်က ဈေးကွက်တွက်ပြီး လိုရာဆွဲတွေးထားတဲ့ အတွေးတွေပဲ ဖြစ်ပါတယ်။ သာသနာ့ နယ်ပယ်, လောကုတ္တရာနယ်ပယ် ရှုထောင့်ဘက်က မွေ့မိဋ္ဌာန်း ကျကျ တွေးထင်ထားတဲ့အမြင် မဟုတ်ပါဘူး။ လောကီနယ်မှာ အိုပယ်ဆိုတဲ့ စကားတစ်ခု ရှိပါတယ်။ အသက်အရွယ်ကြီးရင့် အိုမင်းမစွမ်းနိုင်မှတော့ လူမှုရေး, စီးပွားရေး, မိသားစုရေးတွေ ဘက်မှာ ကောင်းကောင်း ရှာဖွေ, စောင့်ရှောက်ခြင်း မပြုနိုင် တော့ပါဘူး။ သို့ကလို အခြေအနေအ ချိန်အခါမျိုးမှာ သား ကောင်း, သမီးကောင်းကို ပိုင်ဆိုင်ထားတဲ့ မိဘများအတွက် ဆေးပေးမီးယူ ကျန်းမာရေးကအစ အားလုံး မကြောင့်မကျ အဆင်ပြေနေတာမို့ ပြဿနာမရှိပါဘူး။ ဒါကို အိုကံ, အိုဇာတာ ကောင်းတယ်လို့ ခေါ်ဝေါ်သမုတ်ကြပါပေတယ်။

အသိဉာဏ် ဆင်ခြင်ဉာဏ် မဲ့ပြီး မိုက်မဲလှတဲ့ သားဆိုးသမီး ဆိုးများရဲ့ မိဘတွေကတော့ "အိုပယ်"ဆိုတဲ့ စကားအတိုင်း ချောင်ထိုးခံနေရဖို့ပဲ ရှိပါတော့တယ်။ တစ်ခါတုန်းက စာရေးသူ ဆွမ်းခံကြွရင်း သားအမိနှစ်ယောက်ရဲ့ အကျည်းတန် ရုပ်ဆိုးလှတဲ့ မြင်ကွင်းတစ်ခုနဲ့ ပက်ပင်းတွေ့ကြုံခဲ့ဖူးပါတယ်။ မိခင်ဖြစ်သူက





သားဖြစ်သူကို တောင်းပန်ချော့မော့ပြောဆိုနေပေမယ့် သားဖြစ်သူ ဟာ ဒေါသတကြီး ပြန်လည်ကြိမ်းဝါးရန်တွေ့နေပုံက တကယ့်ကို ကြားဝံ့မနာသာ ထိတ်လန့်ဖွယ်ရာပါပဲ။ မိခင်ဖြစ်သူက သားကို အိမ်ပြန်ဖို့ရာ ချော့မော့ဆွဲခေါ်နေတာကို သားဖြစ်သူ ပြန်လည် ရုန်းထုတ်ရုန်းကန်ပြီး ပါးစပ်ကလည်း ယုတ်ယုတ်ညံ့ညံ့ ဆဲရေး နေပါတယ်။ လမ်းကျဉ်းကျဉ်းလေးဆိုတော့ စာရေးသူအနေနဲ့ သူတို့သားအမိကို ရှောင်ကွင်းသွားလို့ကလည်းမဖြစ်, သူတို့ သားအမိနှစ်ယောက်ရဲ့ ဆွဲလား, ရုန်းလား အကျည်းတန်တဲ့မြင်ကွင်း တွေ့ရုံတင်မကပါဘူး။ အမေကို စိတ်ရှိတိုင်း ငါကိုင်တုတ်နေတဲ့ ညစ်ညစ်နွမ်းနွမ်း ဆဲရေးတိုင်းထွာနေတာကိုပါ ကြားနေရပါတယ်။

ဒီတော့ စာရေးသူလည်း စိတ်လွတ်သွားပြီး တွေ့ရာဆွဲလို့ ကောက်ရိုက်ချင်စိတ်တောင် ပေါ်ပေါက်လာမိပါတယ်။ သို့ကြား။ စာရေးသူက ရဟန်းတစ်ပါးလေ။ မိမိစိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ်ပြီး တည်ငြိမ်အောင်ထားရှိမှသာ သင့်တော်တော့မပေါ့။ ဒါနဲ့ စာရေးသူလည်း မိမိရင်တွင်းစိတ်ကို အတတ်နိုင်ဆုံး ထိန်းချုပ် တည်ငြိမ်အောင်ထားပြီး "ဖြစ်ချင်ရာဖြစ် သဘောမျိုးနဲ့ ကြားဝင် ဖျန်ဖြေပေးတဲ့အနေနဲ့ အကျိုးအကြောင်းကို မေးမြန်းကြည့်မိ ပါတယ်။



www.burmeseclassic.com

ဒီတော့မှ ပိုပြီးတောင်ထိတ်လန့်အံ့ဩမိပါတယ်။ သားအမ်ိ နှစ်ယောက်ရဲ့ ပြဿနာက ဘာမှကြီးကျယ်လှတာ မဟုတ်ပါဘူး။ အမေဖြစ်သူက ကျောင်းချိန်နီးနေလို့ သားဖြစ်သူ ဘောလုံးကန်နေ တာကို သွားခေါ်လို့တဲ့လေ။ ကောင်လေးကိုကြည့်ရတာ အတော် ကို ဆိုးပေရမ်းကားမယ့် လက္ခဏာပါပဲ။ ရှစ်တန်း၊ ကိုးတန်းတတ် နေတဲ့ အသက်အရွယ်လောက်ပဲ ရှိပါလိမ့်မယ်။ စာရေးသူစကား ပြောနေစဉ်မှာတောင် အမေဖြစ်သူကို ရုံဖန်ရံခါ ဆဲရေးနေတာ ကြောင့် အမေဖြစ်သူက၊ “နင့်ကို လူတွေထွက်လာပြီး ဝိုင်း ရိုက်ကြလိမ့်မယ်”ဆိုပြီး သတိပေးနေတာ တွေ့ရပါတယ်။

“ကောင်လေး၊ မင်းအနေနဲ့ ဘယ်လောက်ပဲ စိတ်ဆိုးနေ စိတ်ဆိုးနေ၊ အမေကိုတော့ ဒီလိုပြန်ဆဲတာမျိုး မလုပ်သင့်ဘူး။ မင်းပြောတာတွေက စည်းမဲ့၊ ကမ်းမဲ့ အရမ်းကို ဘောင်ကျော် နေပြီ။ ဒီတော့ မင်းအမေနဲ့ အေးအေးဆေးဆေး အိမ်ကိုပြန်လိုက် သွားလိုက်ပါ”လို့ စာရေးသူ ဒီလိုပြောလိုက်တာကို သူ့စိတ်ထဲ မှာ သိပ်ကျေနပ်ပုံတော့ မရပါဘူး။ မျက်ထောင့်နီကြီးနဲ့ စာရေးသူ ကို အတော်ကြာအောင် စူးစူးစိုက်စိုက်ကြည့်ပြီး ဘာစကားမှ မပြောဘဲ ချာခနဲ သူတို့အိမ်ဘက်ကို လှည့်ထွက်သွားပါတယ်။ အမေဖြစ်သူကလည်း “ဦးပဉ္ဇင်း ကန်တော့နော်”လို့ ဆိုပြီး လက်အုပ်





ကလေးချီကာ သားဖြစ်သူနောက်သို့ လိုက်သွားတာ တွေ့မြင်ရပါ တယ်။ ဒီလိုသားသမီးမျိုးကြတော့ အတော်ကို ကြောက်စရာပါပဲ။

တချို့ သားဆိုး၊ သမီးဆိုးများကြတော့ အိုမင်းမစွမ်းနိုင်တဲ့ ဘိုးဘွား၊ မိဘများကို မိမိတို့နဲ့မနေနိုင်လောက်အောင် ပုံစံအမျိုး မျိုးနဲ့ နှိပ်စက်ပြုမူ ဆက်ဆံတတ်ကြပါတယ်။ အားကိုးရာမဲ့နေကြ ရှာတဲ့ သက်ကြီးရွယ်အိုများက ဘယ်လိုမှ မခံမရပ်နိုင်တဲ့အဆုံး အိမ်ပေါ်ကဆင်းသွား၊ သူတို့ကလည်း ဒီအခြေအနေမျိုးဖြစ်အောင် တမင်ဖန်တီးထားတာဆိုတော့ ဝမ်းသာနေမှာပေါ့လေ။ ဒါမျိုးတွေ ဖြစ်ပျက်နေကြခြင်းမှာ အချို့သောကိစ္စရပ်တွေက မိဘရဲ့အရွယ် ကောင်းစဉ်တုန်းက ပြုမူပြောဆိုနေထိုင်ကြတဲ့ ကိစ္စရပ်တချို့နဲ့ ပတ်သက်ဆက်နွယ်လျှက် နေပါတယ်။ သားကောင်း၊ သမီး ကောင်း၊ ဖြစ်ရေး၊ မဖြစ်ရေးဆိုတာ မိဘတွေအပေါ်မှာ အများကြီး မူတည်နေပါတယ်။

တချို့မိဘတွေက သူတို့အနေနဲ့ နေချင်သလိုနေမယ်။ သား သမီးတွေအပေါ်ကြတော့ စည်းကမ်းချက်တွေနဲ့ ကန့်သတ်ပေး ထားလိုကြပါတယ်။ “အမေတို့ကြတော့ ဘာဖြစ်လို့ ဒီလိုနေ ကြတာလဲ”ဆိုပြီး နှုတ်ခံပြန်ပြောလေ့ရှိတဲ့ သားသမီးကို “နင်က

www.burmeseclassic.com



မိဘကိုတောင် ပြန်ပြောရဲတယ်'' ဘာညာနဲ့ ဒေါသတကြီး ကြိမ်ဝါးရိုက်နှက် ဆုံးမလေ့ရှိကြပါတယ်။ ဒါဟာ မိဘတွေ အနေနဲ့ အရွယ်ကောင်းစဉ်တုန်းမှာပဲ လုပ်လို့ရမှာပါ။ ကိုယ်က အမြဲတမ်း ဒီလိုနေရမှာမှ မဟုတ်တာ။ အိုမင်းကြရဦးမှာပဲ။ ကိုယ်က ကျလူ၊ သူက တက်လူ အတုံ့အလှည့်သဘောကို သူတို့ မေ့လျော့နေပုံရပါတယ်။ ဒီလိုမိဘမျိုးကြတော့ အသက်အရွယ်ကြီးရင့် အိုမင်းမစွမ်းနိုင်တော့တဲ့အခါမှာ တချို့သော သား၊ သမီးတွေက ကလဲ့စားချေ၊ အတိုးချနှိပ်စက်တတ်ကြပါတယ်။ အဲဒီအခါကျတော့ ခက်ကုန်ရောမဟုတ်လား။

တချို့ကြပြန်တော့ သားသမီးတွေက တော်ကြ၊ ကောင်းကြလိမ္မာကြပါပေတယ်။ သို့ငြား။ မိဘများရဲ့ နှုတ်ဝသီ ပြောဆိုကြမ်းတမ်းမှု၊ အနေအထိုင်မတတ်မှု၊ စဉ်းစားဉာဏ် နုံ့နုံ့နဲ့နဲ့ ပြောဆိုဆက်ဆံတတ်မှုတွေကြောင့် သားသမီးတို့မှာ များစွာအရှက်ရပါတယ်။ နောက်ဆုံး ကိုယ့်မိဘအရင်းတွေကိုတောင် ခေါ်ဝေါ်ပြောဆို ဆက်ဆံရမှာ ရွံ့တွန့်တွန့်ဖြစ်လာရတဲ့အထိ အနေစိမ်းသွားတတ်ကြပါတယ်။ နောက်ပြီး တချို့ကြပြန်တော့ မိဘတွေက အနေအထိုင်၊ အပြောအဆို အရမ်းတော်ပြီး မိမိတို့ သားသမီးတွေကိုလည်း သူတို့အတိုင်း ဖြစ်စေချင်လွန်းလို့ ပုံစံအမျိုးမျိုး နည်း



သိမ်းပြ ပြောဆိုဆုံးမပေမယ့် ဗီဇစရိုက်ကိုက ဆိုးဝါးလွန်းတဲ့ သားဆိုးသမီးဆိုးတွေလည်း လောကမှာ ရှိကြပါတယ်။ ဒီလို သားသမီးမျိုးကြပြန်တော့လည်း မိဘတွေဘယ်လောက်ပဲ တော်တော်၊ ဘယ်လောက်ပဲကောင်းကောင်း တစ်ချိန်ချိန်ကြရင် ခံဝယ်ချောင်ထိုးခံကြရမှာ မလွဲပါဘူး။ အမှန်က မိဘကလည်း မိဘနဲ့တူအောင်နေ၊ သားသမီးကလည်း သားသမီးနဲ့တူအောင် နေထိုင်တတ်ကြရင်ဖြင့် ဒီလောကကြီးဟာ သိပ်ပြီးနေပျော်တဲ့ လောကကြီးတစ်ခု ဖြစ်လာမှာပါ။ ဒီလိုမှမဟုတ်ရင် ကောရဗျမင်းကြီးတွေးသလို သာသနာတော်ကို ဈေးကွက်၊ ခုတုန်းသဘောအဖြစ် ရှုမြင်တတ်တဲ့ ''ဇရာပါရိဇုည'' လူတွေ အသက်အရွယ် အိုမင်းမစွမ်းနိုင်ကြတဲ့ အရွယ်ဟာ သာသနာ့ဘောင်ထဲကို ဝင်ရောက်ခိုလှုံဖို့ရာအတွက် အသင့်တော်ဆုံး၊ အကောင်းဆုံး အချိန်အခါပဲလို့ဆိုတဲ့ အတွေးတွေ လွှမ်းမိုးနေကြဦးမှာပါ။

ဒါဖြင့်ရင် ဘယ်အသက်အရွယ်မှာ သာသနာ့ဘောင်ထဲကိုဝင်သင့်သလဲ။ နောက်ပြီး အသက်အရွယ် ကြီးရင့်အိုမင်းမစွမ်းနိုင်ကြတဲ့သူတွေ သာသနာ့ဘောင်ထဲကို မဝင်ရတော့ဘူးလားဆိုတဲ့ အတွေးမျိုးတွေက ဝင်လာနိုင်ပါတယ်။ အဖြေကလည်း အဆင်သင့်ပါပဲ။ လူငယ်၊ လူလတ်၊ လူကြီးပိုင်းဆိုပြီး အသက်အရွယ်



www.burmeseclassic.com

www.burmeseclassic.com



အချိန်ကာလ တိတိကျကျ ပိုင်းခြားဖို့ရာ မလိုပါဘူး။ စစ်မှန်သော သဒ္ဓါတရားသာရှိခဲ့ရင်, လူငယ်ပိုင်းဖြစ်စေ, လူလတ်ပိုင်း ဖြစ်စေ, လူကြီးပိုင်းဖြစ်စေ, သာသနာ့ဘောင်ထဲကို အချိန်အခါမရွေး ဝင်ရောက်နိုင်ပါတယ်။ ဒီနေရာမှာ "သံသာရဝဋ္ဋဒုက္ခတော" လို့ ဆိုတဲ့ မူလဦးတည်ချက်ကိုတော့ မမေ့ကြဖို့ အရေးကြီးပါတယ်။

သံသရာဝဋ်ဆင်းရဲဒုက္ခမှ အပြီးတိုင် လွတ်မြောက်ဖို့ရာဆိုတာ အမြဲတမ်း တက်တက်ကြွကြွနဲ့ ကံ, ဉာဏ်, ဝီရိယအားတွေကို အသုံးချနိုင်ပါမှ တော်ရာကျမှာပါ။ ဒီတော့ အသက်အရွယ်ကြီးရင့်ကြတဲ့ သူတွေအနေနဲ့ "ငါကလူအိုသော်လည်း စိတ်မအိုပါဘူး" ဆိုတဲ့ အတွေးသဘောမျိုးတွေနဲ့ ဝင်ရောက်ကြဖို့ သင့်ပါတယ်။ "ဇရာပါရိဇုည" အိုမင်းမစွမ်းနိုင်တဲ့ ဘေးဒုက္ခတစ်ခုတည်း အတွက်နဲ့ သာသနာတော်ကို ခုတုန်းလုပ်တာ မဟုတ်ဘဲ "သံသာရဝဋ္ဋဒုက္ခတော" သံသရာဝဋ်ဆင်းရဲဒုက္ခကို အရေးတကယ်ကြောက်လို့ နိဗ္ဗာန်ဆိုတာကို အမှန်တကယ်လိုလားတဲ့ စိတ်အပြည့်နဲ့ ဝင်ရောက်ကြဖို့ အရေးကြီးပါတယ်။ ဒါ အဓိကပေါ့။

၂။ ဗျာဓိပါရိဇုည= နာတာရှည်ရောဂါဖိစီးနှိပ်စက်ခံနေရ





သူတွေအတွက်သာသနာ့ဘောင်ထဲကို ဝင်ရောက်ခိုလှုံဖို့ရာ, အသင့်တော်ဆုံး, အကောင်းဆုံးအချိန်အခါပါပဲတဲ့။ ဒါကတော့ မြတ်စွာဘုရားကိုယ်တိုင်, ဝိနည်းတော်မှာ ပညတ်ပြီးသားဖြစ်လို့ အထူးပြောစရာ မလိုတော့ပါဘူး။ ဝိနည်းတော်မှာ...

၁။ နူနာရောဂါရှိသူ ၂။ အသားထွက်မြင်းဖုနာရောဂါရှိသူ ၃။ မကွဲမအက်ပြောက်ကျားသော အနူကွက်တွေနဲ့ အရေပြားရောဂါရှိနေတဲ့သူ ၄။ ချောင်းဆိုး, ရင်ကျပ်ပန်းနာ နာတာရှည်ရောဂါရှိသူ ၅။ မကြာခဏဝက်ရူးပြန်တတ်တဲ့ သူရူးနာရောဂါရှိသူတွေကို ရဟန်းခံမပေးကောင်းပါဘူး။ ရဟန်းခံ ပေးခဲ့ရင်လည်း ရဟန်းမဖြစ်တဲ့အပြင်, ရဟန်းခံပေးတဲ့ သူတောင်မှ အပြစ်ဖြစ်ပါသေးတယ်။ ဒီလိုဝိနည်းတော်မှာ ပညတ်ထားတာ ရှိပါတယ်။ ဒီခေတ်ကြီးထဲမှာ သာသနာတော်ကို ခုတုန်းလုပ်ပြီး နာတာရှည်ရောဂါသည်တွေ ဝင်ရောက်လာကြတာ စိတ်မကောင်းဖွယ်ရာ တွေ့နေရပါတယ်။ မြတ်စွာဘုရားရှင်ရဲ့ ဝိနည်းအာဏာတော်ကို ဆန့်ကျင်ပြီး ဒါယကာ, ဒါယိကာမမျက်နှာ, ပစ္စည်းထောက်လာဘမျက်နှာလောက်ကိုသာ ကြည့်ပြီးဝတ်ပေးရဲတတ်ကြတဲ့သူတွေ ရှိနေတာလည်း တကယ့်ကို အံ့သြစရာပါပဲ။ ထောက်

www.burmeseclassic.com



ပြရရင်တော့ အများကြီး အများကြီးပေါ့လေ။

တစ်ခါတုန်းက စာရေးသူကျောင်းကို ရဟန်းပြုပေးဖို့ရ ဒါယကာတစ်ဦး လာရောက်လျှောက်ထားဖူးပါတယ်။ သူက နာတာရှည် ပန်းနာရင်ကျပ်ရောဂါသည် ဖြစ်ပါသတဲ့။ ဒါဆိုရင် တော့ မြတ်စွာဘုရားက "ရဟန်းပြုမပေးရဘူး"လို့ အတိအလင်း မိန့်ကြားထားတာရှိကြောင်း စာရေးသူ ရှင်းပြပေးပါတယ်။

"မြတ်စွာဘုရားက တပည့်တော်တို့လို ရောဂါသည်တွေ အတွက်တော့ ရက်စက်လွန်းရာကျမနေဘူးလားဘုရား"ဆိုပြီး ဝမ်းနည်းစွာ လျှောက်ထားတဲ့ သူ့စကားလေးကို စာရေးသူ အခု အချိန်အထိ အမှတ်ရနေမိပါသေးတယ်။

"မြတ်စွာဘုရားကို အထင်လွဲ မပြစ်မှားလိုက်ပါနဲ့ ဒကာ တော်။ "ဥပသမ္ပဒ" ရဟန်းအဖြစ်ကိုတော့ မြတ်စွာဘုရားက သေချာဆန်းစစ်လိုပေမယ့် ဒါယကာတို့လို ပန်းနာရင်ကျပ်နာတာ ရှည်ရောဂါသည်တွေအတွက် နတ်၊ ရွာ၊ နိဗ္ဗာန် ချမ်းမဂ်ဖို တရားကိုတော့ ပိတ်ပင်မထားပါဘူး။ ဒါယကာအနေနဲ့ အမှ တကယ်သာ ဆန္ဒရှိနေမယ်ဆိုရင် ကျောင်းမှာ ဝေယျာဝစ္စ လုပ်ကိုင်ရင်း ဥပသကာအနေနဲ့ နတ်၊ ရွာ၊ နိဗ္ဗာန်၊ ချမ်းမ





ိုလ်တရားကို ရအောင်ကျင့်ကြံနိုင်သလို ရှင်သာမဏေအဖြစ် လည်း ကျင့်ကြံနိုင်ပါသေးတယ်။ ဒါ့ကြောင့် "ဗျာဓိပါရိဇုည" နာတာရှည်ရောဂါ ဖိစီးနှိပ်စက်ခံနေရတဲ့သူတွေအတွက် သာသနာ ဘောင်ထဲကို ဝင်ရောက်ခိုလှုံဖို့ရာ အသင့်တော်ဆုံး အချိန်အခါ ပါပဲဆိုတဲ့ အတွေးမှားတွေနဲ့ ဝင်ရောက်မလာခဲ့ကြဖို့ အထူး တိုက်တွန်းသမှု ပြုလိုက်ရပါပေတယ်။

၃။ ဘောဂပါရိဇုည= စည်းစိမ်ဥစ္စာတွေ ပျက်စီးဆုံးရှုံးကုန် တဲ့သူတွေအတွက် သာသနာ့ထဲကို ဝင်ရောက်ခိုလှုံဖို့ရာ အသင့် တော်ဆုံး၊ အကောင်းဆုံးအချိန်အခါပဲတဲ့။ အသက်အရွယ်က လည်း အိုမင်း၊ အနာရောဂါတွေကလည်း နှိပ်စက်၊ မိမိမှာရှိတဲ့ စီးပွားဥစ္စာတွေကလည်း ပျက်စီးဆုံးရှုံး၊ သို့ကလို ပျက်စီးဆုံးရှုံး သွားတဲ့ စီးပွားဥစ္စာတွေကိုလည်း ပြန်ရှာနိုင်ဖို့က အရင်းအနှီးက မရှိ၊ အသက်အရွယ်ပိုင်းမှာ အိုမင်းကြီးရင့်နေပြီဖြစ်လို့ ကာယ အားတွေကလည်း ဆုတ်ယုတ်၊ ဉာဏအားတွေကလည်း ယိုယွင်း နေပြီဖြစ်လို့ အသုံးချ၍မရနိုင် ဥစ္စာစီးပွားတွေ ပျက်စီးဆုံးရှုံး သွားရခြင်းကြောင့် ကြံရာမရဖြစ်ပြီး သာသနာ့ဘောင်ထဲ ဝင် ရောက်လာကာ ခုတုန်းလုပ်နေတာမျိုးကြတော့ တကယ့်ကို ဖြစ်သင့်ပါဘူး။ ဒီလို အတွေးမှားတွေနဲ့ သာသနာ့ဘောင်ထဲကို



www.burmeseclassic.com

www.burmeseclassic.com



ဝင်ရောက်မလာကြဖို့ကိုလည်း အထူးတိုက်တွန်းသမှု ပြုလိုက်ရပါပေတယ်။ သိထားသင့်သလိုအထူးဂရုပြုရမယ့်ကိစ္စတစ်ခုပါ။

၄။ ဉာတိပါရိဇုည= ဆွေမျိုးမိတ်သင်္ဂဟတွေပျက်စီးဆုံးရှုံးကုန်သွားတဲ့သူတွေအတွက် သာသနာ့ဘောင်ထဲကို ဝင်ရောက်ခိုလှုံဖို့ရာ အသင့်တော်ဆုံး၊ အကောင်းဆုံးအချိန်အခါပဲတဲ့။ မိမိအမှန်တကယ် ချစ်ခင်မြတ်နိုးကြရတဲ့ ဆွေမျိုးမိတ်သင်္ဂဟတွေပျက်စီးဆုံးရှုံးကုန်သွားတဲ့သူတွေအတွက် သူတို့ရဲ့ရင်ထဲက ပူဆွေးဝမ်းနည်းနေကြရမှုဆိုတာ တိုင်းတာလို့တောင် ရမှာမဟုတ်ပါဘူး။ ဒီလို စိုးရိမ်ပူဆွေး၊ ငိုကြွေးရတဲ့ သောကပရိဒေဝမီးတွေကြောက်လို့၊ အမှန်တကယ်ကင်းဝေးလိုကြလို့ အသိသံဝေဂရပြီးတရားအားထုတ်လိုတဲ့အတွက် သာသနာ့ဘောင်ထဲကို ဝင်ရောက်လာတာမျိုးကြတော့ ကြိုဆိုသင့်တဲ့လက္ခဏာပါ။ ကြိုဆိုရမှာပါ။

သို့ငြား။ ဒီလိုစိတ်နေစိတ်ထားမျိုးနဲ့ မဟုတ်ပါဘဲ။ ဆွေမျိုးမိတ်သင်္ဂဟတွေ ပျက်စီးဆုံးရှုံးသွားလို့ တစ်ယောက်တည်းလောကအလယ်မှာ ခိုကိုးရာမဲ့လို့၊ စားရေးသောက်ရေး မချောင်လို့ဆိုတဲ့ အတွေးစိတ်ထားတစ်ခုတည်းနဲ့ သာသနာ့ဘောင်ထဲကိုဝင်ရောက်လာဖို့ မသင့်ပါဘူး။ နောက်ပြီး ဆွေမရှိ၊ မျိုးမရှိ





တစ်ယောက်တည်း ခိုကိုးရာမဲ့ရတဲ့အပြင်၊ ရင်းနှီးစားသောက်စရာဥစ္စာဆိုတာတွေကလည်း မရှိ၊ အသက်အရွယ်ပိုင်းက အိုမင်းကြီးရင့်နေရတဲ့အထဲ၊ နာတာရှည် ပန်းနာရင်ကျပ်ဆိုတဲ့ အနာရောဂါတွေကလည်း နှိပ်စက်ပြန်ဆိုတော့ သာသနာ့ဘောင်ထဲဝင်ပြီးနေတော့မှပဲဆိုတဲ့ အတွေးတွေကတော့ သာသနာဖျက်တဲ့အတွေးရိုင်းတွေပါပဲ။

ဒါကြောင့် သာသနာ့ဘောင်ထဲကို ဝင်ရောက်လာကြတော့မယ်ဆိုရင် ''သာသနာ့ဘောင်ထဲကို ပါမလာသင့်တဲ့ အတွေးလေးမျိုးကို ရှောင်ရှားပြီး၊ အမှန်တကယ် သံသရာဝဋ်ဒုက္ခဆင်းရဲ၊ ခန္ဓာဆင်းရဲကိုကြောက်လို့၊ နိဗ္ဗာန်ဆိုတာကို လိုလားတောင်းတတဲ့စိတ်ထားနဲ့ ဝင်ရောက်ကြပါစေချင်ကြောင်း ဆန္ဒပြုတိုက်တွန်းလိုက်ရပါပေတယ်။

■



www.burmeseclassic.com

www.burmeseclassic.com



# 'လူတို့ကျင့်ဖွယ်တရား လေးသွယ်'

ကောရဗျမင်းကြီးဆိုတာက၊ ''ကုရုတိုင်း''ကို အုပ်ချုပ်မင်းလုပ်နေရတဲ့ ဘုရင်တစ်ပါးပါ။ သူပိုင်သ အစိုးရတဲ့ ကုရုတိုင်းနိုင်ငံထဲမှာ ''အရှင်ရဋ္ဌပါလ'' ရဟန်းတော်လေး'' လူ့ဘဝကသူဌေးသားအဖြစ်နဲ့ မိဘနှစ်ပါးနဲ့အတူ နေထိုင်ခဲ့ဖူးတဲ့ ဇာတိမြေ ''ထုလ္လကောဋ္ဌိက'' နိဂုံးဆိုတာ ကောရဗျမင်းကြီးရဲ့ တိုင်းနိုင်ငံထဲမှာ ပါဝင်ပါတယ်။ တစ်ဦးတည်းသော သားလေး 'ရဋ္ဌပါလ'' ကို လူ့ဘဝမှာတုန်းက တစ်ကြိမ်တစ်ခါမှ မြင်တွေ့ဖူးခြင်း မရှိခဲ့ပေမယ့် မိဘနှစ်ပါးရဲ့အသည်းပေါက်မတတ် ချစ်ခင်မြတ်နိုးခြင်း ခံခဲ့ရဖူးတဲ့ သူဆိုတာတော့ မင်းကြီးက သတင်းစကားနဲ့ ကြားသိထားပါတယ်။





သူဌေးလင်မယားရဲ့ တစ်ဦးတည်းသော မျိုးဆက်၊ သားကလေး ရဟန်းပြုသွားပြီဆိုတဲ့ သတင်းစကားကိုလည်း ကြားသိခဲ့ရပါတယ်။ အဲဒီသူဌေးသားလေး၊ ဘာကြောင့် ရဟန်းပြုသွားတယ်ဆိုတာကိုတော့ မင်းကြီးအနေနဲ့ ဂဃနဏ ခွဲခွဲခြားခြား သေိရှိခဲ့ပေမယ့် သူ့မိဘနှစ်ပါးရဲ့ တစ်ဦးတည်းသော မျိုးဆက်သားကလေးအတွက် မိဘဖြစ်သူများမှာ မည်မျှအထိ ဝမ်းနည်းကြေကွဲမဆုံး ဖြစ်နေရရှာမယ်ဆိုတာကိုတော့ မိဘချင်း ကိုယ်ချင်းစာပြီး ခံစားနာလည်မိပါတယ်။

''ရဋ္ဌပါလ ရဟန်းတော်လေးရဲ့ ဇာတိမြေ'' ထုလ္လကောဋ္ဌိက နိဂုံး'' ဆိုတာက ကောရဗျမင်းကြီးနန်းစိုက်ရာ ရွှေမြို့တော်နဲ့ သိပ်မလှမ်းမကမ်းမှာရှိတဲ့ ရွာတစ်ရွာပဲ ဖြစ်ပါတယ်။ ဒီတော့ အခါအခွင့်သင့်မယ်ဆိုရင် ရဋ္ဌပါလရဟန်းတော်လေးနဲ့ တစ်ကြိမ်တစ်ခါလောက်မှာပဲဖြစ်ဖြစ် တွေ့ချင်လိုတဲ့ဆန္ဒ မင်းကြီးမှာ ဖြစ်ပေါ်နေမိပါတယ်။ ဟော… အခုတော့ မိဂစီရဥယျာဉ်ထဲမှာ ''အရှင်ရဋ္ဌပါလ ရဟန်းတော်လေး'' သီတင်းသုံးနေပါတယ်ဆိုတဲ့ သတင်းစကားကို ဥယျာဉ်မှူးဆီကတစ်ဆင့် ကောရဗျမင်းကြီး ကြားသိသွားခဲ့ပါတယ်။ ဒီနေ့မှ တကယ့်ကို တိုက်တိုက်ဆိုင်ဆိုင်ပါပဲ။ မင်းကြီးက ဥယျာဉ်ကစားသွားမယ်ဆိုပြီး မိဂစီရဥယျာဉ်



www.burmeseclassic.com

www.burmeseclassic.com



တော်ကို၊ အခြေအရံ အသင်းအပင်းတွေနဲ့ အတူလာတယ်ဆိုတဲ့ သတင်းစကားကို ဥယျာဉ်မှူး မိဂဝ ကြားသိရတဲ့အတွက် "အရှင်ရဋ္ဌပါလရဟန်းတော်လေး" အေးအေးချမ်းချမ်းနဲ့ တရားအားထုတ်နှလုံးသွင်းနေတာကို အနှောင့်အယှက်မဖြစ်စေဖို့ မင်းကြီး ဥယျာဉ်တော်ကို ရောက်မလာမီ အလျင်အမြန် အရင်သွားရောက်ပြီး သံတော်ဦးတင်လိုက်ပါတယ်။ ဒါက ကောရဗျမင်းကြီး၊ "အရှင်ရဋ္ဌပါလ" ရဟန်းတော်လေးရှိရာ တွေ့ဆုံဖို့ အကြောင်းကံဖန်လာခြင်းဆိုလည်း မမှားပါဘူး။

"အရှင်ရဋ္ဌပါလ ရဟန်းတော်လေးလည်း၊ အောင်မြင်ရန်ခက်ခဲသော ကိလေသာစစ်ပွဲကို အလဲထိုးအနိုင်ယူခဲ့ပြီးနောက် ကောရဗျမင်းကြီးရဲ့ မိဂစီရဉယျာဉ်တော်ထဲ အရိပ်အာဝါသကောင်းတဲ့ သစ်ပင်တစ်ပင်အောက်မှာ ရဟန်းချမ်းသာကို ခံစားပြီးတော့ နေနေပါတယ်။ သာသနာ့ဘောင်က တစ်ဖန်လူထွက်ပြီး သူပြန်လာလိမ့်နိုး စောင့်စားမျှော်လင့်နေကြတဲ့ မိဘနှစ်ပါးကို သူနောက်ကြောင်းသို့ ဘယ်တော့မှပြန်လှည့်မလာတော့ဘူးဆိုတာ အပြီးအတိုင် လာရောက်ကြေညာခြင်းသဘောလို့လည်း ပြောဆိုနိုင်ပါတယ်။ ဒါကိုပြောပြရမယ်ဆိုရင် သူ ရဟန်းပြုဖြစ်ခဲ့ပုံက စပြီး ပြောပြမှ ပိုပြီး ရှင်းသွားကြလိမ့်မယ်ထင်တယ်။





'သူ ရဟန်းဖြစ်လာရခြင်းမှာ မိဘနှစ်ပါးဆီက ကြည်ကြည်သာသာ၊ လွယ်လွယ်ကူကူ အခွင့်ရခဲ့တာတော့ မဟုတ်ပါဘူး။ ရဋ္ဌပါလရဲ့ သူငယ်ချင်းတွေကလည်း ဝိုင်းဝန်းဖျောင့်ဖျ၊ သူတို့ကိုယ်တိုင်ကလည်း သူတို့ရဲ့ ချစ်လှစွာသောသားလေး၊ ပင်ပန်းဆင်းရဲ၊ အစာငတ်ခံပြီး သေဆုံးသွားမှာကို စိုးရိမ်တဲ့အတွက် မလွဲသာလို့ လိုက်လျော အခွင့်ပေးလိုက်ခြင်းပဲ ဖြစ်ပါတယ်။ တစ်နည်း သံယောဇဉ်အနှောင်အဖွဲ့တွေကြားက ဖွတ်အတင်း ရုန်းထွက်ခဲ့ခြင်းပါ။

ဒီတော့ မိဘနှစ်ပါးနဲ့ အဆွေအမျိုးအပေါင်းအသင်းတွေဟာ သူတို့ရဲ့ထွက်သက်၊ ဝင်သက်၊ မကုန်မချင်း၊ ရဋ္ဌပါလ သတိုးသားလေး လူထွက်လာပြီး၊ ပြန်လာလိမ့်နိုးနဲ့ စောင့်စားမျှော်လင့်နေကြဦးမှာပင် ဖြစ်ပါတယ်။ ဘာပဲဖြစ်ဖြစ် နောက်ဆုံး သူ သိပ်ဖြစ်ချင်တဲ့ ရဟန်းဘဝကို သူ ဖြစ်ခွင့်ရခဲ့တာပါပဲ။ မိဘတွေဆို ငဲ့ညာပြီး (၁၅)ရက်တိုင်တိုင် ထုလ္လကောဋ္ဌိကနိဂုံးရွာမှာ မြတ်စွာဘုရားရှင်နဲ့ နေထိုင်ခဲ့ပါတယ်။ နောက်တော့ ဘုရားရှင်နဲ့အတူ သာဝတ္ထိပြည် ဇေတဝန်ကျောင်းကို လိုက်သွားခဲ့ပါတယ်။ တစ်နေ့ ဇေတဝန်ကျောင်းမှာနေစဉ် ဆိတ်ငြိမ်တဲ့နေရာတစ်ခုမှာ ခန္ဓာရဲ့ အမှန်တကယ် ရှုံရှာဖွယ်ရာသဘောတရားတွေကို အမှန်

www.burmeseclassic.com



အတိုင်း သဗ္ဗညုဉာဏ်ဖြင့် ခွဲခွဲခြားခြား သိမြင်ကာ, အရဟတ္တမဂ်, အရဟတ္တဖိုလ်စိုက်ပြီး ရဟန္တာတစ်ဆူဖြစ်တော်မူ သွားခဲ့ပါတယ်။

ရဟန်းကိစ္စ ပြီးမြောက်အောင်မြင်သွားတဲ့အထိ အားထုတ်ပြီး ပြီဆိုတော့ မိမိ လူ့ဘဝတုန်းက ကျန်ရှိခဲ့တဲ့ မိဘနှစ်ပါးဆီသွား ရောက် မျက်နှာပြဖို့ရန် မြတ်စွာဘုရားထံ ခွင့်ပန်ခဲ့ပါတယ်။ ပင်ပန်းတကာ ပင်ပန်းရဆုံးထဲမှာ မိမိ ချစ်ခင်မြတ်နိုးဆုံးသူကို မလာမချင်း စောင့်စားရနေရှာတဲ့ အလုပ်လည်း ပါဝင်ပါတယ်။ ဒီလိုဆိုတော့ မိမိပြန်လာလိမ့်နိုး မျှော်လင့်စောင့်စားနေရရှာတဲ့ မိဘနှစ်ပါးမှာလည်း ပင်ပန်းဆင်းရဲရှာမှာပဲလေ။ မြတ်စွာဘုရား ရှင်ကလည်း, ကိလေသာစစ်ပွဲနဲ့ပတ်သက်ပြီး, ဘယ်အချိန် တိုက်တိုက်, ဘယ်သောအခါမှ မရှုံးနိမ့်နိုင်တော့ဘူးဆိုတဲ့ မိမိရဲ့ အရည်အချင်းကို ယုံကြည်စိတ်ချသွားပြီးဖြစ်လို့ ကြည်ကြည်သာ သာ ခွင့်ပြုလိုက်ပါပေတယ်။

မြတ်စွာဘုရားရှင်ထံမှ ခွင့်ပြုချက်ကိုရပြီးတဲ့နောက် "မိမိရဲ့ မွေးဖွားရာဇာတိ "ထုလ္လကောဋ္ဌိကနိဂုံး"နဲ့ မနီးမဝေးမှာရှိတဲ့ ကောရဗျမင်းကြီးရဲ့ မိဂစီရဥယျာဉ်မှာ သီတင်းသုံးနေထိုင်ခဲ့ပါ တယ်။ နောက်တစ်နေ့နံနက် "ထုလ္လကောဋ္ဌိကနိဂုံး"ရွာမှာ အိမ်စဉ်အတိုင်း ဆွမ်းခံကြွခဲ့ပါတယ်။ မိမိ, မိဘအိမ်ကိုလည်း





ရောက် "အိမ်ရဲ့အလယ်တံခါးမုဒ်ဦးဝ"မှာ ဆံ, မုတ်ဆိတ်တို့ကို ရှင်းလင်းနေတဲ့ ဖခင်ဖြစ်သူကို လှမ်းမြင်လိုက်ရပါတယ်။ ဖခင် ဖြစ်သူကတော့, မိမိကို မှတ်မိဟန်မတူပါဘူး။ ဒါ့ကြောင့် ရဟန်း အသွင် မိမိကို မြင်သွားမိတော့ ဒေါသတကြီး ဆဲရေးကြိမ်းမောင်း လွှတ်ခြင်းကို ခံလိုက်ရပါတယ်။

"ဒီဦးပြည်းရဟန်းယုတ်တွေ အိမ်ကိုဘာလာလုပ်ပြန်ပြီးလည်း မသိဘူး။ ငါတို့ရဲ့တစ်ဦးတည်းမျိုးဆက်, ချစ်လှစွာသော သားလေးကိုလည်း သင်တို့ပဲ သွေးဆောင်ဖြားယောင်းပြီး ခေါ် ဆောင်သွားခဲ့ကြပြီ မဟုတ်လား။ သွား, သွား, ငါ့အိမ်ထဲက အခုထွက်သွားစမ်း"လို့ဆိုပြီး ဖခင်ဖြစ်သူရဲ့ဒီစကားသံတွေဟာ မိမိ ဒီမှာဆက်မနေသင့်တော့ဘူးဆိုတာ အချက်ပြနေသလို ဖြစ် နေတာမို့ ရှေ့ဆက်မတိုးတော့ဘဲ နောက်လှည့်ပြန်ခဲ့ပါတော့တယ်။ ဒီရွာကို ဆွမ်းခံလာခဲ့တာ အခုအချိန်အထိ မည်သည့်လှူဖွယ် ဝတ္ထုကိုမှ မရရှိသေးပါဘူး။ ဖြစ်ချင်တော့ မိမိ မိဘအိမ်ကပင် သိုးပုပ်နေပြီးဖြစ်တဲ့ စားသောက်ဖွယ်ခွက်တစ်ခွက်ကို ကိုင်ပြီး အညစ်အကြေးများ စွန့်ပစ်ရာအမှိုက်ပုံဆီသို့ အစေခံကျွန်မ တစ်ယောက် စွန့်ပစ်ဖို့သွားနေတာကို တွေ့လိုက်ရပါတယ်။မိမိ ကလည်း လမ်းဘေးအမှိုက်ပုံအနားမှာပဲရှိနေဆဲဆိုတော့ အမှိုက်ပုံ

www.burmeseclassic.com



အနား ရောက်လာတဲ့ အစေခံကျွန်မကို ''နှမငယ် သင်စွန့်ပစ်လိုတဲ့ ပန္နည်း မုန့်ပါက အမှိုက်ပုံမှာမပစ်ဘဲ ငါ့သပိတ်ထဲကို လောင်းလှူလိုက်ပါလော့''လို့ ပြောဆိုလိုက်ပါတယ်။

အစေခံကျွန်မလေးဟာ မိမိပြောတဲ့အတိုင်း လောင်းလှူလိုက်ပြီးတဲ့နောက် ထိတ်ထိတ်ပြာပြာနဲ့ အံ့သြမဆုံး မယုံကြည်နိုင်ဖွယ်ဖြစ်နေတဲ့ မျက်ဝန်းအစုံနဲ့ မိမိကိုမော်ကြည့်နေရှာပါတယ်။ မိမိလည်း ဆွမ်းကွမ်းကိစ္စအတွက် လုံလုံလောက်လောက်ရရှိခဲ့ပြီဆိုတော့ ''ထုလ္လကောဋ္ဌကနိဂုံး''ရွာထိပ်မှာရှိတဲ့ ဇရပ်ထဲကို ဝင်ရောက်ပြီး ဆွမ်းဘုဉ်းပေး သုံးဆောင်တော်မူလိုက်ပါတယ်။

အစေခံကျွန်မလေးကတော့ ''ရဋ္ဌပါလ'' ရဟန်းတော်လေး ကြွသွားရာကို တအံ့တသြ မျက်စိတစ်ဆုံးကြည့်ရှုပြီးတဲ့နောက် သူ့မိဘတွေဆီကို ခပ်သုပ်သုပ်သွားရောက်ပြီး အိမ်ထဲမှာ အသင့်ရှိနေတဲ့ ''ရဋ္ဌပါလ'' ရဟန်းတော်လေးရဲ့ မိခင်ကို ''သခင်မကြီး၊ သခင်မကြီးရဲ့သား 'ရဋ္ဌပါလ ရဟန်းတော်လေး ဒီရွာကိုပြန်လာနေပါပြီ။''လို့ ကျွန်မလေးက ပြောကြားအသိပေးလိုက်ပါတယ်။

''အို··· ညည်းတကယ်ပြောနေတာလား။ ဒီစကားအတိုင်းသာ ဟုတ်ရိုးမှန်ခဲ့ရင် ညည်းကို ငါကျွန်အဖြစ်မှ လွတ်ငြိမ်းချမ်း





သာခွင့်ပေးမယ်''လို့ ဝမ်းသာအားရ ပြောဆိုကတိပေးပြီး သူဌေးကြီးဆီ သွားရောက်ပါလေတော့တယ်။ သူဌေးမကြီးရဲ့ ပြောစကားအရ သူတို့သား ပြန်ရောက်နေပြီဆိုတာ သိရှိသွားရှာတဲ့ ဖခင်သူဌေးကြီးလည်းက ပျာကယာ သားရဟန်းရှိရာ ဇရပ်ကို ထွက်ခွာလာပါတော့တယ်။ သူဌေးကြီး ဇရပ်ပေါ်ရောက်ရှိလာတဲ့ အချိန် မိမိတို့အိမ်က အစေခံကျွန်တောင်မှ မစားလိုလို့ စွန့်ပစ်ထားတဲ့ ပုပ်သိုးလှပါသော အစာအာဟာရကို စားသောက်နေတဲ့ သားဖြစ်သူ ''ရဋ္ဌပါလ'' ရဟန်းတော်လေးကို တွေ့မြင်လိုက်ရတော့ အတော်စိတ်မကောင်း ဖြစ်သွားခဲ့ပါတယ်။

''ဖြစ်မှဖြစ်ရလေ သားလေးရယ်။ ကိုယ့်အိမ်က အစေခံတွေတောင်မှ မစားချင်လို့စွန့်ပစ်ထားတဲ့ အစာအာဟာရကိုမှ စားနေရတယ်လို့ လူကြားလို့မှ မကောင်းပါဘူး။ သားက အခြေမဲ့အနေမဲ့ အညတြမျိုးနွယ်စုမှ ပေါက်ဖွားလာခဲ့တဲ့သူ မဟုတ်ပါဘူး။ သားအတွက် နတ်သုဒ္ဓါတမျှ ကောင်းမွန်လှပေတဲ့ စားသောက်ဖွယ်ရာတွေကို အဖေ စီစဉ်ပေးပါ့မယ် လာ သား အိမ်ကို ပြန်ကြပါစို့''လို့ ဖခင်ဖြစ်သူ ဘယ်လိုပင်ခေါ်ခေါ် ဒီနေ့အတွက် ဆွမ်းကွမ်းကိစ္စ ပြီးဆုံးသွားပြီဖြစ်ကြောင်း ပြောဆိုပြီးငြင်းဖယ်လိုက်ပါတယ်။ ဒီတော့မှ ဖခင်ဖြစ်သူလည်း ''နောက်ထပ်နေ့မှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ အိမ်မှာဆွမ်းစားကြပါ''လို့ ပင့်လျှောက်ပြီး စိတ်လက်မသက်မသာနဲ့ အိမ်ကိုသာပြန်ခဲ့ပါတော့တယ်။ သူ့စိတ်ထဲမှာလည်း သားရဟန်း မိမိအိမ်ခြံဝင်းထဲ ဝင်ရောက်လာတာကို မမှတ်မိဘဲ, ရန်သူလို သဘောထားပြီး, ဒေါသတကြီး, အငြိုးအတေးများစွာနဲ့ ဆဲရေးကြိမ်းမောင်း လွှတ်လိုက်မိတာကို တွေးပြီး စိတ်မကောင်းခြင်း များစွာဖြစ်နေမိပါတော့တယ်။ ယူကျုံးမရ တနုံ့နုံ့ခံစားနေရမှုတွေနဲ့အတူ သားဖြစ်သူ ရဟန်းဘဝက လူထွက်လာဖို့အရေး အမျိုးမျိုးတွေးပြီး ကြံစည် အစီအစဉ်ဆွဲနေပါတော့တယ်။

နောက်တစ်နေ့, သူ့မှာရှိတဲ့ ရွှေ, ငွေတွေကို ကျေးကျွန်တွေအားလုံး ဟောခန်းမထဲမှာ စုပုံစေပြီး, အဲဒီရွှေပုံ, ငွေပုံတွေကို ဖျာနဲ့ထပ်ဖုံးဖို့ မှာကြားလိုက်ပါတယ်။ ''အရှင်ရဋ္ဌပါလ''ရဲ့ လူဘဝတုန်းက မယားဟောင်းတွေကိုလည်း သူနှစ်သက်စေမယ့် အဝတ်အစားတွေကိုဝတ်ပြီး ဖြားယောင်းနိုင်းထားပြန်ပါသေးတယ်။ နောက်တစ်နေ့ နံနက် ဟောခန်းထဲစုပုံပြီး ဖျာနဲ့ဖုံးခင်းထားတဲ့ ရွှေပုံ, ငွေပုံတွေကို ဖွင့်လှစ်ပြပြီး စည်းရုံးရုံသာမကပါဘူး။ လှပတင့်တယ်စွာ တန်ဆာဆင်ထားတဲ့ မယားဟောင်းတွေကိုပြပြီး သွေးဆောင်ဖြားယောင်းခဲ့ပါတယ်။





''အရှင်ရဋ္ဌပါလ'' ရဟန်းတော်လေးလည်း ဒီပစ္စည်းပစ္စယ တွေနဲ့ ဇနီးမယားတွေအပေါ်မှာ ဘယ်လိုမှမတွယ်တာ မကပ်ငြိ တော့ပြီဖြစ်ကြောင်း ယတိပြတ် ငြင်းဆိုလိုက်ပါတယ်။ သူ့ဖခင်ကိုလည်း...

''ဒကာကြီး ဆွမ်းလှူလိုက လှူပါ။ ဥစ္စာ, မိန်းမပြပြီး အား မညှင်းဆဲပါလင့်''လို့ မိန့်ကြားတော်မူလိုက်ပါတယ်။ တော့မှ ဖခင်ကြီးလည်း စိတ်လျှော့ကာ ဆွမ်းလှူဒါန်းခဲ့ပါတော့ ယ်။ ဆွမ်းစားပြီးရပ်လျှက် ဆွမ်းအနုမောဒနာတရား ဟောကြား ည်မှာ...

၁။ အိုဒါယကာ... ရှုစမ်းလော့, အနာဝပြည့်ကိုယ်ဖြစ်၍ ထက်ဝန်းကျင် စိုက်ဆောက်ထားသော အမြဲနာကျင်၍ အများသတ္တဝါတို့ ကြံစည်အပ်သော အဆန်းတကြယ် ရထားတဲ့ ခန္ဓာကိုယ်အတ္တကောင်သည် အမြဲတည်မှု မရှိနိုင်ချေ။

၂။ အိုဒါယကာ- ရှုစမ်းလော့... ပတ္တမြားနားဋ္ဌောင်းဖြင့် ဆန်းကြယ်စွာပြုပြင်ထားတဲ့ အရိုးကို အရေဖုံးနေ သော ရုပ်ပုံသည် အဝတ်တန်ဆာနဲ့တကွ ဖြစ်မှသာ လျှင် တင့်တယ်ပေ၏။

၃။ ချိပ်ရည်ဆိုးထားသောခြေထောက်များနှင့် နံ့သာမှုန့်



www.burmeseclassic.com

www.burmeseclassic.com



လိမ်းကျံထားသောမျက်နှာတို့သည် လူမိုက်အား တွေ့ဝေရန်စွမ်းနိုင်၍ နိဗ္ဗာန်ကမ်းတစ်ဖက်သို့ ရှာမှီးသူအား မစွမ်းနိုင်ကုန်သည်သာတည်း။

၄။ ရှစ်မျိုးသော အဖိုးအစုတို့ဖြင့် ဆင်ယင်ထုံးဖွဲ့ထားသော ဆံပင်တို့နှင့် မျက်ကွင်း၌ဆေး လိမ်းကျံခြယ်မှုန်ထားသော မျက်စိတို့သည် လူမိုက်အား တွေ့ဝေရန်စွမ်းနိုင်၍ နိဗ္ဗာန်ကမ်းတစ်ဖက်သို့ ရှာမှီးသူအား မစွမ်းနိုင်ကုန်သည်သာတည်း။

၅။ မျက်စဉ်းကျည် စသဖြင့် အမျိုးမျိုးသော လိမ်းခြယ်ဖွယ်ရာတို့၏ အကူအညီတို့နှင့် လှပတင့်တယ် အဆင်းရှိအောင် ဆန်းကြယ်စွာ တန်ဆာဆင်ထားသော အပုပ်ကောင်သည် လူမိုက်အား တွေ့ဝေရန်စွမ်းနိုင်၍ နိဗ္ဗာန်ကမ်းတစ်ဖက်သို့ ရှာမှီးသူအား မစွမ်းနိုင်ကုန်သည်သာတည်း။

၆။ သားမုဆိုးသည် ပိုက်ကိုထောင်ထား၏။ သားသမင်သည် ပိုက်ကိုမထိပါးစေဘဲ အစာကိုစားလျက် သားမုဆိုး မြည်တမ်းနေစဉ် ဖဲခွာသွားလေသည်လို့ဆိုပြီး ဟောကြားသမှု ပြုလိုက်ပါပေတယ်။ ဒါ့ကြောင့် "အရှင်ရဋ္ဌပါလရဟန်းတော်လေးဟာ အောင်မြင်ရန်ခက်ခဲသော ကိလေသာစစ်ပွဲကို အလဲထိုးအနိုင် ယူခဲ့ပြီး





တဲ့နောက် ကောရဗျမင်းကြီးရဲ့ မိဂစီရဉယျာဉ်တော်ကို သွားရောက်ပြီး အရိပ်အာဝါသကောင်းတဲ့ သစ်ပင်တစ်ပင်အောက်မှာ ရဟန်းချမ်းသာကို ခံစားပြီးတော့ နေနေပါတယ်လို့ ပြောရတာပါ။ သို့ကလို အချိန်ကာလလေးမှာပင် ကောရဗျမင်းကြီးနဲ့ သူ့ရဲ့အခြွေအရံပရိသတ်တွေ ရောက်ရှိလာပြီး ကောရဗျမင်းကြီးက သူ့စိတ်ထဲမှာရှိတာကို ပွင့်ပွင့်လင်းလင်း လျှောက်ထားမေးမြန်းရခြင်းပဲ ဖြစ်ပါတယ်။ သူ့ရဲ့မေးခွန်းက…

"အရှင်ဘုရားလောကမှာ ၁။ ဇရာပါရိဇုည = အိုမင်းမစွမ်းဖြစ်နေတဲ့ ပုဂ္ဂိုလ်။ ၂။ ဗျာဓိပါရိဇုည, နာတာရှည်ရောဂါ ဖိစီးနှိပ်စက်ခံနေရတဲ့ ပုဂ္ဂိုလ်။ ၃။ ဘောဂပါရိဇုည, စည်းစိမ်ဥစ္စာတွေပျက်စီးကုန်တဲ့ ပုဂ္ဂိုလ်။ ၄။ ဉာတိပါရိဇုည, ဆွေမျိုးမိတ်သင်္ဂဟတွေ ပျက်စီးဆုံးရှုံးကုန်တဲ့ ပုဂ္ဂိုလ် ဒီလို အိုဘေးဒုက္ခ, နာဘေးဒုက္ခ, ဥစ္စာစီးပွားပျက်စီးခြင်း ဒုက္ခ, ဆွေမျိုးဉာတကာတွေ ပျက်စီးခြင်း ဘေးဒုက္ခလို့ဆိုတဲ့ ဒုက္ခဆင်းရဲလေးမျိုးကို အကြောင်းပြု၍ ခိုကိုးရာမဲ့လို့ဖြစ်စေ, အိုမင်း ကြီးရင့်လာတော့ သတိသံဝေဂရ၍ဖြစ်စေ သာသနာ့ဘောင်ထဲကိုဝင်ရောက်ပြီး ရှင်,ရဟန်းပြုကြတယ်။ အရှင်ဘုရားမှာတော့ အရွယ်ကလည်း ပျိုပျို, မျှစ်မျှစ်, … နယ်နယ်, ငယ်ငယ်, ရွယ်ရွယ်, စည်းစိမ်ဥစ္စာနဲ့လည်း



www.burmeseclassic.com

www.burmeseclassic.com



ပြည့်စုံ, ချမ်းသာကြွယ်ဝတဲ့ မိဘနှစ်ပါးရဲ့ အသည်းပေါက်မတတ် ချစ်ခင်မြတ်နိုးခြင်းကိုလည်း ခံရတယ်။ နောက်ပြီး, ဆွေမျိုး ဉာတကာ, သူငယ်ချင်းအပေါင်းအပါ အခြံအရံတွေကအစ, ရုပ်ရည်ရူပကာအဆုံး ဘာမှချွတ်ယွင်းချက်ဆိုတာ မရှိလောက် အောင် ပြည့်စုံလှပါဘိသနဲ့ ဘယ်အရေးကိုမြင်လို့ အခုလို ပျိုမျစ် နုနယ်ငယ်ရွယ်တဲ့အချိန်မှာ ရဟန်းပြုလာရပါလဲ ဘုရား''တဲ့ လေ။ ဒီတော့ ရဋ္ဌပါလရဟန်းတော်လေးက…

''ဒါယကာမင်းကြီး နားထောင်လော့ ကျွန်ုပ်သည် မြတ်စွာ ဘုရားသခင် ဟောကြားတဲ့ လူသားတိုင်း လိုက်နာကျင့်သုံး သိရှိ နားလည်ထားရမည့် ''ဓမ္မုဒ္ဒေသ''လေးပါးဆိုတဲ့တရား စည်း မျဉ်းကြီးလေးမျိုးအကြောင်းကို နာကြားခွင့်ရခဲ့ပါတယ်။ အဲဒီတရား စည်းမျဉ်းလေးပါးကို နာကြားခွင့်ရခဲ့ပြီးတဲ့နောက် အခုလို ပျိုမျစ် နုနယ်ငယ်ရွယ်တဲ့အချိန်မှာ ရဟန်းပြုလာရခြင်း ဖြစ်ပေတယ်'' လို့ မိန့်ကြားတော်မူလိုက်ပါတယ်။ ဆက်လက်ပြီး''ဓမ္မုဒ္ဒေသ'' လေးမျိုးဆိုတာကိုပါ မိန့်ကြားတော်မူလိုက်ပါတယ်။ အဲဒါ ကတော့…

၁။ **အဒ္ဓုဝေါ လောကော, အဒ္ဓုဝေါ။** ဘဝဆိုတာ မမြဲ ဘူး။ ဘယ်အရာမှ အစိုးမရဘူးလို့ သိရှိနားလည်ထားရပါမယ်။





ဒါနဲ့ပတ်သက်ပြီး အရှင်မင်းကြီး ပိုပြီးရှင်းလင်းသွားစေဖို့အတွက် အရှင်မင်းကြီးကိုပဲ တစ်ဖန်ပြန်ပြီး မေးရပါလိမ့်မယ်။

''မင်းကြီးစိတ်ထဲမှာ အခုအချိန်အထိ စီးပွားဥစ္စာရာထူး အာဏာ,အခြွေအရံ စတာတွေနဲ့ပတ်သက်ပြီး အစိုးရနေဆဲ, မြဲနေ ဆဲလို့ ထင်မှတ်နေတယ် မဟုတ်လား''

''မှန်ပါ အရှင်ဘုရား။ တပည့်တော် ဒီလိုထင်မှတ်နေလို့ သည်း အရှင်ဘုရားဟောတာကို ဘယ်လိုနားလည် မှတ်သားရ မယ်ဆိုတာ မဝေခွဲနိုင်ဖြစ်နေရပါတယ်ဘုရား''

''ကောင်းပြီး မင်းကြီး။ မင်းကြီးကို မေးမယ်။ အခုအခါ အရှင်မင်းကြီးရဲ့ အသက်အရွယ်အားဖြင့် ဘယ်ရွေ့ဘယ်လောက် ရှိနေပြီလဲ''

''အခုတပည့်တော် အသက်ရှစ်ဆယ်ထဲကို ရောက်နေပါပြီ ဘုရား''

''ဒါဆိုရင်, အရင်က အရှင်မင်းကြီးရဲ့ အသက် နှစ်ဆယ် အရွယ်, အသက် အစိတ်အရွယ်ကို ပြန်ပြီး အောက်မေ့သတိရ ကြည့်လိုက်စမ်းပါ။ အဲဒီအရွယ်တုန်းက လျှင်မြန်ဖျတ်လတ်ပြီး စစ်မြေပြင်မှာ အကြိမ်ကြိမ် ဝင်တိုက်ဖူးခဲ့ပြီး, အောင်ပွဲတွေလည်း



www.burmeseclassic.com

www.burmeseclassic.com



ရခဲ့ဖူးတယ်မဟုတ်လား”

“မှန်ပါ့ဘုရား အဲဒီအရွယ်လောက်တုန်းက တပည့်တော် လောက် ခွန်အားဗလကြီးပြီး လျင်မြန်ဖျတ်လတ် ရဲရင့်တဲ့ စစ်သူရဲ ကောင်း မရှိနိုင်ဘူးလို့တောင် စိတ်မှာ ထင်မှတ်ခဲ့ဖူးပါတယ် ဘုရား”

“အခုအချိန်မှာ အဲဒီ အသက်နှစ်ဆယ်, အစိတ်အရွယ်တုန်းက အားမာန်မျိုးတွေ ရှိသေးရဲ့လား အရှင်မင်းကြီး”

“မရှိတော့ပါ ဘုရား။ တပည့်တော် အခုအသက် ရှစ်ဆယ်ဆို တော့ အတော်ကို အိုမင်းကြီးရင့်တဲ့ အရွယ်အပိုင်းကို ရောက်ရှိနေ ပါပြီ။ တပည့်တော် မြေပြင်ပေါ်မှာ ဖြောင့်ဖြောင့်တန်းတန်း သွား ချင်တာကိုတောင်မှ ဟိုချော်နင်း, ဒီချော်နင်းနဲ့ ဒယိမ်းဒယိုင် ခန္ဓာ ကိုယ်က အိုမင်းနေပြီဖြစ်ကြောင်း ပြသသတိပေးနေပါပြီ။ ငယ် ငယ်တုန်းက အားမာန်တွေပြန်ရဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး”

ဒီလောက်ဆို ရုပ်ခန္ဓာရဲ့ ဖောက်ပြန်ယိုယွင်း အိုမင်းပျက်စီး တတ်ပုံ မမြဲပုံ အစိုးမရပုံတွေကို မင်းကြီးအနေနဲ့ နားလည် သဘောပေါက်လောက်ပြီ ထင်ပါတယ်”

“မှန်ပါ့ အရှင်ဘုရား ကျေးဇူးကြီးမားလှကြောင်းပါ ဘုရား။





အရှင်ဘုရားရဲ့ တရားတော်ဟာ အလွန်နှစ်သက်ဖွယ်ရာ ကောင်း လှပါတယ် ဘုရား”လို့ လျှောက်ထားလိုက်ပါပေတယ်”

“အတာဏောလောကော အဒ္ဓုဝေါ” ဘဝဆိုတာ မမြဲပါဘူး။ အစိုးမရပါဘူး။ အိုနာသေလို့ဆိုတဲ့ ဘေးကြီးတွေထံသို့ အချိန်, နာရီ, မိနစ်နဲ့အမျှ တရွေ့ရွေ့ အပို့ခံနေရပါတယ်။ အချိန်နဲ့အမျှ ခေါ်ဆောင်သွားခြင်း ခံနေရပါတယ်။ ဥပမာအားဖြင့် နွားတွေ ကို နွားသတ်ရုံပို့ခြင်း ခံနေရသလိုပါပဲ။ နွားသတ်ရုံကို အပို့ခံနေ ရပြီဆိုကတည်းက အဲဒီနွားဟာ သေစာရင်းရဲ့ လျာထားခြင်း ခံနေရပါပြီ။ ဒီကနေ့ ငါ့ကိုမသတ်သေးဘူးဆိုပြီး ထွက်ပြေးဖို့ မကြိုးစားတဲ့နွားဟာ နောက်တစ်နေ့ ကြိုးနဲ့ချည်တုပ်ပြီး နွား သတ်ရုံမှာ အသတ်ခံရမှာ အသေအချာပါပဲ။

လူဆိုတာကလည်း ဒီသဘောအတိုင်းပါပဲ။ ဇာတိပဋိသန္ဓေ အဖြစ် မွေးဖွားလာပြီဆိုကတည်းက သေစာရင်းနဲ့ လျာထားခြင်းခံ နေခဲ့ရပြီးပါပြီ။ ဒါကို မိမိအနေနဲ့ မေ့လျော့ပြီး မသေကြမယ့် အတိုင်းပဲ ကာမဂုဏ်အာရုံတောထဲမှာ မေ့မေ့လျော့လျော့ ပျော်ပါး သာယာနေပြီး ရုန်းထွက်ဖို့ မကြိုးစားဘဲ “ငါ့အသက်အရွယ်ဟာ ငယ်ပါသေးတယ်လို့ စိတ်မှာတွေးထင်ထားကြပေမယ့် သေမင်း



www.burmeseclassic.com

www.burmeseclassic.com



က ချုန်ထားချင်မှ ချုန်ထားမှာပါ။ လောကီကာမဂုဏ်တွေကို မက်မောတွယ်တာတဲ့စိတ်နဲ့ မိမိတို့ သေဆုံးသွားကြရင် ဝဲသြဃ သံသရာမှာ အကြီးအကျယ် ဒုက္ခရောက်သွားနိုင်ပါတယ်''

လောကနိယာမတရားသဘောနဲ့ ပြောရရင်, မာခြင်းနောက်မှာ နာခြင်းရှိတယ်။ လူသားတွေ အသက်နုပျိုခြင်းနောက်မှာ အိုခြင်းရှိတယ်။ အဲဒီသဘောတရားအတိုင်းပါပဲ။ လူသားတွေ အသက်ရှင်သန်နေသမျှဟာ သေဆုံးကြရခြင်းအဆုံး အပိုင်းအခြား ရှိပါတယ်။ နောက်ပြီး ပြည့်စုံခြင်းရဲ့ နောက်မှာ ပျက်စီးကြရခြင်း သဘော ရှိပါတယ်။ ဝဲသြဃဘဝ သံသရာရေယာဉ်မှာ ပေါ်လိုက်, ငုပ်လိုက်, ဖြစ်လိုက်, ပျက်လိုက်နဲ့ ဘာတစ်ခုမှ ရေရာ သေချာတာ မရှိပါဘူး။ ဘဝသံသရာမှာ ယောကျ်ားဖြစ်လိုက်, မိန်းမဖြစ်လိုက်, အဖေဘဝဖြစ်လိုက်ကြရ, သားဘဝဖြစ်လိုက် ကြရ တစ်ဖန် အမေဘဝဖြစ်လိုက်, သမီးဘဝဖြစ်လိုက်, ဆင်းရဲ သွားလိုက်, ချမ်းသာသွားလိုက်, အပါယ်ငရဲကျလိုက်, နတ်ပြည် မှာ နတ်ဖြစ်လိုက်နဲ့ ဘဝဘဝ သံသရာအဆက်ဆက်မှာ မဖြစ်ခဲ့ဖူး သေးတဲ့ ဘဝ, မရောက်ခဲ့ဖူးသေးတဲ့ ဘဝဆိုတာ မရှိကြသည့်





အထိ အမျိုးမျိုး လှည့်ပတ်ပြီး ဖြစ်နေရပြန်ပါတယ်။

ဖြစ်ပြီး တစ်ဖန်ပျက်ရမယ်ဆိုတဲ့ အနိစ္စသဘောတရားသာ တည်မြဲနေတာ တွေ့ရပါတယ်။ လောကကြီးထဲမှာ တည်ရှိနေတဲ့ သင်္ခါရသဘောတရားဟူသမျှတို့မှာ ဘာတစ်ခုမှ ရေရာသေချာ တာ မရှိပါဘူး။ လောကီကာမဂုဏ်တောထဲမှာ ယစ်မူးပြီး နေနေ ကြသမျှ ကာလပတ်လုံး ဘယ်တော့မှ ရေရာလာကြဦးမှာလည်း မဟုတ်တော့ပါဘူး။ ဒါ့ကြောင့် မမြဲတဲ့လောကကြီးမှာ ငါမနေ ချင်တော့ဘူး။ အချိန်နဲ့အမျှ အိုနာသေဘေးတွေဆီကို မောင်းနှင်, ခေါ်ဆောင်သွားနေတာကို ငါထိုင်စောင့်ပြီး အရှုံးပေးနေရတာကို မုန်းတယ်။ သေမင်းက လက်မဦးခင်, ငါတရားဓမ္မကို အရင်ဦး အောင် ရှာတော့မယ်။ မြဲသောတရားဓမ္မတွေ ရရှိကြောင်းနေရာ ဖြစ်တဲ့, သာသနာ့ဘောင်ထဲကို ငါ အပြီးအပိုင်သွားတော့မယ် ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ပျို့မျှစ်နုနယ်ငယ်ငယ်ရွယ်ရွယ်မှာ လောကီ ကာမဂုဏ်တွေကို ကျောခိုင်းပြီး ရဟန်းပြုလာရခြင်းဖြစ်ပေတယ် လို့ မိန့်ကြားတော်မူလိုက်ပါတယ်။

၂။ အရှင်မင်းကြီး "**အတာဏော လောကော အနဘိဿရော**" အမှန်စင်စစ် ဒီလောကကြီးဟာ ခိုကိုးရာမရှိ၊ ကာကွယ်စောင့်ရှောက် ပေးမည့်သူမရှိတဲ့ လောကကြီး ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား တပည့်တော်, မင်း ပြုလုပ်စဉ်မှစပြီး အခု အချိန်အထိ တိုင်းပြည်အေးချမ်းသာယာစပြောဖို့အတွက် ချီးမြှောက်သင့်သူကို ချီးမြှောက်ပြီး အပြစ်ဒဏ်ပေးသင့်သူကို အပြစ်ပေးပြီး တိုင်းသူပြည်သားများကို, ရင်ဝယ်သားကဲ့သို့ ကာကွယ်စောင့်ရှောက်လျှက် ရှိပါတယ်။ နောက်ပြီး လိုအပ်လာရင်, တိုင်းသူပြည်သားများရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို ကာကွယ်စောင့်ရှောက်ပေးဖို့ရန် ရည်ရွယ်ချက်နဲ့ စစ်တပ်ကြီးကိုတောင် ဖွဲ့စည်းထားတဲ့ ရှင်ဘုရင်တစ်ပါးအနေနဲ့ "အရှင်ဘုရားပြောတဲ့ နိုးကိုးရာမရှိ, အစောင့်အရှောက် ကာကွယ်ပေးမည့်သူမဲ့တဲ့ လောကကြီးဆိုတဲ့ စကားကို မည်ကဲ့သို့ နားလည်မှတ်သား သဘောပေါက်ရပါမလဲဘုရား တပည့်တော်ကဲ့သို့ မင်းတစ်ပါးသည် တိုင်းသူပြည်သားများကို ကာကွယ်စောင့်ရှောက်နေသောသူလို့ မဆိုနိုင်ပေဘူးလား ဘုရား"

"ဒကာတော်မင်းကြီး နားထောင်လော့။ ဒကာတော်မင်းကြီး စောင့်ရှောက်နိုင်တယ်ဆိုတာ ရွှေ, ငွေ, ဥစ္စာ, ကျွဲ,နွား စတဲ့ ပဉ္စတ်ဘရားတွေအပေါ်မှာတော့ အတိုင်းအတာတစ်ရပ်အထိ အသုံးဝင်ကောင်း ဝင်နိုင်ပါလိမ့်မယ်။ ဒါပေမယ့် အိုဘေး, နာဘေး, သေဘေးလို့ဆိုတဲ့ ဘေးကြီးတွေကိုတော့ ဒကာတော်





မင်းကြီးအနေနဲ့ ကာကွယ်စောင့်ရှောက်လို့ မရနိုင်ပါဘူး။ ဒကာတော်မင်းကြီးကိုယ်၌တောင် အသက်ရှစ်ဆယ်ဆိုတဲ့ အိုမင်းရင့်ရော်နေတဲ့ အရွယ်အပိုင်းအခြားကို ရောက်ရှိနေရပြီလေ။ ဒကာတော်မင်းကြီးမှာရှိတဲ့ ရာထူးအာဏာ, စည်းစိမ်ဥစ္စာတွေက ဘယ်မှာ ကာကွယ်ပေးနိုင်တော့လို့လဲ"

"မှန်ပါဘုရား။ အရှင်ဘုရားပြောတဲ့ ဒီလောကကြီးဟာ နိုးကိုးရာမရှိ, ကာကွယ်စောင့်ရှောက်သူမဲ့တဲ့ လောကကြီးဆိုတာ တပည့်တော် သဘောပေါက်ပါပြီဘုရား"

"အတာဏောလောကောအနဘိဿရော" ဒါယကာမင်းကြီး အမှန်စင်စစ် ဒီလောကကြီးဟာ နိုးကိုးရာမရှိ, ကာကွယ်စောင့်ရှောက်ပေးမည့်သူမရှိတဲ့ လောကကြီးပါ" မိမိက ဇနီးမယား, သမီး, သား, ကိုယ်ရှာဖွေထားတဲ့ ဥစ္စာဓန စီးပွားတွေကို မှီခိုအားကိုးရာတစ်ခုအနေနဲ့ တွယ်တာမှီခိုနေပေမဲ့ မိမိထံအမှန်တကယ်ကျရောက်လာသော အိုဘေး, နာဘေး, သေဘေးဆိုတာတွေကိုတော့ သူတို့တွေက မိမိကို မကယ်နိုင်ကြပါဘူး။

အကြောင်းက သူတို့တွေမှာ မိမိအတွက် အမှန်တကယ် မှီခိုအားကိုးရာအစစ်တွေ မဟုတ်ကြလို့ပါပဲ။ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



လူသားတွေဟာ သိပ်ပြီးသနားစရာကောင်းပါတယ်။ အဝိဇ္ဇာ၊ တဏှာ၊ မာန, ရာဂ၊ ဒေါသမောဟတွေ ဖုံးလွှမ်း ကြီးစိုးလွန်းအားကြီးလာတော့ မရှိကို အရှိထင်၊ ပညတ်ရဲ့လှည့်ကွက် အသွင်သဏ္ဌာန်တွေဖြစ်တဲ့ သား၊ သမီး၊ ဇနီးမယား၊ စီးပွားဓန၊ မိမိရဲ့ ရုပ်ခန္ဓာကိုယ်စတာတွေကို တွယ်တာမှီခိုရာအဖြစ် အမှတ်မှား၊ အမြင်မှား၊ အသိမှား၊ အထင်မှားနေကြပါတယ်။ ဒါ့ကြောင့်လည်း မာန်လည်ဆရာတော်ဘုရားကြီးက မဃဒေဝလင်္ကာဖြင့် “ရေဘေး၊ မီးဘေး၊ ခိုးသူဘေးဟု ဘေးကြီး သုံးပါး လွှန်ကြီးမားက၊ သားနှဲ့အမိ ဖြစ်တုန်ဘိလည်း၊ မျက်စိအောက်တွင်၊ ရင်ခွင်တင်လျှက်၊ သက်သက်ရေးပိုင်၊ မကယ်နိုင်ဘူး။ လက်မှိုင်ချကာ နေရစ္ဆာတည်း။”လို့ စပ်ဆိုခဲ့တာပါ။

လူသားတွေအနေနဲ့ တွယ်တာလာတဲ့ သံယောဇဉ်အမျှင်တန်းတစ်ခုကနေ တစ်ဆင့်လွန်ကဲလာပြီး မှီခိုအားထားရာအဖြစ် ထင်မြင်လာတတ်ကြပါတယ်။ အမှန်စင်စစ် ဒါတွေဟာ မိမိအထံမှာ အိုဘေး၊ နာဘေး၊ သေဘေးဆိုတဲ့ ဘေးကြီးတွေ ဆိုက်ရောက်လာကြပြီဆိုရင် အဲဒါတွေဟာ အမှန်တကယ် မှီခိုအားထားရာ အစစ်တွေမဟုတ်ကြလေတော့ သူတို့တွေက မိမိကို မကယ်နိုင်ကြပါဘူး။ ဒီလိုမှီခိုအားထားရာ မရှိ၊ ကာကွယ်စောင့်ရှောက်ပေးမယ့်သူ





မဲ့တဲ့ လောကကြီးမှာ ငါ မနေချင်တော့ဘူး။ မှီခိုအားထားရာ တရားဓမ္မတွေ ရရှိကြောင်းနေရာဖြစ်တဲ့ သာသနာ့ဘောင်ကို ဝင်ရောက်ပြီး၊ မှီခိုအားထားရာ တရားဓမ္မတွေကို မရရအောင် ငါ ရှာဖွေအားထုတ်တော့မယ်လို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခုလို ချို့မျစ်နုနယ် ငယ်ငယ်ရွယ်ရွယ်မှာ ရဟန်းပြုလာရခြင်း ဖြစ်ပေတယ် ဒါယကာမင်းကြီးလို့ဆိုပြီး မိန့်ကြားတော်မူလိုက်ပါတယ်။

၃။ “အဿကော၊ လောကောသဗ္ဗံပဟာယဂမနီယံ” ဒါယကာမင်းကြီး “အမှန်စင်စစ် ဒီလောကကြီးမှာ ကိုယ်ပိုင်ဥစ္စာဆိုတာ ဘာတစ်ခုမှ မရှိပါဘူး။ မိမိကိုယ်ခန္ဓာအပါအဝင် ပိုင်ဆိုင်ခွင့်ရကြတဲ့ စည်းစိမ်ဥစ္စာ ဟူသမျှတို့မှာ တစ်ခဏမျှသာ ပိုင်ဆိုင်ခွင့်ရကြတာမို့ အငှားခန္ဓာ၊ အငှားဥစ္စာလို့ ဆိုရမှာပင် ဖြစ်ပါတယ်။ လူသားတွေအနေနဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေ ဖုံးလွှမ်းပြီး မတော်မတရားနည်းလမ်းတွေနဲ့ဖြစ်စေ၊ တရားသဖြင့်ဖြစ်စေ၊ တစ်နည်းတစ်ဖုံ တစ်မျိုးမျိုးနဲ့တော့ နေ့စဉ်နေ့တိုင်း ရှာဖွေအလုပ်လုပ်ကိုင်နေကြရပါတယ်။

ဒီလိုရှာဖွေနေကြရခြင်းမှာ မိမိကိုယ်ပိုင်ဖြစ်စေဖို့၊ မိမိလက်ထဲ ရရှိလာတဲ့အခါ လိုရာအသုံးချစေဖို့ဆိုတဲ့ အဝိဇ္ဇာ၊ သညာ၊



www.burmeseclassic.com

www.burmeseclassic.com



ဖုံးလွှမ်းနေတဲ့ အမြင်တစ်မျိုးနဲ့ ရှာဖွေနေကြတာပါ။ ရှာဖွေရရှိလာခဲ့တဲ့အလျှောက် အလွဲလွဲအမှားမှားဖြင့် လောကကြီး ကမောက်ကမ ဖြစ်အောင် အသုံးချနေကြတာတွေ စိတ်မကောင်းဖွယ် မြင်တွေ့နေရပါတယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ ကိုယ်ပိုင်ဥစ္စာအစစ်မဟုတ်ကြလေတဲ့ ဒီပစ္စည်းပစ္စယတွေအားလုံးကို စွန့်ခွာပြီး သွားကြရတာပါပဲဆိုတဲ့ အတွေးမျိုး တွေးမိကြဟန်မတူပါဘူး။ တစ်နေ့နေ့တစ်ချိန်ချိန်မှာ ဒီဥစ္စာပစ္စည်းတွေက မိမိကို အရင်စွန့်ခွာရင်စွန့်၊ သို့မဟုတ် မိမိက သူတို့ကို အရင်စွန့်ပြီး သွားကြရပါလိမ့်မယ်။ ဒီလိုလောကသဘာဝဓမ္မတစ်ခုအဖြစ် သိရှိလာခဲ့တဲ့ မိမိအနေနဲ့ ကိုယ်မပိုင်တာတွေကို မပိုင်တဲ့အတိုင်းဘဲ ထားရစ်ခဲ့ဖို့ ဆုံးဖြတ်လိုက်ပါတယ်။

တစ်ခါတုန်းက ကမ္ဘာမှာကျော်ကြားထင်ရှားလှတဲ့ သန်းကြွယ်သူဌေးကြီးတစ်ဦး ရှိပါတယ်။ တစ်နေ့ သူကိုယ်တိုင် ကြိုးစားရှာဖွေထားတဲ့ များမြောင်ကြွယ်ဝလှတဲ့ ရွှေ၊ ငွေ၊ ဥစ္စာတွေကို ကြည့်ပြီး အတွေးတစ်ခု ဝင်လာမိပါတယ်။ သူ့မှာ အမွေဆက်ခံထားရှိခဲ့ရမယ့် သား၊သမီးဆိုတာ မရှိပါဘူး။ ဒီတော့ ဒီပစ္စည်းတွေထားရစ်ခဲ့ပြီး သူ သေခဲ့ရမှာ အတော်ကိုရှက်စရာကောင်းတယ်





လို့ မြင်နေပါတော့တယ်။ နောက်ပြီး ဒီရွှေ၊ ငွေ၊ ဥစ္စာတွေကို သူ မသေခင်မှာဘဲ၊ အကျိုးရှိရှိ စည်းစနစ်ကျကျ အသုံးချသွားဖို့ ဆုံးဖြတ်ချက်ချလိုက်ပါတော့တယ်။ အဲဒီအတွက် သူ အစီအစဉ်တွေ ရေးဆွဲပါတော့တယ်။ သူဟာတကယ်ပဲ သူမသေခင်မှာ အံ့သြဖွယ်ရာ၊ ဒီရွှေ၊ ငွေတွေကို၊ လူထုအကျိုးပြုလုပ်ငန်းတွေမှာ ရက်ရက်ရောရော လှူဒါန်းသမှု ပြုဖူးတာ တွေ့ခဲ့ရပါတယ်။

ရဋ္ဌပါလရဟန်းတော်လေးလည်း၊ အရှင်မင်းကြီး၊ ဒီလိုလောကနိယာမ၊ သဘာဝဓမ္မကို သိရှိနားလည်ခဲ့တဲ့ မိမိအနေနဲ့ ကိုယ်မပိုင်တာတွေကို မပိုင်တဲ့အတိုင်းထားပြီး၊ ကိုယ်ပိုင်တရားဓမ္မတွေရရှိကြောင်း နေရာတစ်ခုဖြစ်တဲ့ သာသနာ့ဘောင်ကို ဝါသွားတော့မယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အခုလို ပျိုမျစ်နုနယ်ငယ်ငယ်ရွယ်ရွယ်မှာ ရဟန်းပြုလာရခြင်း ဖြစ်ပေတယ်လို့ မိန့်ကြားတော်မူလိုက်ပါတယ်။

၄။ "ဥနောလောကော အတိတ္တော တဏှာဒါသော" ဒါယကာမင်းကြီး၊ လောကကြီးမှာ သေသေချာချာသတိထားကြည့်တတ်မယ်ဆိုရင် တဏှာ၊ လောဘဆိုတာ ဘယ်တော့မှ ပြည့်သွားတယ်ဆိုတာ မရှိပါဘူး။ အင်မတန် ကြောက်စရာကောင်းပါတယ်။ အမြဲတမ်း လိုချင်၊ တပ်မက်မှု၊ ဆာလောင်



www.burmeseclassic.com

www.burmeseclassic.com



ကြောရုံမက, သံဃာတစ်ရာကျော်သုံးတဲ့ ကုဋီအိမ်သာတွေပါ မကျန်, ဝေယျာဝစ္စ ကုသိုလ်ပြုနေတာတွေ့ရပါတယ်။ ဘာ ရည်ရွယ်ချက်, ဘယ်လိုစိတ်ထားမျိုးနဲ့ ဒီလိုလာရောက် ဝေယျာ ဝစ္စ လုပ်ကိုင်နေတာလဲဆိုတာကို စာရေးသူ မေးကြည့်လိုက် တော့ သူပြောလိုက်တဲ့ စကားလေးက အင်မတန် မှတ်သား စိတ်ဝင်စားစရာ ကောင်းပါတယ်။ အဲဒါကတော့.....

"တပည့်တော် လွန်လေခဲ့ပြီးသော ဘဝသံသရာအဆက် ဆက်ကနေ အခုဘဝ လက်ရှိဘဝအချိန်အထိပါပဲဘုရား။ တစ် သံသရာလုံးလုံး သားကျွေးမှု, မယားကျွေးမှု, သားကျွန်, မယား ကျွန်, တဏှာကျွန်အဖြစ် နေထိုင်လာခဲ့ရတာ ကြာပါပြီ။ အခု ကျန်ရှိနေသေးတဲ့ ဘဝသက်တမ်းလေးမှာတော့ သံဃာ့ကျွန်, သံဃာ့ဝေယျာဝစ္စပြုရင်း, နေထိုင်သွားချင်လို့ပါဘုရား"တဲ့။

"အလို... ဘုရား, ဘုရား, တကယ့်ကို အံ့သြစရာပါပဲ ဒကာတော်။ တကယ့်ကို သန့်စင်မွန်မြတ်လှတဲ့ စိတ်ထားဖြစ်ပါ ပေတယ်။ သာဓု, သာဓု, သာဓု"လို့ စာရေးသူ လိုက်လိုက်လှဲလှဲ သာဓုခေါ်ခဲ့ရဖူးပါတယ်။ မြတ်စွာဘုရား သက်ရှိထင်ရှားရှိနေရင် လည်း ဒီလို သူတော်ကောင်းမျိုးကို ကောင်းချီးသြဘာပေးသနား





တော်မူမှာ အသေအချာပါပဲ။ ကော်ရုံဗျူမင်းကြီးလည်း "ရဋ္ဌပါလ" ရဟန်းတော်လေးရဲ့, သားကျွန်, မယားကျွန်, ဓနဥစ္စာကျွန်, တဏှာရဲ့ကျွန်အဖြစ်နဲ့ လူ့ဘောင်မှာမနေချင်တော့ ပါဘူးဆိုတဲ့ ရဟန်းပြုလာရခြင်းရဲ့ ရည်ရွယ်ချက်အမှန်ကို သိ လိုက် ရတော့ မင်းကြီးအနေနဲ့ အံ့သြတုန်လှုပ်သွားခဲ့ရပါတယ်။

နောက်ပြီး, ၁။ ဇရာပါရိဇုည။ ၂။ ဗျာဓိပါရိဇုည။ ၃။ ဘောဂ ပါရိဇုည။ ၄။ ဉာတိပါရိဇုညလို့ဆိုတဲ့ လူသားတွေ သာသနာ့ ဘောင်ထဲ ဝင်ရောက်သင့်တဲ့ အသက်အရွယ် အချိန်အခါ ကာလ အပိုင်းအခြားကို သူသဘောနဲ့သူ သတ်မှတ်ပိုင်းခြားပြီး သာသနာ့ ခံထမ်းများကို စော်ကား, အထင်အမြင်သေးတဲ့ အမြင်အမှား မျိုးတွေ ဖြစ်နေမိတာကိုလည်း နောင်တရ အားနာသွားခဲ့မိဟန် တူပါတယ်။ ကိုယ့်သား, ကိုယ့်မြေးအရွယ်လောက်သာရှိတဲ့ အသက်နုစ်ဆယ်ဝန်းကျင်, ရဟန်းတော်လေးတစ်ပါးရဲ့ စိတ်နေ စိတ်ထားနဲ့ သူ့ရဲ့လက်ရှိစိတ်နေစိတ်ထားတို့ အကွာဟကြီး, ကွာဟနေတာကိုလည်း အမှန်အတိုင်း တိုင်းတာသိမြင်သွားခဲ့ရ ပါတယ်။ မင်းကြီး ဒီလိုအတွေးဝင်နေချိန်မှာဘဲ "ရဋ္ဌပါလ" ရဟန်းတော် လေးက တရားစကားဆက်လက် မိန့်ကြားတော် မူလိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဥပနိယျတိလောကော အဒ္ဓုဝေါ၊ ခေါသိမဟာရာဇ တေန ဘဂဝတာ, ပဿတာ ဓမ္မုဒ္ဒေသော, ဥဒ္ဒိဋ္ဌော, ယမဟံ, ဉတွာစ, ဒိသွာစ, သုတွာစ, ပဗ္ဗဇိတော"

"ဒါယကာမင်းကြီး လောကကြီးဟာ မမြဲတဲ့ အစိုးမရတဲ့ လောကကြီးပါပဲ။ သတ္တဝါတွေကို ဇရာ, ဗျာဓိ, မရဏဘက်သို့ တစ်ရွေ့ရွေ့ခေါ်ဆောင်သွားနေကြပါတယ်။ လို့မြတ်စွာဘုရား ကသို့ကလိုတရားအကျဉ်းကို မိန့်ကြားသွန်ပြခဲ့ပါတယ်။ အဲဒီတရား အကျဉ်းကို, သိမြင်, ကြားနာရပြီးတဲ့နောက် အိမ်ရာတည်ထောင် လူဘောင်မှာနေလိုစိတ်မရှိတော့ဘဲ ရဟန်းပြုခဲ့ပါတယ်လို့ မိန့်ကြား တော်မူလိုက်ပါတယ်။

တစ်ဖန်ဆက်လက်ပြီး မိန့်ကြားတော်မူပြန်တာမှာ.....

၁။ မင်းကြီးလောကဒ္ဓ ဥစ္စာရှိသူ လူအပေါင်းတို့ကို ငါမြင် ရသည်မှာ တွေဝေမိုက်မဲမောဟဖက်၍, ရပြီးဥစ္စာကို နမြောတွန့်တိုမလှူရက်ကြသည့်အပြင်, လောဘ တတ်၍ ဥစ္စာသိမ်းဆည်းမှုကိုသာပြုကြပါကုန်၏။ ကာမဂုဏ်တို့ကိုတိုး၍တိုး၍ တောင်းတတတ်ကြ ကုန်၏။

၂။ မင်းကြီးသည်ပင် ရန်သူအပေါင်းတို့ကိုဖိနှိပ်၍ သမုဒ္ဒ ရာ အဆုံးရှိသောမြေပြင်အားလုံးကို အောင်နိုင်ကာ





မြေပြင်အားလုံးကို အုပ်စိုး မင်းပြုလုပ်နေရသူဖြစ်ပါ လျက် သမုဒ္ဒရာ၏အဆုံး ဒီဘက်ကမ်း မိမိပိုင် တိုင်း ပြည်ဖြင့် ရောင့်ရဲတင်းတိမ်နိုင်သည့်သဘော မရှိဘဲ သမုဒ္ဒရာ၏ အခြားတစ်ဖက်ကမ်း သူတစ်ပါးပိုင် တိုင်းပြည်ကိုလည်း တောင်းတမိသေး၏။

၃။ မင်းကြီးသည်လည်းကောင်း, အခြားသူများသည် လည်းကောင်း, တပ်မက်မှုတဏှာ မကင်းခြင်းဖြင့် သာ သေဆုံးခြင်းသို့ ရောက်ကြကုန်၏။ အလိုဆန္ဒ ပြည့်ဝသည်မရှိ ယုတ်လျော့ကုန်လျက်သာလျှင် ခန္ဓာ ကိုယ် အတ္တဘောကို စွန့်ကြရကုန်၏။ လောကဒ္ဓ ကာမဂုဏ်တို့ဖြင့် ရောင့်ရဲမှုဟူ၍ မရှိသည်သာတည်း။

၄။ ထိုသေသူကို ဆွေမျိုးတို့သည် ဆံပင်တို့ကိုဖြန့်ကြဲ လျက် ငါတို့၏သားကား သေသွားလေပြီတကားဟု ငိုကြွေးမြည်းတမ်းကာ ပြောဆိုကြကုန်၏။ အဝတ်ဖြင့် ရစ်ပတ်ထားသော ထိုသေသူကို သေဆုံးရာအိမ်မှ ထုတ်ဆောင်ကြပြီးလျှင် ထင်းပုံသို့ယူဆောင်ကာ မီး တိုက်ကြကုန်၏။

၅။ ထိုသေသူသည် စည်းစိမ်တို့ကိုစွန့်၍ အဝတ်တစ်ထည် ဖြင့်သာ မီးတိုက်ခံရ၏။ တံကျင်တို့ဖြင့် အထိုးခံရ၏။ ဆွေမျိုးမိတ်ဆွေအပေါင်းအသင်းတို့သည် ထိုသေသူ ၏ အားထားမှီခိုရာတို့မဖြစ်လာကုန်။



www.burmeseclassic.com

www.burmeseclassic.com



၆။ အမွေခံတို့သည် ထိုသေသူ၏အမွေဥစ္စာကို ဆောင်ယူကြကုန်၏။ သေသောသတ္တဝါသည်ကား ကံအားလျော်စွာသာလားရ၏။ သားသမီးဖြစ်စေ, မယားဇနီးဖြစ်စေ, ဥစ္စာဖြစ်စေ, တိုင်းနိုင်ငံဖြစ်စေ, မည့်သည့်ဥစ္စာမဆိုသေသူ၏ နောက်သို့ အစဉ်မလိုက်ကြကုန်။

၇။ အသက်ရှည်မှုကို ဥစ္စာပေး၍မရနိုင်။ စည်းစိမ်ပေးသဖြင့်လည်း အိုခြင်းကို မပယ်ဖျောက်နိုင်ကြကုန်။ ပညာရှိတို့သည် ဤအသက်ကား အနည်းငယ်တိုလှ၏။ အမြဲမရှိ။ ဖောက်ပြန်တတ်သောသဘောရှိ၏ဟုဆိုကြကုန်၏။

၈။ ကြွယ်ဝသူတို့သည် လည်းကောင်း။ ဆင်းရဲသူတို့သည်လည်းကောင်း။ သေခြင်းအတွေ့ကို တွေ့ကြုံရင်ဆိုင်ကြရကုန်၏။ ထို့အတူ သူမိုက်သည်လည်းကောင်း။ ပညာရှိသည်လည်းကောင်း။ သေခြင်းအတွေ့ကို ရင်ဆိုင်ကြုံတွေ့ရမည်သာတည်း။ သူမိုက်သည်ကား မိုက်သည်၏အဖြစ်ကြောင့်သာလျှင် တုန်လှုပ်ချောက်ချားကာသေရသည်ဖြစ်၍ လျှောင်းအိပ်ရ၏။ ပညာရှိသည်သာ သေခြင်းအတွေ့ဖြင့် ရင်ဆိုင်ကြုံတွေ့ရသော်လည်း မတုန်လှုပ်။

၉။ ထိုကြောင့်ပညာသည်သာ ဥစ္စာထက်မြတ်၏။ ယင်းပညာဖြင့် ကိစ္စအားလုံး ပြီးဆုံးရာ အရဟတ္တဖိုလ်ကို





ရနိုင်၏။ မိုက်မဲတွေဝေသူတို့သည် ကိစ္စအားလုံး မပြီးဆုံးသေးသောကြောင့်သာလျှင် ဘဝကြီးငယ်တို့၌ ယုတ်မာမှုအကုသိုလ်တို့ကို ပြုမိကြကုန်၏။

၁၀။ ဘဝအဆက်ဆက် ကျင်လည်၍ အမိဝမ်းတိုက်သို့လည်းကောင်း။ တမလွန်လောကသို့ လည်းကောင်း။ ကပ်ရောက်ဖြစ်ရ၏။ ပညာမရှိသူ၏ စကားကို ပညာနည်းသူသည် အလွန်ယုံကြည်သည်ဖြစ်၍ အမိဝမ်းတိုက်သို့လည်းကောင်း။ တမလွန်လောကသို့လည်းကောင်း။ ကပ်ရောက်ရ၏။ ဖြစ်ရ၏။

၁၁။ စည်းရိုးခြံစပ်အဝ၌ ခိုးယူတတ်သော ယုတ်မာသောသဘောရှိသူကို မိမိအမှုကတစ်ဖန်ပြန်၍ ညှင်းဆဲဘိသကဲ့သို့ ထို့အတူ နောင်တမလွန်လောက၌ အကုသိုလ်တရားယုတ်ရှိသည့် သတ္တဝါအပေါင်းကို မိမိပြုလုပ်ခဲ့သော အမှုကပင်တစ်ဖန်ပြန်၍ ညှင်းဆဲလေ၏။

၁၂။ မင်းကြီးကာမဂုဏ်ငါးပါးတို့သည် ဆန်းကြယ်ကုန်သည်သာလျှင်တည်း။ သာယာဖွယ်ကဲ့သို့ ဖြစ်ကုန်၏။ မွေ့လျော်ဖွယ်ကဲ့သို့ ဖြစ်ကုန်၏။ အထူးထူးသောသဘောဖြင့် စိတ်ကိုမွေ့နှောက်တတ်ကုန်၏။ ကာမဂုဏ်တို့၌ အပြစ်ကိုမြင်သောကြောင့် ငါသည် ရဟန်းပြု၏။

၁၃။ မင်းကြီးငယ်ငယ်ကြီးကြီးသစ်သီးတို့သည် ကြွေကျ



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ လုလင်ပျိုတို့သည်လည်းကောင်း။ ငယ်ရွယ်သူတို့သည်လည်းကောင်း။ ကြီးသူတို့သည်လည်းကောင်း သေကြကုန်၏။ ထိုအကြောင်းကိုလည်းမြင်၍ မချွတ်မယွင်းဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော ရဟန်းအဖြစ်သည် သာမြတ်လှပေ၏''ဟု နှလုံးသွင်းလျှက် ငါသည်ရဟန်းပြုခဲ့လေသတည်းဟု မိန့်ကြားတော်မူလိုက်ပါတယ်။

ကောရဗျမင်းကြီးဟာ တရားတော်ကို ဝမ်းမြောက်နှစ်သက်ကောင်းချီးပေးသောအနေဖြင့် သာစုသုံးကြိမ်ခေါ်ပြီး ရဋ္ဌပါလရဟန်းတော်လေးကို ရှိခိုးကာနန်းတော်ကို ပြန်သွားခဲ့ပါတော့တယ်။ သည်သို့သည်နယ်ကြောင့် ဒီစာစုကို ဖတ်ရှုရသူ ဗုဒ္ဓဘာသာဝင် သူတော်ကောင်းများအနေနဲ့ ''လူတို့ကျင့်ဖွယ် တရားလေးသွယ်''ဆိုတာကို သိရှိရပြီးတဲ့နောက် လောဘ, ဒေါသ, မောဟ, မာန်မာနတွေ ကင်းကွာကြပြီး, မှန်ကန်သောအသိ, မှန်ကန်သောအမြင်, မှန်ကန်သောအတွေးတွေနဲ့ ဘဝသံသရာ တစ်လျှောက်လုံး လျှောက်လှမ်းကြပါစေချင်ကြောင်း ဆန္ဒပြု တိုက်တွန်းနှိုးဆော်လိုက်ရပါပေတယ်။

■





## 'အညစ်ကင်းစင်သူ့အသွင်'

ကောရဗျမင်းကြီး တရားနာယူကာ ပြန်သွားပြီးတဲ့နောက် ''ရဋ္ဌပါလ'' ရဟန်းတော်လည်း အရင်မူလထိုင်နေမြဲ သစ်ပင်အောက်မှာပဲ ကမ္မဋ္ဌာန်းတရားကို ပြန်လည်နှလုံးသွင်းပြီး တရားရှုနေပါတော့တယ်။ အရဟတ္တမဂ်, အရဟတ္တဖိုလ်ဉာဏ်ရပြီး ရဟန္တာတစ်ဆူ ဖြစ်တော်မူခဲ့ပြီးသော သူ့အတွက် မဂ်ချမ်းသာ, ဖိုလ်ချမ်းသာကို ခံစားနေရုံမှတစ်ပါး အခြားပြုလုပ်ဖွယ်ရာ မရှိတော့ပါဘူး။ သာသနာတော်ထဲ ဝင်ရောက်ရခြင်းရဲ့ သူ့ရည်ရွယ်



www.burmeseclassic.com

www.burmeseclassic.com



ချက်တွေ ထမြောက်အောင်မြင်အောင် လုပ်ဆောင်နိုင်ခဲ့ပါပြီ။ အရှင်ရဋ္ဌပါလ မထေရ်ရဲ့ သန္တာန်မှာ၊ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာရာဂ၊ မာန၊ စတဲ့ ကိလေသာဟူသမျှ မြူမှုန်မျှလောက်ပင် မကျန်ရှိတော့သည်အထိ သန့်ရှင်းကင်းစင်လို့နေပါတယ်။ သို့ကလို အညစ်ကင်းစင်နေတဲ့ "အရှင်ရဋ္ဌပါလ" ရဟန်းတော်လေးရဲ့အသွင်ကို စိတ်အာရုံမှာ ပုံဖော်မှန်းဆပြီး ဖူးမြော်ပုံဖော်ကြည့်လိုက်စမ်းပါ။ ကိလေသာ စိတ်ပုတ်၊ စိတ်ယုတ်၊ စိတ်ညစ်၊ စိတ်နွမ်းတို့ကို အလဲထိုး အနိုင်ယူပြီး၊ နိဗ္ဗာန်ကို မျက်မှောက်ပြုနေတဲ့ အရိယာသူတော်စင်ရဲ့ အဆင်းရုပ်ရည်၊ ရူပကာအသွင်သဏ္ဌာန်မှာ မည်မျှအထိထည်ဝါ၊ ကျက်သရေရှိ အေးချမ်းငြိမ်သက်နေမလဲဆိုတာ မခန့်မှန်းနိုင်အောင်ပါဘဲ။

အင်မတန် သာယာလှပပေတဲ့ လမင်းကြီးတောင်မှ လပုပ်ဖမ်းခြင်း၊ တိမ်လိမ်တိမ်လွှာတို့ရဲ့ နှောင့်ယှက်ခြင်းကို ခံနေရရင် မကြည်လင် မလှပနိုင်တော့ပါဘူး။ သူတော်ကောင်းတို့ ရဟန်းတော်တို့ဆိုတာ စိတ်ကို ပူပန်၊ ညစ်နွမ်းစေတတ်တဲ့ ကိလေသာအမိုက်သရိုက်တွေရဲ့ ရှုပ်ထွေးနှောင့်ယှက်ခြင်း ခံနေကြရပြီဆိုရင် ကျက်သရေရှိပြီး ကြည်ကြည်လင်လင် မဖြစ်နိုင်တော့ပါဘူး။ စိတ်ကိုပူပန်စေတတ်၊ ညစ်နွမ်းစေတတ်တဲ့ ကိလေသာ အမိုက်သရိုက်တွေကို လက်သင့်မခံဘဲ ဝိပဿနာဉာဏ်နဲ့ ဖယ်ရှားပစ်နိုင်





မှသာ အကျိုးရှိမှာပါ။ သူတော်ကောင်း ပီသမှာပါ။ ကိလေသာဆိုတာ စိတ်ကို ပူပန်ညစ်နွမ်းစေတတ်တာမို့ အတော်ကို ကြောက်စရာပါပဲ။ အဲဒီကိလေသာကတော့ ဆယ်ပါးတိတိ ရှိပါတယ်။ မှတ်ကြရမှာက-

၁။ လောဘကိလေသာ= လိုချင်တပ်မက်မောခြင်း။

၂။ ဒေါသကိလေသာ= အမျက်ဒေါသထွက်ခြင်း။

၃။ မောဟကိလေသာ= တွေဝေမိုက်မဲခြင်း။

၄။ မာနကိလေသာ= ထောင်လွှားခြင်း။

၅။ ဒိဋ္ဌိကိလေသာ= အယူမှားခြင်း။

၆။ ဝိစိကိစ္ဆာကိလေသာ= ယုံမှားသံသယဖြစ်ခြင်း။

၇။ ထိန၊ မိဒ္ဓကိလေသာ= ထိုင်းမှိုင်းခြင်း၊ ငိုက်မြည်းခြင်း။

၈။ ဥဒ္ဓစ္စကိလေသာ= ဖရိုဖရဲ စိတ်ပြန့်လွင့်ခြင်း။

၉။ အဟိရိကကိလေသာ= မကောင်းမှုအကုသိုလ်ပြုလုပ်ရမှာကိုမရှက်တတ်ခြင်း။

၁၀။ အနောတ္တပ္ပကိလေသာ=မကောင်းမှုအကုသိုလ်ပြုလုပ်ရမှာကိုမကြောက်တတ်ခြင်း။



www.burmeseclassic.com

www.burmeseclassic.com



တို့ပင် ဖြစ်ပါတယ်။ အဲဒီကိလေသာ အညစ်အကြေးတွေကို ပယ်သတ်ကြဖို့ရန် နည်းသုံးနည်း ရှိပါတယ်။ အဲဒီနည်းတွေကတော့…

၁။ **ဝီတိက္ကမ**။ အာရုံငါးပါးအပေါ်မှာ နှစ်သက်တွယ်တာမှု တွေကြောင့် ဖြစ်ပေါ်လာရတဲ့… ကာယကံ၊ ဝစီကံ၊ မနောကံတို့ဟာ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေနဲ့ ပြည့်နှက်နေပါလိမ့်မယ်။ သို့ကလို ဖောက်ပြန်လွန်ကျူးတတ်တဲ့ ကိလေသာတွေကို ကိုယ်ကျင့်သီလလုံခြုံစွာ စောင့်ထိန်းပြီးပါယ်သတ်ရပါမယ်။

၂။ **ပရိယုဋ္ဌာန**။ မနောဒွါရဝယ်ထကြွ သောင်းကြမ်းတတ်သော ကိလေသာတို့ကို စိတ်ကိုဖြူစင်စေတတ်သော သမထ တရားနဲ့ ပယ်သတ်ရပါမယ်။

၃။ **အနုသယ**။ အမှန်တော့ ရင်တွင်းကကိလေသာဟူသမျှ တွေမှာ အခါအခွင့်သင့်တာနဲ့ ဖောက်ပြန်ကျူးလွန်နိုင်မယ့် အသင့် အနေအထားတစ်ရပ်အဖြစ် ဖုံးကွယ်ငုပ်လျှိုးနေတတ်ကြပါတယ်။ ဒီလို မိမိသန္တာန်ဝယ် မတည်ငြိမ်ကြသေးတဲ့ အနေအထားတစ်ရပ် အဖြစ်ရှိနေတဲ့ ကိလေသာတွေကို စိတ်ချရသည်အထိ ဝိပဿနာ ဉာဏ်နဲ့ ပယ်သတ်ထားကြရပါမယ်လို့ ဆိုပြီး ကိလေသာပယ် သတ်သုံးနည်း ရှိပါတယ်။





ဝိပဿနာတရားကို အားထုတ်နေသူအတွက် ဒီဘဝမှာ တစ်မဂ်၊ တစ်ဖိုလ်မရရင်တောင်မှ ထူးမြတ်လှတဲ့ အကျိုးတရားကို မုချခံစားရမှာပါ။ နောက်ပြီးအရဟတ္တမဂ်၊ အရဟတ္တဖိုလ် ဉာဏ်နဲ့ နိဗ္ဗာန်မျက်မှောက်ပြုနိုင်ပြီးဖြစ်တဲ့ အရိယာသူတော်ကောင်းတွေရဲ့ သန္တာန်မှာ မဂ်အာနုဘော်(၅)ပါးကို ရရှိခံစားရပါတယ်။ အဲဒီမဂ် အာနုဘော်(၅)ပါးထဲမှာ နံပါတ် (၄)နဲ့ (၅)ဖြစ်တဲ့ သံယောဇဉ် စတာတွေကို ပါယ်သတ်ခြင်း၊ နောက်ပြီး ပရိညာကိစ္စဆိုတာတွေကို ဒီနေရာမှာ အလျဉ်းသင့်လာတာမို့ အနည်းအငယ် ရှင်းပြချင်မိလာပါတယ်။

သံယောဇဉ် စတာတွေကို ပယ်သတ်ခြင်းဆိုတာ… သံယောဇဉ် (၁၀)ပါး၊ ကိလေသာ (၁၀)ပါး၊ မိစ္ဆတ္တ (၈)ပါး၊လောကဓံ (၈)ပါး၊ မစ္ဆရိယ (၅)ပါး၊ ဝိပ္ပလ္လာသ (၁၂)ပါး စတဲ့ စိတ်ကို ပူပန်စေတတ်၊ ညစ်နွမ်းစေတတ်၊ အနှောက်အယှက်ပေးတတ်တဲ့ အမိုက်သရိုက်တွေ ပယ်သတ်နိုင်တာကိုဆိုလိုတာပါ။ အရိယာ သူတော်ကောင်းတို့ရဲ့ စိတ်သန္တာန်ဝယ်ဒီလို အမှိုက်သရိုက်တွေ ကင်းစင်နေကြပါတယ်။ နောက်ပြီး ပရိညာကိစ္စ ပြီးမြောက်တယ် ဆိုတာ မဂ်ဉာဏ်သည် နိဗ္ဗာန်ကိုအာရုံပြုလျက် သိ၊ ပယ်၊ ဆိုက်၊ ပွား ဆိုတဲ့ ကိစ္စလေးမျိုးစလုံး တစ်ပြိုက်နက် ပြီးမြောက်



www.burmeseclassic.com

www.burmeseclassic.com



စေတာကို ဆိုလိုတာပါ။ ဥပမာ၊ မီးသည်တစ်ပြိုက်နက် မီးစာကို လောင်ကျွမ်းစေသလို အမှောင်ကိုလည်း ပယ်တယ်။ အလင်းကိုလည်း ပြတယ်။ ဆီကိုလည်း ခန်းခြောက်စေတတ်တဲ့သဘော ဉပမာမျိုးလိုပါပဲ။

ဒီလို အမှောင်ကို ခွင်း၊ အလင်းကို ဆောင်၊ အလုံးစုံသော ကိလေသာတို့မှလွတ်ခြင်း၊ အလုံးစုံသော ရုပ်နာမ်သခါရတရားတို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်ဆိုတာကို မျက်မှောက်ပြု ''မဟာသန္တိသုခ'' ချမ်းသာအစစ်နဲ့ ပြည့်စုံနေတဲ့ ''ရဟန္တာပါလမထေရ်မြတ်ရဲ့ သန္တာန်မှာ ရာဂ၊ ဒေါသ၊ မောဟ စတဲ့ ကိလေသာအညစ်အကြေး ဟူသမျှတွေ ကင်းစင်နေတဲ့ အမူအရာ အနှောင့်အယှက်ဟူသမျှ လောင်ရိပ်တို့မှ လွတ်မြောက်လာတဲ့ ဤအရှင်ရဲ့ အသွင်အပြင်မှာ လှပတင့်တယ်ချင်တိုင်း တင့်တယ်နေတဲ့ လပြည့်ညတစ်ညရဲ့ လမင်းကြီးပမာ အဆင်းကျက်သရေနဲ့ တင့်တယ်ထည်ဝါ လှပပြီးနေပါတော့တယ်။

''စိတ္တေပသန္နေလောဟိတော ပသီဒတိ'' စိတ္တေ။ စိတ်သည်။ ပသန္နေ။ ကြည်လင်လာသည်ရှိသော်။ လောဟိတော။ အသွေးအသားသည်။ ပသီဒတိ။ ကြည်လင်လာ၏။ တဲ့စိတ်ကြည်လင်သန့်စင်လာပြီဆိုရင် ရုပ်ခန္ဓာ၊ အသွေးအသားတို့မှာကြည်





လင်လာမြဲပါပဲ''

စိတ်ကြည်လင်လို့ ရုပ်၊ အသွေးအသားတွေ ကြည်လင်လာတယ်ဆိုရာမှာ နှစ်သက်ဖွယ်ရာအာရုံတစ်ခုခုကို အမြဲထုံမွမ်းနေတတ်တဲ့ ဝိပဿနာဉာဏ်ရဲ့ အံ့သြဖွယ်ရာအစွမ်းတွေကြောင့် ဒီလိုဖြစ်လာရတာပါ။ နှစ်သက်ဖွယ်ရာ၊ နှစ်သက်စရာအာရုံ တစ်ခုခုနဲ့ ကြုံဆုံခွင့်ရလျှင် သဘောကျတယ်။ စိတ်ချမ်းသာတယ်။ သဘောကျ၊ စိတ်ချမ်းသာလာတော့ စိတ်ကြည်လင်တယ်။ စိတ်တွေကြည်လင်လာတော့ အသွေးအသားတွေပါလိုက်ပြီး ကြည်ကြည်လင်လင်ဖြစ်ကာ ရုပ်ရည်အဆင်းလှပတင့်တယ်တာကို ပြောတာပါ။

ဒီနေရာမှာ လောကီကာမဂုဏ် အာရုံတစ်ခုခုကို ခံစားရလို့ စိတ်ကြည်နူး နှစ်သက်ပျော်ရွှင်ရမှု၊ လောကုတ္တရာတရား ဓမ္မအာရုံတစ်ခုခုကို ခံစားရလို့ စိတ်ကြည်နူးနှစ်သက် ပျော်ရွှင်ရမှုဆိုပြီး နှစ်မျိုးနှစ်စား ရှိပါတယ်။ လောကီကာမဂုဏ်အာရုံတွေဆိုတာ ခံစားနှစ်သက် ပျော်ရွှင်မှုမျိုးကိုပေးသယောင်ပြပြီး ပူလောင်ဆင်းရဲမှုတွေဆီသို့ သွေးဆောင်ခေါ်ငင်သွားတတ်ကြပါတယ်။ ဒါ့ကြောင့်လည်း လောကီကာမဂုဏ်ချမ်းသာဆိုတာ ''မိုးရွာနေစဉ်၊ ရေအိုင်ထဲမှာ ကျရောက်လာလို့ ပွက်ထလာတဲ့ မိုးရေပေါက်ပမာ''လို့



www.burmeseclassic.com

www.burmeseclassic.com



ပညာရှိများ အဆိုပြုထားကြပါတယ်။

သို့ဗြား။ တရားဓမ္မအာရုံ ထုံးမွှန်းထားမှုကြောင့် ရရှိလာတဲ့ စိတ်ခံစားပျော်ရွှင်မှုမျိုးကတော့ စစ်မှန်တဲ့ ထာဝရငြိမ်းအေးမှု ချမ်းသာဆီသို့ ခေါ်ဆောင်သွားတတ်ပါတယ်။ ဒီနေရာမှာ "အရှင်ရဋ္ဌပါလမထေရ် ရရှိခဲ့တဲ့ စိတ်ခံစားပျော်ရွှင်မှုမျိုးကတော့ ဝမ်းနည်းပူလောင်မှုတွေရှိရာကို ဘယ်သောအခါမှ တစ်ဖန်ခေါ်ဆောင်သွားခြင်း မရှိနိုင်တဲ့ ထာဝရပျော်ရွှင်နှစ်သက်မှုမျိုးပါ။ ရေညှိ, မှော်, အမှိုက်, ဒိုက်သရော စတဲ့ အညစ်အကြေးတွေ ကင်းစင်ပြီး ပကတိကြည်လင်နေတဲ့ ရေကန်ကြီးပမာ, အနှောင့်အယှက်အတားအဆီး လောင်းရိပ်ဟူသမျှ ရန်က လွတ်ကင်းပြီး တင့်တယ်ချင်တိုင်း, တင့်တယ်နေတဲ့ လပြည့်ညတစ်ညရဲ့ လမင်းကြီးပမာ, ကိလေသာ အညစ်အကြေးဟူသမျှ မြူတစ်မှုန်မျှပင် မရှိတော့တဲ့ ဓမ္မအဆီအနှစ် စိတ်ခံစားမှုတွေမှတစ်ဆင့်ရရှိလာတဲ့ ပျော်ရွှင်မှုတွေနဲ့အတူ တင့်တယ်ချင်တိုင်း, တင့်တယ်နေတဲ့ "အရှင်ရဋ္ဌပါလ မထေရ်မြတ်ရဲ့ အသွင်အပြင်, အသွင်သဏ္ဌာန်ကို ဘယ်ပန်းချီဆရာမှ လိုက်မီအောင် ရေးဆွဲနိုင်စွမ်းရှိမှာ မဟုတ်သလို, ဘယ်စာရေးဆရာမှလည်း "မီအောင်လိုက်ပြီး ဖော်ကျူးနိုင်တဲ့ စကားလုံးမျိုး ရှာတွေ့နိုင်မှာ မဟုတ်ပါဘူး။





အရဟတ္တမဂ်ဉာဏ်, ဖိုလ်ဉာဏ်ကို သိမြင်မျက်မှောက်ပြုနိုင်ပြီးဖြစ်တဲ့ "အရှင်ရဋ္ဌပါလမထေရ်"မြတ်အတွက် ကြုံဆုံလာကြရမယ့် မနက်ဖြန်တိုင်းဟာ မင်္ဂလာရှိတဲ့ နေ့ရက်တွေချည်းပါပဲ။ မဂ်ချမ်းသာ, ဖိုလ်ချမ်းသာဆီကတစ်ဆင့် ရရှိလာခဲ့တဲ့ ပျော်ရွှင်မှုမျိုးလောက် စိတ်ကြည်နူးရတာ လောကမှာ မရှိနိုင်တော့ပါဘူး။ ဓမ္မသပြေသီးအရသာကို ခံစားသုံးဆောင်ဖူးကြကုန်သော သူတို့သည် အခြားအခြားသော အရသာတွေကို ခံတွင်းတွေ့နိုင်ကြတော့မှာ မဟုတ်သလို ဘာဝနာပီတိ ချမ်းသာမှုရဲ့အရသာကို လက်တွေ့ကျကျ ခံစားသုံးဆောင်ခဲ့ရဖူးသော... အရှင်ရဋ္ဌပါလရဟန်းတော်လေးအတွက် လောကီအာရုံကာမဂုဏ်သဘောတွေက ဆွဲဆောင်နိုင်စွမ်း မရှိတော့ပါဘူး။ ဒီလိုရဟန်းချမ်းသာမှုနဲ့ ပတ်သက်ပြီး သာကီဝင်မင်းသား ဘဒ္ဒိယမထေရ်လည်း ဥဒါန်းကျူးရင့်ခဲ့တဲ့ သာဓကတစ်ခု ရှိပါတယ်။

အရှင်ဘဒ္ဒိယမထေရ်မြတ်ဟာ တောမှာနေသည်ဖြစ်စေ, သစ်ပင်ရင်းမှာနေသည်ဖြစ်စေ, ဆိတ်ငြိမ်ရာမှာနေရသည့် ရောက်လေရာရာ အရပ်တိုင်းမှာ အမြဲတမ်းကျူးရင့်လေ့ရှိတဲ့ ဥဒါန်းစကားတစ်ခု ရှိပါတယ်။ အဲဒါကတော့....

ဩော်..... "ချမ်းသာပေစွ, ချမ်းသာပေစွ" လို့ဆိုတဲ့ စကား



www.burmeseclassic.com

www.burmeseclassic.com



ဥဒါန်းပဲ ဖြစ်ပါတယ်။ ဒီလို ကြားရဖန်များတော့ အခြားရဟန်းတွေက၊ အရှင်ဘဒ္ဒိယမထေရ်မြတ်အကြောင်းကို မြတ်စွာဘုရားအား လျှောက်ထားကြပါလေတော့တယ်။ ဒီတော့ မြတ်စွာဘုရားက အရှင်ဘဒ္ဒိယမထေရ်မြတ်အား အနီးအနားရှိ ရဟန်းတစ်ပါးအား သွားရောက်ခေါ်ဆောင်တော်မူလာကြရန် မိန့်ကြားတော်မူလိုက်ပါတယ်။ ဘဒ္ဒိယမထေရ်၊ မြတ်စွာဘုရားထံ ရောက် လာတယ်ဆိုရင်ပဲ မြတ်စွာဘုရားက...

"ချစ်သားဘဒ္ဒိယ၊ တောမှာဖြစ်စေ၊ သစ်ပင်ရင်းမှာဖြစ်စေ၊ ဆိတ်ငြိမ်ရာမှာဖြစ်စေ ရောက်လေရာရာအရပ်တိုင်းမှာ "သြော် ချမ်းသာပေစွ၊ ချမ်းသာပေစွ"လို့ မပြတ်ကျူးရင့်လေ့ရှိတယ်ဆိုတဲ့ စကားမှန်ပါသလား"လို့ မေးတော်မူလိုက်ပါတယ်။

"မှန်ပါတယ် မြတ်စွာဘုရား"

"ချစ်သား ဘာကြောင့် ဒီလိုဥဒါန်းကျူးရင့်တာလဲ"လို့ မေးတော်မူသောအခါ...

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော် ရှေးလူဘဝ မင်းပြုအုပ်ချုပ်နေစဉ်အချိန်ကာလတုန်းက နန်းတော်အတွင်း၊ နန်းတော်အပြင်မှာ အစောင့်အရှောက်များစွာ ထားပြီးမှ နေရဲအိပ်ရဲပါတယ်။ မြို့တွင်း၊ မြို့ပြင်၊ တောရွာ၊ ဇနပုဒ် ဘယ်နေရာမှာပဲ





သွားသွား၊ အစောင့်အရှောက်တွေထားရှိပြီးမှ သွားရဲပါတယ်။ အစောင့်အရှောက်တွေနဲ့ကင်းပြီး သွားလို့မဖြစ်ပါဘူး။ ဒီလိုအစောင့်အရှောက်တွေ ထားရှိရတာဟာလည်း တပည့်တော်ရဲ့ အသက်အန္တရာယ်ဘေးရန်ကို လုံခြုံစိတ်ချရဖို့ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် တပည့်တော်ရဲ့စိတ်ထဲမှာ ကြောက်ရွံ့ထိတ်လန့်စွာနဲ့ လုံခြုံစိတ်ချရတယ် မထင်မှတ်ခဲ့ရဖူးပါဘူး မြတ်စွာဘုရား"

အခု တပည့်တော်၊ တောမှာပဲဖြစ်စေ၊ သစ်ပင်ရင်းအောက်မှာပဲဖြစ်စေ၊ ဆိတ်ငြိမ်ရာမှာပဲဖြစ်စေ၊ ဘယ်လိုနေရာမျိုးမှာပဲနေနေ စိုးရိမ်ပူပန်ထိတ်လန့်ရတဲ့ ဘေးဒုက္ခတွေ မရှိတော့ပါဘူး။ ကြောက်ရွံ့ထိတ်လန့်မှုမရှိဘဲ တစ်ယောက်တည်း ချမ်းချမ်းသာသာ နေရလို့မို့ "သြော်၊ ချမ်းသာပေစွ၊ ချမ်းသာပေစွလို့ဆိုတဲ့ ဥဒါန်းစကားကိုကျူးရင့်နေရခြင်းပဲ ဖြစ်ပါတယ် မြတ်စွာဘုရား"လို့ လျှောက်ထားသမှုပြုလိုက်ပါပေတယ်။

အရှင်ဘဒ္ဒိယမထေရ်မြတ် လျှောက်ထားသလိုပါပဲ။ "အရှင်[illegible]ပါလ"မထေရ်မြတ်ရဲ့စိတ်သန္တာန်ဝယ်၊ လုံခြုံစိတ်ချရတဲ့ ဘဝကို သူရသွားပြီ၊ ချမ်းသာအစစ်အမှန်ကို ရရှိပါပြီလို့ ခံစားတွေးတောနေမိမှာ အမှန်ပါပဲ။ ဝိပဿနာတရားအားထုတ်တယ်ဆိုတာ ဒုပြဿနာကို မိမိဖြေရှင်းတာပါပဲ။ မိမိ ဖြစ်ပေါ်နေတဲ့ပြဿနာ



www.burmeseclassic.com

www.burmeseclassic.com



ကို သူတစ်ပါးက ကြားဝင်ဖြေရှင်းပေးလို့ မရပါဘူး။ မိမိကိုယ်တိုင် ဖြေရှင်းမှသာ ပြေလည်နိုင်တာပါ။ ဒါတွေဟာ အသုံးလုံး မကျေလို့ပါပဲ။ လူရယ်လို့ဖြစ်လာကြရင် "အသုံးလုံး"ကျေဖို့ အရေးကြီးပါတယ်လို့ ဆရာတော်ကြီးတစ်ပါးက မိန့်ကြားတော်မူထားခဲ့ဖူးပါတယ်။

"အသုံးလုံး"ဆိုတာ အလောဘ၊ အဒေါသ၊ အမောဟဆိုတဲ့ ကုသိုလ်စိတ်တို့ကို ပြောတာပါ။ ဟိုဟာလိုချင်၊ ဒီဟာလိုချင်၊ ဟိုဟာ စွဲလမ်း၊ ဒီဟာတွယ်တာဆိုတာ တဏှာ၊ လောဘသဘောတွေ ပါပဲ။ ဒီလို၊ လိုချင်၊ ရချင်တဲ့ တဏှာလောဘကို မလိုချင်၊ မရချင် မစွဲလမ်းချင်သဘောဖြစ်တဲ့ "အလောဘ ကုသိုလ်စိတ်" တွေနဲ့ ပယ်သတ်နိုင်အောင် ကြိုးစားလိုက်ပါလို့ ဆိုခြင်းပဲ ဖြစ်ပါတယ်။

နောက်ပြီး၊ မိမိဖြစ်ချင်တာကို မဖြစ်ရလို့၊ မိမိလိုချင်တာကို မရလို့ မကျေမနပ်ဖြစ်နေတာက ဒေါသစိတ်ပါ။ ဒေါသစိတ်ဆိုတာ အကုသိုလ်စိတ်ပါပဲ။ အကုသိုလ်စိတ်ဆိုနေမှတော့ ဘယ်လိုနည်းနဲ့မှ လူကို ကောင်းကျိုးပြုမှာ မဟုတ်ပါဘူး။ ဒေါသဆိုတာ လူ့အသိစိတ်၊ လူ့အသိဉာဏ်တွေကို အညွန့်တုံးစေနိုင်ပါတယ်။





သို့ကလို မိမိသန္တာန်မှာ ဒေါသစိတ်တွေ ဝင်ရောက်လာနေပြီဆိုရင် ကြာကြာလက်မခံသင့်ပါဘူး။ နှိပ်ကွပ်ဆုံးမပေးရပါမယ်။ "လိုတိုင်းမရ ဒေါမထနဲ့ လိုနေတိုင်းသာရနေပါက- ဘယ်မှာ အနတ္တရှိ ညည်းနည်း"ဆိုတဲ့ မြတ်စွာဘုရားရဲ့ အဆုံးအမကို သတိတရရှိနေပါက သင့်ထံမှာ ဒေါသဆိုတဲ့ တရားဆိုးတွေ ကြီးစိုးလွှမ်းမိုးနိုင်တော့မှာ မဟုတ်ပါဘူး။ စိတ်ဆိုး၊ စိတ်ညစ်တွေဖြစ်တဲ့ ဒေါသစိတ်ကို၊ ကြည်လင်သန့်စင်တဲ့ မေတ္တာစိတ်ဖြစ်တဲ့ ဒေါသ "ကုသိုလ်စိတ်"တွေနဲ့ အစားထိုး အနိုင်ယူပယ်သတ်ခိုင်းတာပါ။

မိမိကိုယ်ကို လောဘစိတ်ဖြစ်နေမှန်း၊ ဒေါသစိတ်ဖြစ်မှန်း သိနိုင် မမြင်နိုင်အောင် တွေဝေမိုက်မဲတတ်တဲ့သဘောကို မောဟဖြစ်နေတယ် ခေါ်နိုင်ပါတယ်။ သို့ကလို၊ အကောင်း၊ အဆိုး လောကဓံသဘောကို ကြံ့ကြံ့ခံနိုင်လာအောင်၊ ဉာဏ်နဲ့သိမြင်လာအောင် ပွားများရှုမှတ်နေတာက "ဝိပဿနာ"ဉာဏ်လို့ ခေါ်ပါတယ်။ တစ်နည်းအားဖြင့် မသိတတ်၊ မမြင်တတ်တဲ့ မောဟသဘောကို သိတတ်၊ မြင်တတ်တဲ့ "အမောဟ" သဘောတရားနဲ့ အစားထိုးတာကိုပြောတာပါ။

လူတွေ သည်းခြေကြိုက်ဖြစ်တဲ့ လောဘ၊ ဒေါသ၊ မောဟ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ အကုသိုလ်တရားတွေနေရာမှာ "အသိမှန်, အမြင်မှန်" သဘောတရားနဲ့ "အလောဘ" အဒေါသ "အမောဟ" ဆိုတဲ့ အသုံးလုံးကျေညက်ရင်, ငါအစွဲပြုတ်ပြီး, ငြိမ်းအေးမှုအစစ်ကို ရရှိနိုင်ကြပါလိမ့်မယ်။ "အရှင်ရဋ္ဌပါလ" မထေရ်မြတ်ဆိုတာ သာသနာ့ဘောင်ထဲကို ပါမလာသင့်တဲ့ အဝေ့းလေးမျိုးနဲ့ဝင်ရောက်လာခဲ့သူ မဟုတ်ပါဘူး။ မြတ်စွာဘုရားရှင်ကိုယ်တိုင် ဟောကြားတော်မူခဲ့တဲ့ "ဓမ္မုပဒေသ" လေးပါးတရားကို နားကြားခွင့်ရခဲ့ပြီးတဲ့နောက် ခန္ဓာဒုက္ခ, ခန္ဓဆင်းရဲကို, အမှန်တကယ်ကြောက်လို့ "သံသာရဝဋ္ဋဒုက္ခတောမောစနတ္ထာယ" သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ဖို့ရန်အတွက် ရဟန်းပြုလာခဲ့သူပါ။

ကိလေသာ အညစ်အကြေးတွေ ဗလပွနဲ့ပေကျံနေတဲ့ လောကီဝတ်ကြောင်ဘဝကို စွန့်လွှတ်ဖို့ရန် ဆုံးဖြတ်ချက်ချခဲ့တော့လည်း သူတစ်ပါး ပယောဂ မပါပါဘူး။ မိမိကိုယ်တိုင်ပါပဲ။ ဟင်းရွက်ကန်စွန်းရွက်လိုမျိုး ဒီဘဝ, ဒီအဝတ်ကို လွယ်လွယ်ကူကူရခဲ့တာလည်း မဟုတ်ပါဘူး။

လွယ်လွယ်ကူကူဆုံးဖြတ်, လွယ်လွယ်ရရှိခဲ့တာ မဟုတ်တဲ့ ဒီဘဝကို မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆ နေထိုင်ဖို့ဆိုတာ





စိတ်တောင်မကူးရဲပါဘူး။ ဒီတော့ ကိုယ့်ဘဝနဲ့ကိုယ်, ကိုယ့်အကြောင်းနဲ့ကိုယ်ဆိုတော့ ကိုယ့်အလုပ်ကို, ကိုယ်လုပ်ကြရမှာပါပဲ။ မြတ်စွာဘုရားထံမှ မိမိနဲ့ သင့်တင့်လျောက်ပတ်တဲ့ ကမ္မဋ္ဌာန်းတရားကို တောင်းခံရယူပြီး, ဆိတ်ငြိမ်ရာမှာ ချဉ်းကပ်လို့ တရားအားထုတ်ခဲ့ပါတယ်။ အခုတော့ ပင်ပန်းရကျိုး, အနှစ်မဟုတ်သော, အကာသဘောတရားတွေကို စွန့်လွှတ်ခဲ့ရကျိုးနပ်ပြီလို့ ဆိုရပါလိမ့်မယ်။

ကိလေသာ အညစ်အကြေးဟူသမျှ မြဲတာစ်မှန်မှုမရှိတဲ့ ဒီဘဝလောက် ငြိမ်းအေးချမ်းသာမှုရနိုင်တဲ့ နေရာမျိုး ဒီလောကမှာ မရှိနိုင်တော့ပါဘူး။ ဒီဘဝ, ဒီဓမ္မတွေကို မိမိ အမှန်တကယ် မြတ်နိုးသလို မိမိနည်းတူ မြတ်နိုးကြပါစေကြောင်း ဆန္ဒမွန်နဲ့ တိုက်တွန်းနှိုးဆော်သမှု ပြုလိုက်ရပါပေတယ်။

■



www.burmeseclassic.com

www.burmeseclassic.com



## 'လွတ်မြောက်သောသူ'

ယခုဝတ္တမာန်၊ ပစ္စုပ္ပန်ဒိဋ္ဌ၊ ဤဘဝ၌၊ ဟိတအထူး၊
ကျေးဇူးပြုထွေ၊ ပုဗ္ဗေဘဝ၊ သိနေဟဖြင့်၊ တကွမကင်း၊
ချစ်ရင်းပေါင်းကြ၊ ကြောင်းနှစ်ဝကြောင့်၊ ပိယသဟာ၊
ရေနှင့်ကြာသို့၊ မေတ္တာနုဆွတ်၊ ချစ်ကြတတ်ဟု၊
မြတ်သမ္ဗုဒ္ဓ၊ ဟောဖော်ပြ၏။ (မဃဒေဝ)

ဒီဘဝမှာ လူတစ်ဦးနဲ့တစ်ဦး ချစ်ကြခေါ်ကြ ပေါင်းသင်း ဆက်ဆံကြတာဟာ, ဟိုလွန်လေခဲ့ပြီးသော ဘဝ, ဘဝသံသရာ အဆက်ဆက်က စိတ်တူကိုယ်တူ အတူပြုလုပ်ခဲ့ဖူးတဲ့ ကောင်းမှု ကုသိုလ်ကံတွေရဲ့ အကျိုးဆက်ကြောင့်ပဲ ဖြစ်ပါတယ်။ နောက်ပြီး ယခု ပစ္စုပ္ပန်ဒီဘဝလည်းပဲ, တစ်ခုနဲ့တစ်ခု အမှီသဟဲပြုနေကြတဲ့ ရေနဲ့ ကြာပမာ တစ်ဦးရဲ့အမှုကိစ္စကို တစ်ဦးက အပြန်အလှန် လေးလေးစားစား တန်ဖိုးထားပြုလုပ်ပေးကြခြင်းကြောင့်လည်း





တစ်ဦးနဲ့တစ်ဦး ချစ်ကျွမ်းဝင်နိုင်တတ်ကြပေတယ်လို့ မြတ်စွာ ဘုရားရှင်က ဟောကြားတော်မူခဲ့ပါတယ်။ ဒီလိုတစ်ဦးနဲ့တစ်ဦး သံယောဇဉ် တွယ်တာမှုတွေဖြစ်ပေါ်နေကြတာဟာ အဝိဇ္ဇာတဏှာ ရာဂ မကင်းပြတ်နိုင်ကြသေးတဲ့ ပုထုဇဉ်တို့ရဲ့ဖြစ်စဉ် သဘာဝ တစ်ခုပါပဲ။

သံယောဇဉ်ကြိုးတွေနဲ့မြဲခိုင်အောင် ချည်နှောင်ခံထားကြရတဲ့ သတ္တဝါတိုင်း စိုးရိမ်, ပူဆွေး, ငိုကြွေးရခြင်းလို့ဆိုတဲ့ သောက ဘေးတွေမှ မလွတ်မြောက်နိုင်ကြသေးပါဘူး။ “သောက ကြောင့် မျက်ရည် တထွေထွေ စီးလေကြရများလေစွ”တဲ့ နောက်ပြီး

ချစ်သူကင်းဝေး အပူဘေး ပူဆွေးမျက်ရည်ကျရသည်ဆိုတဲ့ လင်္ကာလေးကို စာရေးသူ ယခုထက်ထိတိုင် အမှတ်ရနေမိပါ တယ်။ လူသားတွေဟာ သက်ရှိ၊ သက်မဲ့ အရာဝတ္ထုတွေအပေါ်မှာ အတိုင်းထက် အလွန်ကိုပဲ မှီခိုတွဲတာလွန်းအားကြီးတတ်ကြပါ တယ်။ ဒီလို မှီခိုတွယ်တာလွန်းအားကြီးတတ်ကြတာမို့လည်း သံယောဇဉ်ကြိုးတွေဟာ ဖြတ်တောက်ဖို့ မလွယ်ကူနိုင်လောက် ကြသည့်အထိ အမြစ်တွယ်လာတတ်ကြပါပေတယ်။ ကြာလေ လေ ခိုင်မြဲလေလေဆိုတဲ့ သမုဒယပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ရဋ္ဌပါလ သူဌေးသားလေးကတော့ သံယောဇဉ်အနှောင်အဖွဲ့ ဆိုတာတွေဟာ တစ်စတစ်စနဲ့လူကို ဝါးမျိုအမြစ်တွယ်လာကြပြီးဆိုရင် ဘဝသံသရာဝဋ်ဆင်းရဲအပေါင်းမှ ရုန်းထွက်လွတ်မြောက်နိုင်ကြဖို့ရာ မလွယ်ကူတော့မှန်း သိမြင်လာခဲ့ပါတယ်။ ဒီလို သိမြင်နိုင်လာရခြင်းမှာ မြတ်စွာဘုရားက လူတို့ ကျင့်ဖွယ်တရားလေးသွယ်အဖြစ် ဓမ္မုဒ္ဒေသ တရားလေးပါးကိုဟောပြီး အလင်းပြစေခဲ့လို့ပါပဲ။ ဒီတရားကို နာကြားရပြီးတဲ့နောက်မှာ ဘယ်လိုအတွယ်အတာ သံယောဇဉ်အနှောင်အဖွဲ့မှ မရှိတဲ့ "လွတ်မြောက်သူ"တစ်ယောက်ရဲ့ဘဝကို လိုချင်လာမိပါတယ်။ ဒီလို လွတ်မြောက်တဲ့သူ ဖြစ်ချင်ခဲ့တဲ့ ဆန္ဒတစ်ခုကြောင့်နဲ့ပဲ နုနယ်ပျိုမျစ် ငယ်ရွယ်လှတဲ့အချိန်မှာ ရဟန်းပြုလာရခြင်းပဲ ဖြစ်ပါတယ်။ မိမိရဟန်းပြုရခြင်းရဲ့ ရည်ရွယ်ချက်က လွတ်မြောက်သောသူ ဖြစ်ချင်လို့ပါပဲ။ လွတ်မြောက်သောသူဖြစ်ချင်ရင် ဘယ်လို အနှောင်အဖွဲ့မျိုးတွေကိုမှ မိမိသန္တာန်မှာ လက်သင့်မခံမိကြဖို့ အရေးကြီးပါတယ်။ အလဂဒ္ဒူပမာသုတ်မှာ မြတ်စွာဘုရားက "မြစ်ကို ဖောင်ဖြင့်ဖြတ်ကူးသောသူသည်, တစ်ဖက်ကမ်းသို့ ရောက်သောအခါ, ဖောင်ကိုစွန့်ပစ်သကဲ့သို့ သင်တို့သည် သီလ, သမထ, ဝိပဿနာတရားတို့၌သော်လည်း ဆန္ဒရာဂကို စွန့်အပ်





၏"လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

အထူးသဖြင့် ကမ္မဋ္ဌာန်းဘာဝနာကို တစ်စိုက်မတ်မတ်အားထုတ်နေကြတဲ့ ရဟန်းတော်များအတွက် မဂ်တရားဖိုလ်တရားတို့ကို နှောင့်နှေးပိတ်ပင်စေတတ်သော "ပလိဗောဓ" ဆယ်ပါးတို့၌ ကြောင်းကြစိုက်မှုနည်းပါးကြဖို့ရန် မြတ်စွာဘုရားသတိပေးတော်မူထားပါတယ်။ အဲဒါတွေကတော့...

၁။ အာဝါသပလိဗောဓ = ကျောင်းကန် နေရာဒေသတို့၌ အလွန်အကျွံ ကြောင်းကြစိုက်မှု

၂။ ကုလပလိဗောဓ = မိမိ မိဘ, ဆွေမျိုးဉာတကာတွေ အပါအဝင် ဒါယကာ,ဒါယိကာမ တို့၌ တရားအားမထုတ် ဖြစ်နိုင်ကြသည်အထိ ရောနှောဆက်ဆံနေထိုင်မှု။

၃။ လာဘပလိဗောဓ = ပစ္စည်းလေးပါးတို့ အပေါ်၌ သာယာခင်တွယ်နေမှု။

၄။ ဂဏပလိဗောဓ = သုတ္တန်ဆောင်ဂိုဏ်း, အဘိဓမ္မာဆောင်ဂိုဏ်း။ ယခုအခါ၌ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်း, သုဓမ္မာဂိုဏ်း စသည့်ဖြင့် ဂိုဏ်းဂဏအပေါ်မှာ လွန်လွန်ကျူး ကျူး စွဲလမ်းခင်တွယ်နေမှု။

၅။ ကမ္မပလိဗောဓ = နဝကမ္မ, အမှုသစ်ဖြစ်သည့်, ပုဗ္ဗ ကိစ္စ ပြုဖွယ်ဟူသမျှတွေသာ များပြားနေမှု။

၆။ အဒ္ဓါနပလိဗောဓ = တရားအားမထုတ်ဘဲ ဟိုဟိုဒီဒီ သွားလာလည်ပတ်မှုများခြင်း။

၇။ ဉာတိပလိဗောဓ = ဆရာ, တပည့်, မိဘ, ညီအစ်ကို, မောင်နှမ စသည့်တို့အပေါ်၌ လွန်လွန်ကျူးကျူး ခင်တွယ်နေမှု။

၈။ အာဗာဓပလိဗောဓ = မိမိကိုယ်ခန္ဓာတွင် နှိပ်စက်ညှင်း ပန်းစေတတ်သော အနာရောဂါ ဟူသမျှတို့၊ ဖောက်ပြန်တတ်သော သဘောအဖြစ် မရှုမမြင်နိုင်ဘဲ အမှတ်သညာကင်းစွာ တရား လက်လွှတ်နေထိုင်ခြင်း။





၉။ ဂန္ထပလိဗောဓ = ပရိယတ်စာပေတော့ သင်ကြားပြီး ကိုယ်တိုင် တရားအားမထုတ်ပါပဲ၊ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ကိစ္စ၊ လှည့်လည် ဟောပြောခြင်းကိစ္စတို့၌သာ ကြောင့်ကြစိုက် အားထုတ်မှု များပြားနေခြင်း။

၁၀။ ဣဒ္ဓိပလိဗောဓ = လောကီ, ဈာန်အဘိညာဉ် တန်ခိုး ဣဒ္ဓိပါဒ်တွေ၌ လောက်သာ ကြောင့်ကြစိုက် အားထုတ်ကျေနပ် နေမှုတို့ပင် ဖြစ်ပါတယ်။

ဒီပလိဗောဓဆယ်ပါးတို့၌သာ တရားလက်လွှတ် ခင်တွယ်သမှုပြုနေသမျှ ကာလပတ်လုံး လွတ်မြောက်သောသူ မဖြစ်နိုင်ပါဘူး။ လွတ်မြောက်သောသူဖြစ်လိုကြရင် ဒီပလိဗောဓဆယ်ပါးတို့အပေါ်၌ လွန်လွန်ကျူးကျူး ကြောင့်ကြစိုက် သာယာခင်တွယ်နေကြတာမျိုး မဖြစ်မိကြစေဖို့ အထူးကြိုးစားပြီး လိုက်နာရပါတယ်။ ဒီနေရာမှာ ရှေးရှေးသော အရိယာ သူတော်ကောင်းတို့ရဲ့ "ပလိဗောဓ" ဆယ်ပါးတို့မှ လွတ်ကင်းအောင် နေထိုင်သွားကြပုံတွေက အထူးပဲ အတုယူလေးစားကြည်ညိုဖွယ်ရာ ကောင်းလှပေ



www.burmeseclassic.com

www.burmeseclassic.com



တာမို့ တင်ပြချင်လာမိပါတယ်။

၁။ ““အာဝါသပလိဗောဓ”” = ကျောင်းကန်နေရာဒေသတို့အပေါ်၌ အလွန်အကျွံကြောင့်ကြစိုက်မှု ကျောင်းကန်နေရာဒေသဆိုတာတွေကလည်း ရဟန်းတော်တို့အတွက် ကမ္မဋ္ဌာန်းဘာဝနာအလုပ်ကို တားဆီးပိတ်ပင်နှောင့်နှေးစေတတ်တာမို့ စွန့်ပစ်ထိုက်တဲ့ အညစ်အကြေးတစ်ခုပဲ ဖြစ်ပါတယ်။ ကျောင်းကန်နေရာဒေသတို့၌သာ တရားအားမထုတ်ဘဲ ကြောင့်ကြစိုက်မှုများနေကြသူတွေအတွက်, အဲဒီကျောင်းကန် နေရာဒေသ ပြီးမြောက်စေဖို့ရာ လိုအပ်နေတဲ့ နေရာတွေအတွက်မှာ အသုံးပြုနိုင်ကြဖို့ရန်, သစ်ရှာလိုက်ရ, ပန်ရန်လက်သမား ရှာလိုက်ရ, သွပ်, သံကအစ, ငွေကြေးဘဏ္ဍာ စုဆောင်းရှာဖွေရခြင်းဆိုတဲ့ မဆုံးနိုင်သောပြုလုပ်ဖွယ်ရာ အမှုကိစ္စတွေက ဆီးကြိုနေပါလိမ့်မယ်။ ကျောင်းကြီး ပြီးမြောက်အောင်မြင်လာရင်လည်း, ကျောင်းကန်စွဲလမ်းတဲ့စိတ်တွေကြောင့် ဒုက္ခရောက်သွားနိုင်ပါသေးတယ်။ အဲဒီလို ပုဂ္ဂိုလ်တွေအတွက် တရားအားထုတ်ဖြစ်ဖို့ရာ မလွယ်ကူတော့သလိုလွတ်မြောက်သော သူတစ်ယောက်အဖြစ်နဲ့လည်း သိပ်ကိုဝေးသွားပါပြီ။

ဒီလိုအာဝါသ ““ပလိဗောဓ”” ဆိုတာနဲ့ပတ်သက်ပြီး မြတ်စွာ





ဘုရား ရှင်ပရိနိဗ္ဗာန်စံလွန်တော်မူခဲ့ပြီးတဲ့နောက်ပိုင်း အနူရာဓမြို့သား တောနေ သူငယ်ချင်းရဟန်းနှစ်ပါး၏ အကြောင်းအရာလေးက မှတ်သားအတုယူဖွယ်ရာ ကောင်းလှပေတာမို့ တင်ပြချင်လာမိပါတယ်။ သူတို့ သူငယ်ချင်း ရဟန်းနှစ်ပါးမှာ တစ်ပါးက ထူပါရုံအရပ်ဒေသက ကျောင်းတစ်ကျောင်းမှာ နေထိုင်သီတင်းသုံးပါတယ်။ နောက်တစ်ပါးက ပါစီနခဏ္ဍရာဇိအရပ်မှာ သီတင်းသုံးနေပါတယ်။ နှစ်ပါးစလုံး အသက်အရွယ် ကြီးပြင်းလာတဲ့အခါမှာ ပါစီနခဏ္ဍရာဇိ အရပ်ဒေသမှာသီတင်းသုံးနေတဲ့ မထေရ်မြတ်က သူနေတဲ့ ဒေသဟာတရားအားထုတ်ဖို့ရန် အင်မတန်သင့်လျော်တဲ့ နေရာဒေသတစ်ခုဖြစ်တယ်လို့ တွေးတောအကြံ ဖြစ်မိကာ, ထူပါရုံအရပ်ဒေသမှာ သီတင်းသုံးနေတဲ့ သူ့ သူငယ်ချင်းရဟန်းကို ဒီမှာခေါ်ပြီး အတူတူ တရားအားထုတ်ကြလို့တဲ့စိတ်တွေဖြစ်လာမိပါတယ်။ သို့ကလို အကြံအစည်မျိုးနဲ့ သူ့သူငယ်ချင်းရှိရာ ထူပါရုံအရပ်ဒေသကို ကြွရောက်တော်မူလာခဲ့ပါတယ်။ ထူပါရုံအရပ်ဒေသကို ရောက်တယ်ဆိုရင်ပဲ ““အလ္လာပသလ္လာပ”” စကားမျွေပြောပြီး ခရီးပန်းလာတာမို့ အိပ်ရာစောစော ဝင်ခဲ့ပါတယ်။ ထူပါရုံအရပ်ဒေသကိုရောက်တဲ့ညမှာ အိပ်ရာကို စောစောဝင်ခဲ့ပေမယ့် ခရီးက ပင်ပန်းလာခဲ့တာဆိုတော့ ဝမ်းထဲဆာလောင်



www.burmeseclassic.com

www.burmeseclassic.com



မွတ်သိပ်သလိုနေတာမို့ “ညည့်သည် ပါစီနမထေရ်က ကြံစည်စဉ်းစားမိတာ” အင်း, ငါ့သူငယ်ချင်း ထူပါရုံမထေရ်အနေနဲ့ ဒီအရပ်ဒေသမှာ နေနေတာ ကြာလှပြီဆိုတော့ “ညည့်သည်ဖြစ်တဲ့ ငါ့အတွက်” ရဟန်းတော်တွေနဲ့ အပ်စပ်တဲ့ “စတုမဓု”လေးတော့ ပို့လာမှာ အသေအချာပါပဲ”လို့ တွေးတောကြံစည်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့ဆီဘာမှလာပို့ခဲ့ခြင်း မရှိပါဘူး။ ညဦးယံမှာ ဘာမှ မဘုဉ်းပေးခဲ့ရသော်လည်း နံနက်စောစောအာရုံဆွမ်းအဖြစ် ယာဂုခဲဖွယ်တစ်စုံတစ်ရာတော့ ပို့တန်ကောင်းပါရဲ့ဆိုပြီး ကြံစည်မိပြန်ပါသေးတယ်။ သို့ငြား။ မိုးသာလင်းသွားပါတယ်။ ညည့်သည်အာဂန္တုကမထေရ်ခမျာ သူ ကြံစည်တွေးတောတာ ဟူသမျှ ဘာတစ်ခုမှ မဘုဉ်းပေးခဲ့ရပါဘူး။ ဒီလိုနဲ့ နှစ်ပါးစလုံး နေ့ဆွမ်းအတွက် ရွာထဲကို ဆွမ်းခံဝင်တဲ့အခါကြပြန်တော့လည်း ကောင်းပေ့၊ မွန်မြတ်လှပေတဲ့ ဆွမ်းဟင်းဆွမ်းထမင်းတွေတော့ မဟုတ်ပါဘူး။ ကြမ်းထမ်းလှတဲ့ ဆွမ်းဟင်း၊ ဆွမ်းထမင်းတွေမျှသာ ဖြစ်ပါတယ်။ သူတို့နေထိုင် သတင်းသုံးတဲ့နေရာနဲ့ ဆွမ်းခံရွာက အတော်ကို ဝေးကွာလွန်းလှတာဆိုတော့ ဆွမ်းခံလို့ရလာတဲ့ ထမင်းကြမ်း၊ ဟင်းကြမ်းလေးကို ကျောင်းမရောက်မီ အရိပ်အာဝါသကောင်းတဲ့ သစ်ပင်တစ်ပင်ရဲ့အောက်မှာ ဝင်ရောက်





ဆွမ်းဘုဉ်းပေးခဲ့ကြပြီး ရောင့်ရဲတင်းတိမ်းခဲ့ရပါပေတယ်။ ညည့်သည်ရဟန်းက- “အရှင်ဘုရားက ဒီမှာနေနေသမျှ ကာလပတ်လုံး အခုလို ဆွမ်းဟင်း၊ ဆွမ်းထမင်းမျိုးတွေနဲ့သာ ဘုဉ်းပေးသုံးဆောင်ခဲ့ရပြီး မျှတစွာ နေရပါသလားဘုရား”လို့ ဆိုပြီး မေးလျှောက်လေပါတော့တယ်။ “ဩော် ဟုတ်ပါပေ၏ ငါ့ရှင်၊ တပည့်တော် ဒီမှာနေခဲ့သမျှ ကာလပတ်လုံး ဒီလို ဘုဉ်းပေးသုံးဆောင်ပြီး မျှတစွာနေခဲ့ပါတယ်”

“ဒါဆိုရင် တပည့်တော် သီတင်းသုံးနေတဲ့ ပါစီနခဏ္ဍရာဇီ အရပ်ဒေသကို အရှင်လိုက်ခဲ့ပါလား ဘုရား။ အဲဒီအရပ်ဒေသမှာ ဆွမ်းကွမ်း အလွန်ပေါများတဲ့အပြင် တော၊ တောင်၊ ရေမြေသဘာဝကလည်း ကမ္မဋ္ဌာန်းတရားအားထုတ်ဖို့ အလွန်ပဲသင့်လျော်ပါတယ်။ အရှင်ဘုရား၊ တပည့်တော်နဲ့ တစ်ခါတည်း လိုက်ခဲ့ပါလို့ လျှောက်ထားသမ္မုပြုလိုက်ပါပေတယ်။ “ဒါဆိုရင် ကောင်းပြီ သွားကြတာပေါ့ဘုရား”လို့ ဆိုပြီး ထူပါရုံမထေရ်ဟာ မိမိကျောင်းသို့ သွားရာလမ်းကို မပြန်တော့ဘဲ ပါစီနခဏ္ဍရာဇီ အရပ်ဒေသဆီသို့ သွားရာလမ်းခရီးကို သွားဖို့ ဟန်ပြင်လိုက်ပါတယ်။ ချက်ချင်းဆိုတော့ ပါစီနမထေရ်လည်း အံ့ဩသွားပြီး- “အရှင်ဘုရား အခု ဘယ်ဒေသကို သွားမှာလဲဘုရား”လို့ မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်။ အရှင်ဘုရားပဲ ပါစီနခဏ္ဍာရာဇ် အရပ်ဒေသကိုလိုက်ဖို့ တပည့်တော်ကို ခေါ်ခဲ့တာမဟုတ်ဘူးလား။ အခုပဲ အရှင်ဘုရား သီတင်းသုံးနေထိုင်ရာ အရပ်ဒေသဆီကို သွားကြပါစို့ ဘုရား''

''ဒါနဲ့ နေပါဦး အရှင်ဘုရား ဒီထူပါရုံအရပ်ဒေသမှာ သီတင်းသုံးနေထိုင်တာ နှစ်ပေါင်း အတော်ကြာနေပြီ မဟုတ်လား ဘုရား။ ဒီတော့ အရှင်ဘုရားမှာ ယူဆောင်စရာပစ္စည်းပစ္စယများနဲ့ သင်္ကန်း ပရိက္ခရာတွေ ကျန်ခဲ့မှာပေါ့။ အဲဒါတွေမယူတော့ဘူးလား ဘုရား''

တပည့်တော်မှာ သပိတ်တစ်လုံး သင်္ကန်းသုံးထည်မှလွဲပြီး တခြားပစ္စည်းပစ္စယဆိုတာ ဘာမှမရှိပါဘူးဘုရား။ ကျောင်းမှာ ကျန်ခဲ့တာဆိုလို့ တပည့်တော်အိပ်တဲ့ ခုတင်ညောင်စောင်းလောက်သာရှိပါတယ်။ အဲဒါကလည်း သံဃိကပစ္စည်းဖြစ်လို့ တပည့်တော် သိမ်းဆည်းထားခဲ့ပြီးပါပြီ။ သွားမယ်ဆိုရင်လည်း အခုတစ်ခါတည်း သွားကြပါစို့ဘုရား''

''နေပါဦး အရှင်ဘုရား။ အရှင်ဘုရားမှာ ဘာမှကြောင့်ကြစရာပစ္စည်း မကျန်ရစ်ခဲ့ပေမယ့် တပည့်တော်မှာတော့ အရှင်ဘုရား ကျောင်းမှာ တောင်ဝှေးနဲ့ဖိနပ် ကျန်ခဲ့သေးတယ်ဘုရား။ အဲဒါတွေ သွားယူခဲ့ပါရစေဦး''





''အရှင်ဘုရား ဒီမှာတစ်ရက်တည်းပဲ နေရတာရှိသေး နောက်ဆံတင်းစရာ၊ ကြောင်းကြစရာပစ္စည်း ကျန်ရစ်ခဲ့ရပေတယ်လို့ ဘုရား''

''ဟုတ်ပါတယ် အရှင်ဘုရား။ အခု တပည့်တော် သဘောပေါက်သွားပါပြီ။ နောက်နောင်ကြောင့်ကြစရာ ပစ္စည်းပစ္စယတွေ နည်းနိုင်သမျှ နည်းအောင် ကျင့်ဆောင်သွားပါတော့မယ် ဘုရား။ ဒီအတွက် အရှင်ဘုရားကိုလည်း ကျေးဇူးတင်ပါတယ်ဘုရား။ အရှင်မြတ်ကဲ့သို့ ပုဂ္ဂိုလ်ကမှ တောနေရဟန်းစစ်တယ်လို့ ခေါ်ဆိုနိုင်ပါတယ်ဘုရား။ ဒီထူပါရုံနေရာဒေသမှာ အရှင်ဘုရားရှိနေသမျှကာလပတ်လုံး သက်တော်ထင်ရှား ဘုရားရှိနေသလို၊ တရားတော်ကိုလည်း နာကြားရတာမို့ ဒီဒေသကလူတွေအတွက် အင်မတန်မှ ကံထူးပေတယ်လို့ ဆိုရမှာပဲဘုရား။ ဒီထူပါရုံဒေသက လူတွေအနေနဲ့ သူတို့နဲ့ထိုက်လို့ ရရှိထားတဲ့ရတနာကို တပည့်တော်က ယူဆောင်သွားမယ်ဆိုရင် သူတို့အပေါ် မမျှတရာကြနေပါလိမ့်မယ်။ အရှင်ဘုရား ဒီထူပါရုံအရပ်ဒေသမှာသာ သီတင်းသုံးနေထိုင်တော်မူပါဘုရား''လို့ လျှောက်ထားပြီး နောက်တစ်နေ့တွင် သူ သီတင်းသုံးရာ ပါစီနခဏ္ဍာရာဇ်အရပ်ဆီသို့ တစ်ပါးတည်း ပြန်ကြွသွားခဲ့ပါတယ်။ ဒီလို ထူပါရုံမှာ သီတင်းသုံးနေတဲ့ မထေရ်



www.burmeseclassic.com

www.burmeseclassic.com



မြတ်မျိုးကြတော့ "အာဝါသပလိဗောဓ" ပစ္စည်းပစ္စယတွေ ကျောင်းကန်နေရာတို့အပေါ်၌ တွယ်တာမှုကင်းပြီး လွတ်မြောက်သောသူ အစစ်အမှန် ဖြစ်ပေတယ်လို့ ဆိုရမှာပင်ဖြစ်ပါတယ်။

၂။ ကုလပလိဗောဓ မိမိ၊ မိဘ၊ ဆွေမျိုးဉာတကာတွေ အပါအဝင် မိမိကို ပစ္စည်းလေးပါးနဲ့ ထောက်ပံ့လှူဒါန်းသမှု ပြုနေကြတဲ့သူတွေ နောက်ပြီး မိမိကို ပြုစုလုပ်ကျွေး ဝေယျာဝစ္စ ပြုနေကြတဲ့ သူအားလုံးဟာ "ပလိဗောဓ"ထိုက်ပါတယ်။ "တချို့ဆို ဒါယကာ၊ ဒါယိကာမတွေ ချမ်းသာလျှင် မိမိလည်း ချမ်းသာမယ်။ သူတို့ဆင်းရဲရင် မိမိလည်းဆင်းရဲမယ်"ဆိုတဲ့ အတွေးနဲ့ တရားလက်လွတ်ငှက်တောင်ကျွတ်ဖြစ်ပြီး ကမ္မဋ္ဌာန်းတရား အားမထုတ်နိုင်ကြသည့်အထိ မေ့မေ့လျော့လျော့ ရောနှောဆက်ဆံနေကြတာ တွေ့ရပါပေတယ်။ ဒီနေရာမှာ ရဟန်းတော်တစ်ပါးအနေနဲ့ စာသင်သား အခန်းနေဘဝမှာ ပစ္စည်းလေးပါး လှူဒါန်းထောက်ပံ့ကြတဲ့ ဒါယကာ၊ ဒါယိကာမတွေနဲ့ ပတ်သက်ပြီး များများစားစား ရှိကြဦးမှာမဟုတ်ကြလေတော့ "ကုလပလိဗောဓ"ဖြစ်ကြသည့်အထိ စိုးရိမ်စရာ မရှိပါဘူး။

သို့ငြား။ ကျောင်းထိုင်ဆရာတော်ကြီးတစ်ပါးရယ်လို့ ဖြစ်လာခဲ့ကြပြီဆိုရင် အခြံအရံပရိသတ် အတော်ကို များပြားလာကြမှာ





ဖြစ်ပါတယ်။ ဒီအခါ "ကုလပလိဗောဓ" မဖြစ်ကြအောင် ရောင့်ရဲတင်းတိမ်တတ်တဲ့စိတ်နဲ့ ဝိပဿနာတရားကို ကြိုးစားအားထုတ်ပြီး မိမိကိုယ်ကို ကာကွယ်ထားပါမှ တော်ရာကြပါလိမ့်မယ်။ ဒါနဲ့ပတ်သက်ပြီး အံ့ဩစရာကောင်းလောက်အောင် သူ့အတွက် မိဘသည်ပင် "ပလိဗောဓ"မဖြစ်ကြတဲ့ ကြည်ညိုဖွယ်ရာ ရဟန်းတော်တစ်ပါးရဲ့အကြောင်းကို သာဓကအဖြစ် တင်ပြချင်လာမိပါတယ်။ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိစဉ် လက်ထက်တော်အခါတုန်းက သူနေထိုင်သီတင်းသုံးတဲ့ "ကောရဏ္ဍကကျောင်းကို အစွဲပြုပြီး ကောရဏ္ဍမထေရ်ရယ်လို့ ဆိုပြီး အကျင့်သီလ၊ သိက္ခာနဲ့ပြည့်စုံတဲ့ ကျော်ကြားထင်ရှားတဲ့ မထေရ်မြတ်တစ်ပါး ရှိပါတယ်။ အဲဒီ မထေရ်ထံမှာပဲ မထေရ်ရဲ့ ညီမဖြစ်သူက သူမရဲ့သားငယ်လေးကို ရှင်သာမဏေပြုပြီး အပ်နှံထားခဲ့ပါတယ်။

မထေရ်မြတ်ကလည်း သူ့တူ သာမဏေငယ်လေးကို အခြားရောဟဏအရပ်ဆီသို့ ပိဋကတ်စာပေများကို လေ့လာဆည်းပူးစေရန် စာသင်သွားစေခဲ့ပါတယ်။ မထေရ်မြတ်ရဲ့ညီမဖြစ်သူအနေနဲ့ သူမရဲ့သားငယ် ရှင်သာမဏေကို နှစ်ပေါင်းအတော်ကြာသည့်အထိ မတွေ့ဖြစ်ခဲ့ပါဘူး။ ဒီလိုနဲ့ သာမဏေလည်း ရဟန်းအရွ



www.burmeseclassic.com

www.burmeseclassic.com



မယ့်အရွယ်ထိ ကြီးပြင်းလာခဲ့ပါတယ်။ အရွယ်ရောက်လာတဲ့ သာမဏေကို ရောဟဏဒေသမှာရှိကြတဲ့ ဆရာ မထေရ်မြတ်တွေက ဦးလေးဖြစ်သူ အရှင်ကောရဏ္ဍကမထေရ်မြတ်ကို ပင့်ဖိတ်ပြီး သာမဏေရဟန်းခံရမယ်အရွယ် ရောက်နေပြီးဖြစ်ကြောင်း အကြောင်းကြားခဲ့ပါတယ်။

သာမဏေရဲ့ ဦးလေးရောက်ရှိလာပြီဆိုရင်ပဲ သူ့ဦးလေးနဲ့တကွ ရောဟဏဒေသမှာရှိနေကြတဲ့ သာမဏေရဲ့ ဆရာအရှင်မြတ်တွေက "ဉတ္တိစတုတ္ထကမ္မဝါ"ကို ရွတ်ဖတ်ချီးမြှင့်ပေးပြီး ရဟန်းခံပေးလိုက်ကြပါတယ်။ ရဟန်းခံပွဲဆိုပေမယ့် ဒီခေတ်လို ပစ္စည်းလေးပါး ဒါယကာ၊ ဒါယိကာမတွေ ဘာမှမပါပါဘူး။ ရဟန်းခံပြီးပြီဆိုတာနဲ့ သိမ်ဆွမ်းလောင်းလှူဖို့ အသင့်စောင့်ဆိုင်းနေကြတဲ့သူတွေလည်း တစ်ဦးတစ်ယောက်မှ မရှိပါဘူး။

သူ့ဦးလေး ကောရဏ္ဍမထေရ်မြတ်က၊ ဥပဇ္ဈာယ်ဆရာအဖြစ်တာဝန်ယူပြီး၊ အခြားရဟန်းသုံးပါးက၊ ကမ္မဝါစာ ရွတ်ဖတ်ပေးပါတယ်။ ဒီလောက်ပါပဲ။ သာမဏေမှာ ရဟန်းမခံထိုက်တဲ့ အပြစ်ကြီး၊ အပြစ်ငယ် ရှိ၊မရှိဆိုတာကိုတော့ သူ့ကိုစာသင်ပေးခဲ့တဲ့ ဆရာမထေရ်မြတ်က မေးမြန်းစိစစ်ပေးခဲ့ပါတယ်။ ဘာမှ သိပ်ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနား မလုပ်ခဲ့ပါဘူး။





ကိုယ်ပိုင်သပိတ်၊ သင်္ကန်း ဆိုတာကလည်း သာမဏေမှာ အရင်ကတည်းက ရှိနေခဲ့ပြီးသားမို့လို့ ဘာမှ တမင်တကာ လိုက်လံရှာဖွေနေစရာ မလိုပါဘူး။ ဒီလိုနဲ့ သာမဏေဟာ ရဟန်းအဖြစ်သို့ ရောက်ရှိခဲ့ပါတယ်။ ရဟန်းငယ်ရဲ့မယ်တော်ဖြစ်သူမှာ ငါးနှစ်သားအရွယ်လောက်ကတည်းက ခွဲခွာသွားခဲ့ရတဲ့ သူ့မသား ရဟန်းတော်လေးကို သိပ်ပြီး မြင်တွေ့ချင်စိတ်တွေ အားကြီးလာပါတယ်။ ရောဟဏဒေသသို့ သူ့မရဲ့သားကို ရင်ပေါက်စလေး၊ စာသွားပြီး သင်ကြားနေတာရယ်၊ နောက်ပြီး ရဟန်းခံရမယ့် အရွယ်ရောက်လာလို့ သူ့မရဲ့သားလေး ရဟန်းဖြစ်သွားပြီဆိုတာတို့လောက်သာ သူ့မ အနေနဲ့ ကြားသိခွင့်ရခဲ့တာပါ။ ဒါကြောင့် သူ့မရဲ့အစ်ကိုဖြစ်သူ အရှင်ကောရဏ္ဍကမထေရ်မြတ်ကို သူ့မရဲ့ သားရဟန်းငယ်လေးရှိရာ ရောဟဏအရပ်ဒေသဆီသို့ သွားရောက်ပြီး ပင့်ဆောင်ပေးဖို့ရန်" တဖွဖွ ပူဆာနေပါတယ်။

ဒီတော့ မထေရ်မြတ်က "ကောင်းပြီ နှမငယ်၊ သင့်သားရဟန်းငယ်လေးကို ငါကိုယ်တိုင် ရောဟဏဒေသသို့သွားပြီး ခေါ်လာခဲ့ပါ့မယ်"လို့ ကတိစကားပေးပြီး ထွက်ခွာလာခဲ့ပါတယ်။ ဖြစ်ချင်တော့ မထေရ်မြတ်ရောဟဏအရပ်ဒေသသို့ မရောက်သေးမီ၊ လမ်းခရီးတစ်ဝက်မှာပင် မိခင်နေကောင်း၊ မကောင်း



www.burmeseclassic.com

www.burmeseclassic.com



သိချင်လှတာမို့ မိမိမွေးရပ်ဒေသသို့ ပြန်ကြွလာခဲ့တဲ့ တူတော်မောင် ရဟန်းငယ်လေးနဲ့ လမ်းမှာ ဆုံဆည်းမိကြပါပေတယ်။ ဦးလေးဖြစ်သူ မထေရ်မြတ်က·····"ငါ့ရှင် သင့်မိခင်က သင့်ကို အရမ်းတွေ့လိုလှတာမို့ မကြာခဏပင့်ပေးဖို့ ပူဆာနေပါတယ်။ သင်ကလည်း ပြန်လာတာဆိုတော့ သင့်ကို မြင်တွေ့ခွင့်ရရှာတဲ့ မိဘတွေကတော့ အတော်ကို ပျော်ရွှင်ဝမ်းသာသွားကြမှာပါပဲ။

"ဒီတစ်ဝါတော့ သင့်ရဲ့မိဘတွေကိုငဲ့ကွက်ပြီး သင့်မွေးဖွားရာ အရပ်ဒေသမှာပဲ ဝါဆိုပေးလိုက်ပါ ငါကတော့ ငါ့သူငယ်ချင်းတွေရှိရာ ရောဟဏအရပ်ဒေသမှာပဲ ဝါဆိုလိုက်တော့မယ်။" လို့ ဆိုပြီး ခရီး ဆက်လက်ထွက်ခွာလာခဲ့ပါတယ်။ ရဟန်းငယ်လေးလည်း ဝါဆိုဝါကပ်ရမယ့်နေ့မှာပင် သူ့မိဘတွေ ဆောက်လုပ်လှူဒါန်းထားတဲ့ကျောင်းကို ရောက်သွားခဲ့ပါတယ်။ အာဂန္တုကဧည့်သည်ရဟန်းတစ်ပါး မိမိတို့ ဆောက်လုပ်လှူဒါန်းထားတဲ့ကျောင်းပေါ်ကို ရောက်ရှိနေပါတယ်ဆိုတဲ့ သတင်းစကားကြောင့် ကျောင်းဒကာ မိဘနှစ်ပါးဖြစ်တဲ့ ကျောင်းဒါယကာ၊ ဒါယိကာမတို့နှစ်ဦးစလုံး ကျောင်းကို သွားရောက်ခဲ့ကြပါတယ်။ မိဘနှစ်ပါးစလုံးသား ရဟန်းငယ်လေးကို ရှေ့မှာ မြင်တွေ့ခွင့်ရနေပေမယ့် မမှတ်မိခဲ့ကြပါဘူး။ မိမိတို့သားရဟန်းငယ်လေးနဲ့ အသက်အရွယ်တူတဲ့





အာဂန္တုက ရဟန်းတော်လေးတစ်ပါးအဖြစ်သို့သာ ထင်မှတ်မိခဲ့ကြပါတယ်။

ဒါနဲ့ မိမိတို့ ဆောက်လုပ်လှူဒါန်းထားတဲ့ ကျောင်းပေါ်မှာ ရောက်ရှိနေပြီဆိုတော့ "အိမ်မှာ နေ့စဉ်နေ့တိုင်း ဆွမ်းစားကြွဖို့ရန် ပင့်လျှောက်ပြီး ပြန်လာခဲ့ကြပါတယ်။

နောက်တစ်နေ့ အိမ်မှာ ဆွမ်းစားပြီး တရားနာတဲ့အထိ မိသားစုဝင်တွေအားလုံးက အသက်အရွယ်နဲ့ ရုပ်ရည်အဆင်းရောပါ သူတို့သားနဲ့ အင်မတန်တူတဲ့ အာဂန္တုကရဟန်းတော်လေးအဖြစ် ထင်မှတ်နေခဲ့ပါတယ်။ ဒီလိုနဲ့ တစ်ဝါတွင်းလုံး ကျောင်းဒါယကာ၊ ဒါယိကာမတွေဖြစ်တဲ့ မိဘအိမ်မှာပဲ ဆွမ်းစားပြီး၊သူတို့နဲ့ ထိုက်သင့်သလောက် သင့်တင့်လျှောက်ပတ်မယ့် တရားဓမ္မများကို ဟောကြားခဲ့ပါတယ်။ ဒီအထိ မသိခဲ့ကြသေးပါဘူး။ ဝါကျွတ်တဲ့အခါ ကျန်ရှိနေသေးတဲ့ အထက်တန်း ပိဋကတ်စာပေများကို ဆက်လက်ပြီး သင်ယူလေ့လာရဦးမှာမို့ ရောဟဏအရပ်ဒေသသို့ ပြန်လည်ကြွသွားတော့မှာဖြစ်ကြောင်း သူတို့ကို သွားရောက်အသိပေး ပြောကြားခဲ့ပါတယ်။

ကျောင်းဒါယကာ၊ ဒါယိကာမတွေဖြစ်တဲ့ မိဘနှစ်ပါးက လည်း လမ်းခရီးအတွက် စားသောက်ဘုဉ်းပေးသုံးဆောင်ဖို့ရာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အဝတ်သင်္ကန်းပိတ်စကို လှူဒါန်းလိုက်ကာ၊ နောက်နောင်လည်းပဲ ဒီအရပ်ဒေသသို့ ဒါယကာ၊ ဒါယိကာမအရင်းတွေအဖြစ် မှတ်ယူပြီး အိမ်ကို ဝင်ပါထွက်ပါလို့ လျှောက်ထားလိုက်ပါတယ်။ ရဟန်းငယ်ကလည်း ရောဟဏအရပ်ဒေသသို့အသွား ဦးလေးဖြစ်သူ မထေရ်မြတ်ကလည်း ဒီဒေသသို့ပြန်အလာ လမ်းခရီးမှာ ထပ်မံပြီး ဆုံဆည်းခဲ့ကြပါတယ်။ ဒီအခါ ရဟန်းငယ်က ဒီတစ်ဝါတွင်းလုံး မိဘတွေ ဆောက်လုပ်လှူဒါန်းထားတဲ့ကျောင်းမှာ သီတင်းသုံးနေထိုင်ခဲ့ပြီး၊ တစ်ဝါတွင်းလုံး မိဘအိမ်မှာပဲ ဆွမ်းစားခဲ့ပြီး တရားဟောကြားခဲ့ပုံတွေကို အစအဆုံး လျှောက်ထားသမှုပြုလိုက်ပါပေတယ်။

မိဘတို့က သူ့အတွက် သင်္ကန်းချုပ်ဖို့ရာ လှူဒါန်းခဲ့တဲ့ သင်္ကန်းပိတ်စကိုလည်း ဦးလေးဖြစ်သူ မထေရ်မြတ်အား တစ်ဖန်ပြန်လှူဒါန်းပြီး ရောဟဏဒေသသို့ ပြန်လာခဲ့ပါတယ်။ ကောရဏ္ဍကမထေရ်မြတ် ရွာကိုပြန်ရောက်လာတဲ့အခါ မထေရ်ရဲ့ညီမက၊ သူ့မရဲ့သားရဟန်းလေး ပြန်ပါမလာတာတွေ့ရတော့ ကွယ်လွန်များသွားရှာရောလားအထင်နဲ့ ဝမ်းနည်းပက်လက် အသည်းအသန် ငိုကြွေးခဲ့ပါတယ်။ ဒီအခါ မထေရ်မြတ်က........ "ဒီနှစ် သင်တို့ဆောက်လုပ်လှူဒါန်းတဲ့ကျောင်းမှာ





သီတင်းသုံးပြီး တစ်ဝါတွင်းလုံး သင်တို့ရဲ့အိမ်မှာ ဆွမ်းစားတရားဟောသွားခဲ့တဲ့ ဦးပဉ္စင်းငယ်လေးကို အမှတ်မရကြတော့ဘူးလား" "မကြာသေးခင်ကမှ ပြန်ကြွသွားတဲ့ အဲဒီဦးပဉ္စင်းလေးကိုတော့ တပည့်တော်တို့ သတိရသေးပါတယ်။ ဒါနဲ့ အဲဒီ ဦးပဉ္စင်းလေးနဲ့ တပည့်တော်မတို့ရဲ့ သားဦးပဉ္စင်းနဲ့ ဘယ်လိုပတ်သက်နေလို့လဲဘုရား" "အေး... အဲဒီပြန်ကြွသွားတဲ့ ဦးပဉ္စင်းလေးဟာ တခြားဟုတ်ရိုးလားကွယ်။ သင်တို့ တွေ့ချင်မြင်ချင်လှပါတယ်ဆိုပြီး တစ်စာစာပူဆာ၊ တမ်းတနေတဲ့ သင်တို့ရဲ့သားလေးပါပဲ။"

"အို.. အလို..ဘုရား..ဘုရား" အံ့သြဖွယ်ပါလား ဘုရား။ မြတ်စွာဘုရားက ဒီလိုဦးပဉ္စင်းမျိုးကို သက်သေပြုပြီး "ရထဝိနီတသုတ္တန်၊ နာဠကသုတ္တန်၊ တုဝဋ္ဋကသုတ္တန်၊ မဟာအရိယသုတ္တန်" တို့ကို ဟောကြားခဲ့တယ် ထင်ပါရဲ့ဘုရား။ မိမိ မိဘတွေဆောက်လုပ်လှူဒါန်းထားတဲ့ ကျောင်းမှာနေပြီး မိဘတို့အိမ်မှာ နေ့စဉ်ဆွမ်းစား တရားဟောကြားနေပါလျက် ကျွန်ုပ်က သင်တို့ရဲ့သားဖြစ်ကြောင်း အရိပ်အယောင်မျှတောင် မပြောဆိုခဲ့ပါလား တကယ့် အံ့သြဖွယ် ဦးပဉ္စင်းမျိုးပါတကာ"လို့ ဆိုပြီး သားတရားရှင် ရဟန်းဦးပဉ္စင်းလေး ပြန်ကြွသွားရာအရပ်ကို အကြိမ်ကြိမ်ဦးချနေပါတော့တယ်။ ဒီလိုရဟန်းမျိုးကြတော့ ပစ္စည်းလေးပါး မဆိုထားပါနဲ့ မိမိ မိဘနဲ့ပတ်သတ်ပြီးတော့တောင် "ကုလပဠိဗောဓ"မဖြစ်ဘဲ လွတ်မြောက်တော်မူကြပါတယ်။ လွတ်မြောက်



www.burmeseclassic.com

www.burmeseclassic.com



သောသူဆိုတာ ဒီလိုမျိုးဖြစ်နေသင့်တယ်လေ။

၃။ "လာဘပလိဗောဓ" = ပစ္စည်းလေးပါးတို့၌သာယာခင်တွယ်နေမှု။ ဘုန်းကံကြီးမားပြီး ထင်ရှားကျော်ကြားတဲ့ ရဟန်းတော်များမှာ ရောက်လေရာရာ အရပ်ဒေသတိုင်းလိုလိုမှာ ပစ္စည်းလေးပါးတို့ဖြင့် ဝိုင်းဝန်းထောက်ပံ့ လှူဒါန်းကြတာမို့ ဒါတွေကို နှစ်မွှန်းသာယာနေပါက တရားအားထုတ်ကြဖို့ အခွင့်မရအောင် ဖြစ်နေတတ်ပါတယ်။ ဘုန်းကံကြီးမား ထင်ရှားနေပါက ဒါယကာ၊ ဒါယိကာမတို့ ပင့်ဖိတ်ရာသို့ ကြွနေရတာတစ်မျိုး၊ သူတို့ကို တရားဟောနေကြရတာက တစ်ဖုံ၊ ဧည့်ခံစကားပြောနေရတာက တစ်သွယ် စသည်ဖြင့် သတိမထားနိုင်ကြရင် လမ်းဆုံးသွားနိုင်ပါတယ်။ ဒီလိုအခြေအနေမျိုးမှာ မိမိဘက်က ရဟန်းကိစ္စ မပြီးမြောက်ကြသေးဘူးဆိုရင် ထို"လာဘပလိဗောဓ" မဖြစ်ရလေအောင် တော်ရာသို့ တစ်ပါးတည်းကြွသွား၍ ကမ္မဋ္ဌာန်းတရားအားထုတ်ဖို့ ပြင်ဆင်သင့်ပါတယ်။ ဒီလို "လာဘပလိဗောဓ"နဲ့ ပတ်သက်ပြီး ကင်းအောင်နေထိုင်သွားတဲ့ စံပြမထေရ်တွေပိဋကတ်တော်မှာ မြောက်များစွာ လာရှိပါတယ်။ ဒါတွေကို သာဓကအဖြစ် အတုယူပြီး မိမိအနေနဲ့ "လာဘပလိဗောဓ" မဖြစ်အောင် ကြိုးစားသင့်လှပါပေတယ်။

၄။ "ဂဏပလိဗောဓ" = သုတ္တန်ဆောင်ဂိုဏ်း၊ အဘိဓမ္မာဆောင်ဂိုဏ်း။ ယခုအခါ၌ ရွှေကျင်ဂိုဏ်း၊ သုဓမ္မာဂိုဏ်း စသည်ဖြင့် ဂိုဏ်းဂဏအပေါ်မှာ လွန်လွန်ကျူးကျူး စွဲလမ်းခင်တွယ်နေမှု။ ဒီလို ဂိုဏ်းဂဏနဲ့ပတ်သက်ပြီး တွယ်တာလွန်းအားကြီးတာ





ဟာလည်း ကမ္မဋ္ဌာန်းတရားအားထုတ်ဖို့ရာအတွက် အနှောင့်အယှက်ဖြစ်စေပါတယ်။ မိမိအနေနဲ့ ပိဋကတ်ရေးရာမှာ တစ်ဖက်ကမ်းမြောက် တတ်ကျွမ်းသူတစ်ဦးဆိုရင် သာသနာတော်တိုးတက်ပြန့်ပွားဖို့ရာအတွက် မိမိနဲ့နွယ်ရာ ဂိုဏ်းဂဏ ရေရှည်တည့်တန့်နိုင်ဖို့အတွက် စာပေတွေကို တစ်ဖန်ပြန်လည်ပို့ချပေးရမယ့် တာဝန်က ရှိနေပါသေးတယ်။ သို့ကြား။ မိမိအနေနဲ့ ရဟန်းကိစ္စ မပြီးမြောက်ကြသေးဘူးဆိုရင် လူ့ဘဝနေထိုင်ခွင့်ရတဲ့ အသက်ခန္ဓာဆိုတာ "ရေပွက်ပမာ"လို့ အဆိုရှိထားတာမို့ ကမ္မဋ္ဌာန်း အားထုတ်ဖို့ရာလည်း ကြိုးစားရပါမယ်။ မေ့မေ့လျော့လျော့ မနေသင့်ပါဘူး။

ရှေးတုန်းက ဆရာတော်ကြီးတွေဟာ သူတို့ တတ်သိနားလည်ထားတဲ့ ပိဋကတ်စာပေတွေကို အတတ်နိုင်ဆုံး ကြိုးစားပြီးပို့ချတော်မူခဲ့ကြပါတယ်။ ဒါပေမယ့် မိမိအသက်အရွယ် အတော်ကိုကြီးရင့်လာကြပြီးဆိုရင် မိမိနေရာကို အမွေဆက်ခံနိုင်စွမ်းရှိတဲ့ တပည့်တစ်ဦးဦးကို လွှဲအပ်ပြီး ဂိုဏ်းဂဏအစွဲပြုတ်စေမယ့် တောတောင်နေရာတစ်ခုခုကို ရှာဖွေပြီး ကမ္မဋ္ဌာန်းဘာဝနာတရားကို အားထုတ်ကြလေ့ရှိပြီး ဘဝကို လှလှပပအဆုံးသတ်လေ့ရှိကြကြောင်း မှတ်သားရဖူးပါတယ်။

၅။ "ကမ္မပလိဗောဓ" = နဝကမ္မအမှုသစ်ဖြစ်သည့် ပုဗ္ဗာဒိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ပြုဖွယ် ဟူသမျှတွေသာ များပြားနေမှု။ ဥပမာ- ကျောင်းကန်ကိစ္စကို မိမိအနေနဲ့ ဦးစီးနေရပြီဆိုကြပါစို့။ ကိုယ်တိုင်ငွေ မကိုင်ရသော်လည်း လက်သမားတွေ ကြိုးစားပမ်းစားရော လုပ်သလား။ သူတို့ လုပ်အားခရော ပုံမှန်ရကြရဲ့လား။ ကျောင်းဆောက်ဖို့အတွက် လိုအပ်ကြတဲ့ ပစ္စည်းပစ္စယတွေဝယ်ရနဲ့ အလုပ်ကိစ္စတွေ များပြားရှုပ်ထွေးနေတာနဲ့ တရားအားထုတ်ဖြစ်ဖို့ရာ မလွယ်ကူတော့ပါဘူး။ ဒီတော့ သံဃိကပိုင် ကျောင်းကန်ပစ္စည်းဖြစ်လျှင် ပြုလုပ်နိုင်စွမ်းရှိတဲ့ ဝန်ဆောင်အဖွဲ့အစည်းတစ်ခုခုအားဖြစ်စေ လွှဲအပ်တာဝန်ယူစေရပါမယ်။ မိမိကိုယ်ပိုင်ဥစ္စာဖြစ်လျှင်တောင်မှ သံဃာကို စွန့်လှူထားခဲ့ပြီး ''ကမ္မပလိဗောဓ'' မဖြစ်အောင် ကြိုးစားပြီး ကမ္မဋ္ဌာန်းတရားကို အားထုတ်ရပါမယ်တဲ့။

၆။ ''အဒ္ဓါနပလိဗော'' = ယောဂီအလုပ်ဖြစ်တဲ့ တရားအလုပ်အားမထုတ်ဘဲ ဟိုဟိုဒီဒီ သွားလာလည်ပတ်မှု များခြင်း။ တချို့က ဘာရယ်လို့ မဟုတ်ပါဘူး။ အကြောင်းကိစ္စမရှိဘဲ ခရီးဆက်သွားလိုကြတာပါ။ အလုပ်ကိစ္စရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခရီးသွားလိုတဲ့ ဝါသနာပါကြပါတယ်။ တောထဲမှာ တရားအားထုတ်နေပေမယ့်လည်းပဲ ခရီးသွားလိုတဲ့စိတ်ကို ဖျောက်ဖျက်နိုင်ခဲ





သည့်အထိပါပဲ။ ဒါကြောင့် အကြောင်းကိစ္စရှိတာကလွဲပြီး ကြိုးကြိုးစားစား ကမ္မဋ္ဌာန်းဘာဝနာတရားအား ထုတ်ကြခြင်းဖြင့် ''အဒ္ဓါနပလိဗောဓ'' ကင်းအောင် မဖြစ်အောင် နေထိုင်ကြရမယ်လို့ ဆိုလိုတာပါ။

၇။ ''ဉာတိပလိဗောဓ'' = ဆရာ၊ တပည့်၊ မိဘ၊ ညီအစ်ကို၊ မောင်နှမ စသည်တို့အပေါ်၌ လွန်လွန်ကျူးကျူး ခင်တွယ်နေမှု။ မိမိရဲ့ ဘိုးဘွား၊ မိဘ၊ ညီအစ်ကို၊ မောင်နှမ၊ ဆရာ၊ တပည့် စတာတွေလည်း ''ဉာတိပလိဗောဓ'' ထိုက်ပါတယ်။ အဲဒီပုဂ္ဂိုလ်တွေ ကျန်းကျန်းမာမာရှိနေကြလျှင်တော့ ကိစ္စမရှိ ပြဿနာ မရှိပါဘူး။ သူတို့ မကျန်းမမာဖြစ်နေကြလျှင်တော့ ကြောင့်ကြစရာပါပဲ။ သူတို့ နေကောင်းလာကြတဲ့အထိ သူတို့ရဲ့ ဝေယျာဝစ္စတွေ ပြုစုလုပ်ကျွေးဖို့ရာ မိမိမှာ တာဝန်ရှိပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဝိသုဒ္ဓိမဂ်ကျမ်းအလိုမှာ အောက်ပါအတိုင်း ဖွင့်ဆိုပါတယ်။

''ဥပဇ္ဈာယ်ဆရာ မိဘ မကျန်းမမာဖြစ်နေကြလျှင် တစ်သက်လုံး လုပ်ကျွေးသမှုပြုရမည်။ နိဿရည်းဆရာ၊ တပည့်၊ စာသင်ဆရာ စသည်တို့ မကျန်းမမာဖြစ်နေကြလျှင် မိမိကဖြစ်စေ၊ သူတို့ကဖြစ်စေ တစ်ဦးကိုတစ်ဦး မှီနေသမျှ ကာလပတ်လုံး လုပ်ကျွေးသမှုပြုရမည်။ မိဘတို့သည် မင်းစည်းစိမ်၌ တည်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှင်ဘုရင်ကြီး ဖြစ်နေပါသော်လည်း သူတို့က လိုလိုလားလား တောင်းတနေသမျှ ကာလပတ်လုံး ပြုစုလုပ်ကျွေးရမည်သာ တည်း''တဲ့။

နောက်ပြီး မိဘတို့အား ဆေးမရှိလျှင် မိမိကိုယ်ပိုင်ဆေးကို ပေးရမည်။ မရှိလျှင် ဆွမ်းခံနည်းဖြင့် ရှာ၍ပေးရမည်။ ညီအစ်ကို မောင်နှမ စသည်တို့အား သူတို့ပိုင်ဆိုင်တဲ့ဆေးကိုသာ မိမိက ဖော်စပ်ပေးရမည်။ သူတို့မှာ ဆေးမရှိလျှင် မိမိကိုယ်ပိုင်ဆေးကို ခေတ္တချေးငှားသောသဘောမျိုးနဲ့သာ ပေးရမည်။ နောင်အခါ သူတို့အနေနဲ့ အစားသသောမျိုး ပြန်လျှိုလျှင်ယူရမည်။ မလျှိုလျှင် တော့ မိမိက ပြန်ပြီးမတောင်းကောင်းပါဘူး။ ဆေးကုတာနဲ့ ပတ်သက်ပြီး အမျိုးတော်တဲ့သူတွေမှသာ ဆေးကုပေးရမယ်တဲ့။ ဆွေမျိုးမတော်စပ်သူကို ဆေးကုမပေးကောင်းပါဘူးတဲ့။ သာသနာ့ ဝန်ထမ်း ရှင်ရဟန်းတွေအတွက် ဒီလိုမျိုး ''ဉာတိပလိဗောဓ'' ကိစ္စမျိုးတွေနဲ့သာ အချိန်ကုန်ပြီး တရားအားမထုတ်ဖြစ်ခဲ့ကြလျှင် မိမိအတွက် သာသနာနဲ့ ကြုံဆုံရကျိုး၊ ရဟန်းပြုရကျိုးမနပ်ပေဘူး လို့ ဆိုရမှာပဲ။ သို့ကလို အခြေအနေတွေနဲ့ ကြုံတွေ့ရစေကာမူ အတတ်နိုင်ဆုံးကြိုးစားပြီး တရားအလုပ်ကို အားထုတ်ပါမယ်။

၈။ ''အာဗာဓပလိဗောဓ''= မိမိရဲ့ ကိုယ်ခန္ဓာတွင် နှိပ်စက်





ညှင်းပန်းစေတတ်သော အနာရောဂါဟူသမျှတို့၌ ဖောက်ပြန်တတ်သော ရုပ်ခန္ဓာသဘောအဖြစ် မရှုမမြင်နိုင်ဘဲ အမှတ်သညာကင်းစွာ တရားလက်လွှတ် နေထိုင်လေ့ရှိခြင်း။ ရုပ်ခန္ဓာဆိုတာ ရရှိလာခဲ့ကြပြီဆိုကတည်းက တစ်နေ့နေ့တစ်ချိန်ချိန်မှာ အနာရောဂါ ဝေဒနာ တစ်ခုမဟုတ်တစ်ခု ဖြစ်ပေါ်လာကြရမှာ ဓမ္မတာပါ။ ဒါကိုပျောက်ကင်းသွားသည့်အထိ ဆေးကုရပါမယ်။ မပျောက်ကင်းနိုင်သော နာတာရှည်ရောဂါ ဝေဒနာဖြစ်နေလျှင်လည်း တရားဓမ္မသဘောနဲ့ ဖြေသိမ့်နိုင်အောင် ကြိုးစားရပါမယ်။ ဒီလို အခြေအနေမျိုးမှာ… ''ငါဟာ သင့်ရဲ့ ကျေးကျွန်မဟုတ်ပါဘူး။ အနမတဂ္ဂသံသရာတစ်လျှောက်လုံး သင့်ကိုသာ ပြုစုလုပ်ကျွေးခဲ့ရခြင်းဖြင့် ဘဝသံသရာဝဋ်ဆင်းရဲဒုက္ခသို့ အဖန်ဖန် ကျင်လည်ခဲ့ရပေါင်းများလှပေပြီ''ဆိုပြီး မိမိကိုယ်ကို ကဲ့ရဲ့၍ ရဟန်းတရားကို ကြိုးကြိုးစားစား အားထုတ်ရမည်။ ဒါမှသာ မိမိကိုယ်ခန္ဓာမှာ အနာရောဂါဝေဒနာတွေ ဖြစ်ပေါ်လာကြရပြီဆိုရင် ''အာဗာဓပလိဗောဓ'' မထိုက်မှာ ဖြစ်ပါတယ်။

၉။ ''ဂန္ထပလိဗောဓ'' = ပရိယတ်စာပေတော့ သင်ကြားပြီး ကိုယ်တိုင် တရားအားမထုတ်ပါပဲ။ ရွတ်ဖတ်သရဇ္ဈာယ်ခြင်းကို လှည့်လည်ဟောကြားခြင်းကိစ္စတို့၌သာ ကြောင့်ကြ စိုက်အား



www.burmeseclassic.com

www.burmeseclassic.com



ထုတ်မှု များပြားနေခြင်း။

ဒါကတော့ ပိဋကတ်စာပေတွေသင်ကြားပြီး ကိုယ်တိုင်ကိုယ်ကျ လက်တွေ့တရားအားမထုတ်ဘဲ သူတစ်ပါးတို့ကို ဟောပြောမှု နောက်ပြီး ရွတ်ဖတ်သရဇ္ဈာယ်ရုံသက်သက်မျှသာ အချိန်တွေကို မိမိအတွက် အသုံးမချဘဲ ကုန်လွန်စေတာကို ပြောတာပါ။' တစ်ခါတုန်းက ပိဋကတ်စာပေတွေအရာမှာ တစ်ဖက်ကမ်းထိအောင် တတ်ကျွမ်းထားတော်မူတဲ့ မဟာမေ့ရက္ခိတမထေရ်ဆိုပြီး ကျော်ကြားထင်ရှားတဲ့ မထေရ်တစ်ပါး ရှိပါတယ်။ ဂင်္ဂါမြစ်တစ်ဖက်ကမ်းမှာ တစ်ပါးတည်းနေထိုင် သီတင်းသုံး နေခဲ့ပါတယ်။

အခြားဒေသတစ်ခုမှာလည်း မည်သည့် ဆရာတစ်ဦးတစ်ယောက်ထံမှာမှ တပည့်အဖြစ်ခံယူခြင်း မရှိဘဲ ကိုယ်တိုင်ပိဋကတ်စာပေတွေကို စာအုပ်ထဲမှာပါတဲ့အတိုင်း လေ့လာသင်ယူပြီး တတ်မြောက်လာတဲ့ "အဘယမထေရ်" ဆိုတာ တစ်ပါးရှိပါတယ်။ ပိဋကတ်စာပေ တတ်မြောက်ကျွမ်းကျင်မှုကို အစွဲပြုပြီး သူ့ကို "တိပိဋကစူဠာဘယ" မထေရ်ဆိုပြီး ခေါ်ဆိုကြပါသေးတယ်။ တစ်နေ့တော့ သူဟာ မည်သည့်ဆရာထံမှာမှ နည်းမခံဘဲ ပိဋကတ်သုံးပုံကို အာဂုံပြန်ဆိုတော့မယ်လို့ဆိုပြီး "ရွှေစည်ကြီးကို တီးခတ်လိုက်ပါလေတော့တယ်။ အဲဒီအခါ သံဃာတော်တွေက





ပါဠိ၊ အဋ္ဌကထာတွေကို ဆရာထံမှာ နည်းမခံခဲ့တဲ့သူကို စာပြန်ဆိုခွင့် မပေးနိုင်ဘူးလို့ဆိုပြီး ဝိုင်းဝန်းတားမြစ်ကြပါတယ်။

ဒါပေမယ့် "အဘယ"မထေရ် ရဟန်းခံခဲ့စဉ်တုန်းက ဥပဇ္ဈာယ်ဆရာ ဖြစ်ခဲ့ဖူးတဲ့သူက သူ့ကို ငါကိုယ်တိုင် မေးကြည့်ချင်တယ်။ အဲဒီ အခွင့်အရေးတစ်ရပ်ကိုတော့ သူ့ကို ပေးလိုက်ကြပါလို့ဆိုပြီး သံဃာတော်များအား တောင်းပန်လိုက်ပါတယ်။

"ငါ့ရှင် အဘယမထေရ် ဒီမေးခွန်းပြဿနာတွေကို ဆရာ့ဆရာ အစဉ်အဆက်တို့ ဘယ်လိုဖွင့်ဆိုခဲ့ပါသလဲ" လို့ ဆိုပြီး မေးခွန်းတစ်ခု စပြီးမေးမြန်းလိုက်ပါတယ်။ ဒီအခါ "အဘယမထေရ်မြတ်က ဟုတ်တိုင်းမှန်းစွာ ပြန်လျှောက်ထားလိုက်ပေမယ့် သူ့ရဲ့ ဥပဇ္ဈာယ်ဆရာက "ဟင်"လို့ဆိုပြီး တားမြစ်လိုက်ပါတယ်။ တစ်ဖန် နောက်ထပ်နည်းတစ်မျိုးနဲ့ လျှောက်ထားဖြေဆိုနိုင်သော်လည်း "ဟင်ဟင်ဟင်"လို့ဆိုပြီး သုံးကြိမ်သုံးခါတိုင်တိုင် လက်ပြကာ တားမြစ်လိုက်ပါတယ်။ ပြီးမှ သူ့ကို . . .

"ငါ့ရှင် အဘယမထေရ်မြတ် ပထမသင်ဖြေဆိုခဲ့တဲ့စကားမှာ ဆရာ့ဆရာအစဉ်အဆက်တို့ ယူဆဖြေဆိုတဲ့အတိုင်း မှန်ပါတယ်။

ဆရာထံမှသင်နည်းမယူခဲ့လို့သာ နောက်တစ်မျိုးထပ်ပြီး အမှားတွေကို ဖြေဆိုလိုက်ခြင်းဖြစ်ပါတယ်။ လောကမှာ ဆရာ



www.burmeseclassic.com

www.burmeseclassic.com



သမားကောင်းထံမှာ တပည့်အဖြစ် ခံယူခွင့်ရကြတာလောက် ဘုန်းကျက်သရေ တိုးတက်တာ မရှိပါဘူး။ ငါ့ရှင် အဘယမထေရ်မြတ်၊ သွားပါလော့။ ဂင်္ဂါမြစ်ရဲ့တစ်ဖက်ကမ်းမှာ မဟာဓမ္မရက္ခိတ မထေရ်ဆိုတာ ရှိပါတယ်။ သူ့ထံမှာ တပည့်အဖြစ်ခံယူပြီး စာသွားသင်ချေပါဦးလော့''ဟု ဆိုပြီး တိုက်တွန်းလိုက်တာကြောင့် အဘယမထေရ်လည်း သွားရောက်ခဲ့ပါတယ်။ အဲဒီကိုရောက်သွားတဲ့အခါ မဟာဓမ္မရက္ခိတ… မထေရ်က…

''ငါ့ရှင် အဘယ, ငါ စာမကြည့်ဖြစ်ခဲ့သည်မှာ နှစ်ပေါင်း သုံးဆယ် ရှိသွားပါပြီ။ ညအခါလာပြီး ငါ့ထံမှာ စာပေရွတ်ဆိုလော့, နေ့အခါ အဲဒီအဓိပ္ပာယ်တွေ ပြောပြပေးပါ့မယ်''လို့ ပြောကြားလိုက်ပါတယ်။ ဒီလိုနည်းနဲ့ စာပေကျမ်းဂန်တွေ သင်ယူလိုက်တော့ ပိဋကတ်သင်ရိုးဆုံးခန်းသွားတဲ့အထိပါပဲ။ တပည့်ဖြစ်သူ အဘယမထေရ်မြတ်လည်းပဲ စာဝါလိုက်ရင်း သောတာပန်တည်တဲ့ အရိယာတစ်ဦး ဖြစ်သွားခဲ့ပါတယ်။ ပိဋကတ် စာပေတွေ အပြီးအဆုံးတိုင် သင်ပေးပြီးပြီဆိုတော့ ဆရာဖြစ်သူ မဟာဓမ္မ ရက္ခိတမထေရ်မြတ်က…

''ငါ့ရှင် အဘယမထေရ်မြတ်, သင်က စာပေတွေတတ်မြောက် ကျွမ်းကျင်သွားပြီဆိုတော့ သင့်အရပ်ဒေသသို့ မပြန်သွား





မီ ငါ့ကို ကမ္မဋ္ဌာန်းတရား ဟောကြားခဲ့ပါလော့''လို့ လျှောက်ထားလိုက်ပါတယ်။ အဘယမထေရ်လည်း သူ့ဆရာကို ကမ္မဋ္ဌာန်းတရား ဟောကြားခဲ့ပြီး ပြန်လာခဲ့ပါတယ်။ သူပြန်သွားပြီးလို့ မကြာခင်မှာပင် ဆရာဖြစ်သူ မဟာဓမ္မရက္ခိတမထေရ်မြတ် ပရိနိဗ္ဗာန်ဝင်စံသွားပြီးဆိုတဲ့ သတင်းစကားကို ကြားသိခဲ့ရပါတယ်။ ဒီအခါ အဘယမထေရ်မြတ်က အခြားရဟန်းတော်များအား ငါ့ရှင်တို့ ငါတို့ရဲ့ဆရာ မဟာဓမ္မရက္ခိတမထေရ်မြတ်ဟာ အရဟတ္တမဂ်, အရဟတ္တဖိုလ်တရားနဲ့ အလွန်ထိုက်တန်သူ တစ်ဦးပါပဲ။ တကယ့်ကို အာဇာနည်ပုဂ္ဂိုလ်ထူးပဲ ဖြစ်ပါတယ်။ မိမိရဲ့ တပည့်တစ်ဦး ဖြစ်တဲ့ ငါ့ကိုတောင်မှ ကမ္မဋ္ဌာန်းတရား ဟောကြားခဲ့ပါလို့ တောင်းပန်တော်မူဖူးပါတယ်လို့ ပြောကြားလျှောက်ထားလိုက်ပါတယ်။ မဟာဓမ္မရက္ခိတမထေရ်လို သူမျိုးကြတော့ ပိဋကတ်စာပေတွေ မည်မျှပင် တတ်ကျွမ်းနေပါသော်လည်း အဲဒါတွေနဲ့ ပတ်သက်ပြီးတော့ ''ဂန္ထပလိဗောဓ''ဖြစ်မှာ မဟုတ်တော့ပါဘူး။

၁၀။ ''ဣဒ္ဓိပလိဗောဓ'' သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်လိုသူသည် ဝိပဿနာတရား ပွားများပြီး လောကီ, အဘိညာဉ်, တန်ခိုးဣဒ္ဓိပါတ်တွေအပေါ်မှာ တွယ်တာကပ်ငြိခြင်း မရှိဘဲပါယ်ဖြတ်နိုင်ရပါမယ်။ အမှန်စင်စစ်, လောကီအဘိညာဉ်



www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးဣဒ္ဓိပါတ်တွေဆိုတာ အင်မတန် နုနယ်လှပေတဲ့ ပျိုးပင်ငယ်လေးတွေနဲ့ တူလှပါတယ်။ ထိခိုက်ပျက်စီး ပျောက်ပျက်လွယ်ပါတယ်။ ဒီနေရာမှာ သမာဓိအရမ်းအားနည်းနေလို့ ပွားများလိုတဲ့သူတွေအတွက်ပြောတာ မဟုတ်ကြောင်း သိစေချင်ပါတယ်။ လောကီဈာန်, အဘိညာဉ်, တန်ခိုးဣဒ္ဓိပါတ် စတာတွေမှာ ဝိပဿနာလမ်းစဉ်အတွက် မကပ်ငြိတွယ်သင့်တဲ့ ''ဣဒ္ဓိပလိဗောဓ'' ဖြစ်ပေမယ့် သမာဓိလမ်းစဉ်အတွက်တော့ ဣဒ္ဓိပလိဗောဓ မဖြစ်ပါဘူး။ ရဟန်းဆိုတာ ဒီလို ပလိဗောဓဆယ်ပါးကို သိပြီး ပယ်သတ်နိုင်မှသာ လွတ်မြောက်သောသူဖြစ်ပြီး ရဟန်းပြုရကျိုးနပ်မှာပါ။ အထက်မှာတင်ပြခဲ့ပြီးတဲ့ ရဋ္ဌပါလရဟန်းတော်လေးကတော့ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ ဓမ္မုပဒေသလေးပါးတရားကို နာကြားခွင့်ရပြီးတဲ့နောက် မိဘ, ဆွေမျိုး, ဇနီးမယားတွေက တားဆီးနေကြတဲ့ကြားက ခက်ခက်ခဲခဲကို ရဟန်းပြုခွင့် ရလာခဲ့ပါတယ်။

ရဟန်းဘဝဆိုတာကို စည်းစိမ်ဥစ္စာ, အပေါင်းအသင်း, ဇနီးမယား, ဆွေမျိုးဉာတကာတွေထက်ပင် ပိုပြီး သူ မြတ်နိုးလေးစားတန်ဖိုးထားပါတယ်။ သာသနာ့ဘောင်ဝင်ပြီး ရဟန်းပြုတယ်ဆိုတာ မြင့်မြတ်တဲ့ တရားဓမ္မတွေကို ပိုင်ဆိုင်ခွင့်ရပြီး





လွတ်မြောက်သော သူဖြစ်ချင်လို့ပါပဲ။ လွတ်မြောက်သောသူဖြစ်ချင်ကြရင် ''ပလိဗောဓ''ဆယ်ပါးတို့အပေါ်၌ ကပ်ငြိတွယ်တာမှု ကင်းရပါမယ်။ ဒါကြောင့်ပင် အရှင်ရဋ္ဌပါလမထေရ်မြတ်ဟာ တစ်တောဝင်, တစ်တောထွက် ဒေသစာရီကြွချီရင်း တရားဓမ္မကို ရအောင်ကြိုးစားအားထုတ်ခဲ့တာပါ။ ဒါဟာ ''အာဝါသပလိဗောဓ'' မဖြစ်အောင် ကျင့်ဆောင်နေခြင်းပဲ ဖြစ်ပါတယ်။ နောက်ပြီး ''ကုလ, လာဘ, ဂဏ, ကမ္မ, အဒ္ဓါန, ဉာတိ, အာဗာဓ, ဂန္ထ, ဣဒ္ဓိပလိဗောဓ''တွေနဲ့လည်း ကင်းအောင်နေထိုင်ခဲ့ပါတယ်။ ''အရှင်ရဋ္ဌပါလမထေရ်မြတ်'' ''ပလိဗောဓ'' ဖြစ်,မဖြစ်ဆိုတာ အထက်မှာ တင်ပြခဲ့ပြီးတဲ့ သူ့ရဲ့ရှာပြန်ခရီးစဉ်ကိုကြည့်ပြီး ဆုံးဖြတ်လို့ရပါတယ်။ သူဟာ ရဟန်းမြတ်တွေမှာ ရှိသင့်ရှိထိုက်တဲ့ ဓမ္မခွန်အားတွေ အပြည့်အဝရှိတဲ့သူပါ။ သူဟာ မွေးဖွားရာ ဇာတိရွာကို ပြန်ရောက်လာတာတောင်မှ, မိဘဆိုတဲ့ စိတ်နဲ့ ဆွမ်းခံကြွခဲ့သူ မဟုတ်ပါဘူး။ ဒီလို ဆွမ်းခံကြွရင်း လမ်းကြုံလို့ မိဘအိမ်ကို ဆွမ်းခံကြွရာ ဖခင်ဖြစ်သူရဲ့ ဆဲဆိုကြိမ်းဝါးလွှတ်ခြင်းကို ခံခဲ့ရပါတယ်။ ဒီအချိန် အစေခံမလေးတစ်ယောက်ကလည်း မနေ့ညက ကျန်ရှိတဲ့ ထမင်းအသိုးအပုပ်တွေကို စွန့်ပစ်ဖို့ရန် ထွက်လာခဲ့ပါတယ်။ ဒါကို ရဋ္ဌပါလ ရဟန်းတော်



www.burmeseclassic.com

www.burmeseclassic.com



လေးက ''နမငယ် အမှိုက်ပုံကို သွားရောက်စွန့်ပစ်မယ့် ထမင်းအသိုးအပုပ်တွေကို ငါ့သပိတ်ထဲကို လောင်းလှူလိုက်ပါလော့။ သင့်အား ပစ္စုပ္ပန်သံသရာ နှစ်ဖြာသော ကောင်းကျိုးတွေပေးလတ္တံ့''လို့ မိန့်တော်မူလိုက်ပါတယ်။ အစေခံမလေးကလည်း ''ဒီအသံကို ငါကြားဖူးပါတယ်''ဆိုတဲ့ အတွေးနဲ့ မျက်နှာကိုမော့ပြီး သေချာကြည့်လိုက်မိသောအခါ သူမရဲ့ အရှင်သခင်သူဌေးလေးရဋ္ဌပါလဖြစ်နေမှန်း မှတ်မိသွားပါတော့တယ်။

ရဋ္ဌပါလရဟန်းတော်လေးလည်း နေ့ဆွမ်းအတွက် ဘုဉ်းပေးသုံးဆောင်ဖို့ရာ လောက်ငသွားပြီဖြစ်သောကြောင့် သူ ခေတ္တခဏသီတင်းသုံးရာ ရွာအပြင်က ဇရပ်ဆီကို ပြန်လည်ကြွသွားခဲ့ပါတော့တယ်။

မိဘနှစ်ပါးလည်း အစေခံမလေးက သူတို့ရဲ့သားလေး ဒီရွာကို ပြန်ရောက်နေပြီလို့ သတင်းပေးပြောကြားလိုက်တော့ သူတို့ရဲ့သား ရဟန်းတော်လေးရှိရာ ရွာအပြင်ဇရပ်ဆီကို အသည်းအသန် လိုက်လာခဲ့ပါတယ်။ သူတို့ရဲ့ သားရဟန်းတော်လေး ဘုဉ်းပေးနေတဲ့ ရွံ့ဖွယ်လိလိ ဆွမ်းအာဟာရတွေကိုကြည့်ပြီး အတော်ကို စိတ်မကောင်းဖြစ်သွားရရှာပါတယ်။

''ဖြစ်မှာဖြစ်ရလေ သားလေးရယ်။ သားက ဒီလိုမျိုးစား





သောက်နေထိုင်ရမယ့် ဘဝအခြေအနေမျိုးမှ မွေးဖွားလာခဲ့တဲ့သူမဟုတ်ပါဘူး။ သူဌေးသားက သူ့အိမ်က အစေခံတွေ မစားချင်လို့စွန့်ပစ်ရတဲ့ အစားအစာကိုမှ စားရတယ်လို့ လူကြားလို့မှမကောင်းပါဘူး။ ချစ်သား, ကြွပါလော့။ အဖေနဲ့အိမ်ကို လိုက်ခဲ့ပါ။ ကိုယ့်မိဘအိမ်ပဲ အချိန်မရွေးဝင် ထွက်သွားလာနိုင်ပါတယ်။ အဖေတို့ အမေတို့ ပိုင်ဆိုင်သမျှ စီးပွားဥစ္စာတွေမှန်သမျှ ချစ်သားပစ္စည်းတွေချည်းပါပဲ မဟုတ်ပါလား''

''ရှိပါစေတော့ ဒကာကြီး ဒီနေ့ ဦးပဉ္စင်းအတွက် ဆွမ်းကိစ္စပြည့်စုံသွားပါပြီ''

အို.....

ဟင်....

အလို... အံ့သြဖွယ်ရာပါလား ချစ်သားရယ်။ ဆိုပြီး နှုတ်ဆိတ် အသံတိတ်သွားရှာတဲ့ ဖခင်ဖြစ်သူကို ပစ္စည်း, ပစ္စယသင်္ခါရတရားတွေရဲ့ မတည်မြဲကြပုံတွေကိုအကြောင်း အကျိုးပြပြီး မိန့်ကြား တရားဟောတော်မူလိုက်ပါတယ်။ နောက်တစ်နေ့ မိဘနှစ်ပါးစလုံးက လူထွက်ဖို့ရာ ပုံစံအမျိုးမျိုးနဲ့ ဖြားယောင်းပြီးကြိုးစားခဲ့ကြပေမယ့် သူတို့ မအောင်မြင်ခဲ့ကြပါဘူး။ မထေရ်သည်သာ အောင်ပွဲရခဲ့ပါတယ်။ အရှင်ရဋ္ဌပါလမထေရ်မြတ်တို့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



လို တရားအသိမြင့်မားလှတဲ့သူတွေကြတော့ “မိဘနှစ်ပါးသည် ပင်” “ကုလပလိဗောဓ” မဖြစ်တော့တဲ့အထိ လွတ်မြောက်သော သူတွေဖြစ်ကြပါပေတယ်။

ဒါကြောင့် အဝိဇ္ဇာ, တဏှာ, မာန, လောဘ, ဒေါသ, မောဟတရားတို့ အစဉ်အမြဲ ဖုံးလွှမ်းနေကြတဲ့ ဒီသတ္တလောကကြီးမှာ ကိုယ့်အတွက်ကျန်အောင် သံသရာရိက္ခာထုပ်များကို ရနိုင်သလောက် ထုတ်ယူကြပြီး ဒီထက်ပိုမို့စွမ်းနိုင်ကြလျှင် လွတ်မြောက်သောသူတွေဖြစ်ကြဖို့ တရားဓမ္မဖြင့် နေထိုင်သွားကြစေလိုကြောင်း ဆန္ဒမွန်နဲ့ နှိုးဆော်တိုက်တွန်းသမှု ပြုလိုက်ပါပေသတည်း။ ။

ဝဏ္ဏသီရိ (မှန်တော)



BURMESE CLASSIC .com



## စာရေးသူရဲ့အမှာလွှာ

စားရေးသူအနေနဲ့ ဒီစိတ်အင်အားဖြည့်ဓမ္မရသစာစုလေးကို ရေး သားရခြင်းရဲ့ရည်ရွယ်ချက်မှာ နယ်ပယ်အသီးသီးက မိမိတို့နဲ့ သက်ဆိုင် လျှက်ရှိကြတဲ့လုပ်ကိစ္စတွေလုပ်ကိုင်နေကြရပြီး စိတ်ရှုပ်ထွေးမွန်းကြပ်နေကြရတဲ့သူတွေအတွက် ရည်ရွယ်ပြီးစိတ်ဖိစီးမှုလျော့ပါးကင်းဝေး ကြပါစေဆိုတဲ့ဆန္ဒနဲ့ရေးသားလိုက်ရခြင်းပဲဖြစ်ပါတယ်။ လုံးဝအရှင်း၊ အပြီးဆုံးတိုင်ဖိစီးမှုမကင်းဝေး၊ မလျော့ပါးကြသည်တိုင်မှဒီစိတ်အင်အား ဖြည့်ဓမ္မရစာစုလေးတွေဟာစာဖတ်ကြသူတွေအတွက်“အုပ်တစ်ချပ် သဲတစ်ပွင့် ” အဖြစ်တစ်ဖက်တစ်လမ်းက အထောက်အကူပြုပေး နိုင်တယ်ဆိုရင်ပဲစားရေးသူအနေနဲ့ ကျေနပ်လှပါပြီ။

ဒီစာအုပ်နဲ့ပတ်သက်ပြီးစားရေးသူဝန်ခံချင်တာက စာရေးသူအနေနဲ့ ငယ်စဉ်ကစပြီး စာရေးစာဖတ်ရတာကို အတော်လေးဝါသနာပါပါတယ်။ စာပေမျိုးစုံကိုဖတ်ဖြစ်ခဲ့ပါတယ်။ မိမိဖတ်ဖြစ်ခဲ့တဲ့စာအုပ် တွေမှကောင်းနိုးရာရာတွေကိုလည်း ကိုယ်ပိုင်မှတ်စုစာအုပ်ထဲမှာရေးမှတ်၊ တေးမှတ်ထားလေ့ရှိပါတယ်။ ဒီတော့မိမိလေးစားနှစ်သက် သဘောကျခဲ့တဲ့ စာပေပညာရှင်များရဲ့ အတွေးအခေါ် အယူအဆတစ်ချို့ကို ယူပြီး မိမိရဲ့အတွေးအမြင်သဘောကလေးတွေနဲ့ပေါင်းစပ်ကာ ဒီစာ အုပ်ကလေး အဖြစ်မွေးဖွားလိုက်ရခြင်းပဲဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီစာအုပ်ဖြစ်ပေါ်လာရခြင်းနဲ့ပတ်သက်ပြီး ကျေးဇူးတင်ထိုက်တဲ့သူကတော့ စာရေးသူရဲ့ကြားဆရာ၊ သင်ဆရာတွေအပြင်၊ ဝါရင့်၊သမ္မာရင့် စာပေပညာရှင်တွေပဲဖြစ်ပါတယ်။ နောက်ပြီး ကျေးဇူးတင်ထိုက်တဲ့သူတွေထဲမှာ စာရေးသူရဲ့မိခင်ဒေါ်ခင်သန်းလည်း ပါပါတယ်။ စာရေးသူကို သာသနာ့ဘောင်ထဲမှာ စာရေးနေပြီး သာသနာ့တာဝန်တွေကို တစိုက်မတ်မတ်ထမ်း ဆောင်စေချင်တဲ့ စာရေးသူရဲ့မိခင်ကြီး ဒေါ်ခင်သန်းရဲ့ ဆန္ဒတွေကြောင့် ဒီလိုရေး သားနိုင်ရခြင်းပဲဖြစ်ပါတယ်။

ဒီစာအုပ်ဟာ စာဖတ်ပရိသတ်တွေအတွက်အရမ်းလေးနက်ပြီးကြီးကျယ်ခမ်းနားတဲ့စာအုပ်တစ်အုပ် မဟုတ်တာကတော့ သေချာပါတယ်။ စာရေးသူအနေနဲ့ဒီစာအုပ်ကိုရေးသားလိုက်ရခြင်းမှာ၊ဗုဒ္ဓဘာသာဝင်တွေအတွက်ဘာသာရေးဘောင်ထဲကလွတ်ထွက်မသွားစေဘဲ အပြစ်ကင်းစွာနေထိုင်သွားကြစေလိုတဲ့ ဘဝနေနည်းလမ်းညွှန်အဖြစ် အထောက်အကူပေးစေလိုတဲ့ ဆန္ဒတွေအပြင်စိတ်ဓာတ်ခွန်အားသစ်တွေသွန်းလောင်းစေပြီးရှေ့သို့ချီတက်ကြစေချင်တဲ့သဘောရိုးနဲ့ရေးသားလိုက်ရခြင်းပဲဖြစ်ပါတယ်။

စာရေးသူတို့ဗုဒ္ဓဘာသာဝင်တွေ အတွက်သူတော်ကောင်းဓာတ်ခံအပြည့်နဲ့ အမြဲတမ်းနိုးနိုးကြားကြားရှိနေကြဖို့လိုအပ်ပါတယ်။ ဒါကြောင့်မြတ်စွာဘုရားရှင်က "အပ္ပမာဒေနသမ္ပာဒေထ" မမေ့မလျော့တဲ့သတိတရားနဲ့ပြည့်စုံအောင် နေထိုင်ကြ လို့ဆိုပြီး





နောက်ဆုံးပရိနိဗ္ဗာန်ပြုခါနီးအချိန်အထိမိန့်ကြားတော်မူသွားရခြင်းပဲဖြစ်ပါတယ်။ ဒီစိတ်အင်အားဖြည့်ဓမ္မရသစာစုလေးကို ဖတ်မိကြရတဲ့သူတိုင်း ဘဝအမောတွေပြေပြီး၊စိတ်ဖိစီးမှုတွေလျော့ပါးကြပါစေ။ ။

ဝဏ္ဏသိရီ(မှန်တော)



BURMESE CLASSIC .com

www.burmeseclassic.com